www.burmeseclassic.com

ဗျူး

# လရောင်ကိုမျှော်ငေး ငိုကြွေးနေတဲ့ ငှက်တစ်ကောင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဗျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း။
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြံသော့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဇော်ဝိုင်
အတွင်းဖလင်
ကိုဇင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဗျူး
လရောင်ကိုမျှော်ငေးငိုကြွေးနေတဲ့ငှက်တစ်ကောင်
ဗျူးစာပေ၊ ၂၀၁၇။
၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) လရောင်ကိုမျှော်ငေးငိုကြွေးနေတဲ့ငှက်တစ်ကောင်

ဗျူး

# လရောင်ကိုမျှော်ငေး ငိုကြွေးနေတဲ့ငှက်တစ်ကောင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

လရောင်ကိုမျှော်ငေး ငိုကြွေးနေတဲ့ငှက်တစ်ကောင် ဝတ္ထုခေါင်းစည်းအား အသုံးပြုခွင့်ပေးသော ကဗျာဆရာမ ခင်လေး (မန္တလေး) အား အထူးကျေးဇူးတင်ပါသည်။

ဖျူး

BURMESE CLASSIC

## အခန်း (၁)

"သူခိုး သူခိုး ဖမ်းထားကြပါဗျို့၊ အရှေ့က ပြေးသွားတဲ့ကောင်လေးက သူခိုးလေးပါ"

ကြည့်လိုက်တော့ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ကောင်လေးတစ်ယောက်က ရှေ့မှပြေးနေသည်။ အနောက်မှ အသက်လေးဆယ်ခန့် လူကြီးတစ်ဦး ထိုကောင်လေးနောက်သို့ ဒရောသောပါး ပြေးလိုက်ရင်း ပါးစပ်မှလည်း လမ်းသွားလမ်းလာ လူအချို့ကို လှမ်း၍ အကူအညီ တောင်းနေသေး၏။

"မောင်နိုင် ကားရပ်စမ်း၊ ကားအမြန်ရပ်စမ်း"

သူဌေးကြီး ဦးမင်းသစ်၏အမိန့်ပေးသံကြောင့် ဦးနိုင်ဇော်ကားကို ခပ်မှန်မှန် မောင်းနေရာမှ လမ်းဘေးတစ်နေရာသို့ချ၍ ရပ်လိုက်သည်။

"ဘာဝယ်စရာရှိလို့လဲ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုက ပြေးလာတဲ့ကလေးကိုကြည့်စမ်း၊ အနောက်က လူတစ်ယောက်ကလည်း အတင်းပြေးလိုက်နေတယ်"

ဦးမင်းသစ် ညွှန်ပြရာသို့ ဦးခိုင်ဇော် ကိုယ်ကို ဘေးသို့စောင်း၍ သမင်လည်ပြန် ကြည့်လိုက်သည်။

"အဲဒီလူဆီက တစ်ခုခုယူပြေးလာတာ ထင်တယ် အစ်ကိုကြီး"

"အေး အနောက်က လူက သူခိုးလို့အော်ပြီး ပြေးလိုက်နေတယ်"

ဦးမင်းသစ် တွေးတွေးဆဆဖြင့် အကဲခတ်နေရင်းမှ

"ဒီကလေးပုံစံက သူခိုးရုပ်မပေါက်ဘူး"

ဦးမင်းသစ် စကားကြောင့် ဦးခိုင်ဇော် မပွင့်တပွင့်ပြုံးလိုက်သည်။ အစ်ကိုကြီး ဘာကိုအတွေးပေါက်သွား၍ ကိုယ်နှင့်ဘာမှမဆိုင်သော တစ်ပါးသူ၏အရုပ်ထုပ်ကို ဝင်၍စူးစမ်းနေသလဲဆိုတာ ဦးခိုင်ဇော်ပင် မတွေးတတ်တော့။

"ကျွန်တော် သဘောမပေါက်ဘူး အစ်ကိုကြီး၊ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တက ရုပ်ကိုကြည့်ပြီး အကဲဖြတ်လို့မှ မရတာ"

"အေး မင်းပြောတာ မှန်တယ် မောင်ခိုင်၊ ဒါပေမဲ့ ဒီကလေးရဲ့မျက်နှာပေါ်က အရိပ်တွေကိုတော့ မင်း မတွေ့မိလိုက်ဘူး မဟုတ်လား"

ဦးမင်းသစ် ထိုသို့ အကဲခတ် ဝေဖန်နေစဉ်မှာပင် ထိုကောင်လေး သူ့လက်ထဲမှ ငှက်ပျောသီးတစ်ဖီးကို လွှတ်ထွက်မတတ် ပိုက်ကာ ကားဘေးမှ အရှိန်ဖြင့် ဖြတ်ပြေးသွားသည်။ ကောင်လေး၏နောက်ကျော





ပြင်ကို ငေးကြည့်ရင်း မျက်ခုံးနှစ်ဖက် စုကျုံ့လိုက်ပြီး တစ်စုံတစ်ခုကို လေးနက်စွာ တွေးလိုက်ပုံရသည်။

"ဒီကလေး မျက်နှာပေါ်မှာ သူတစ်ပါးပစ္စည်းကို ရယူလိုတဲ့ လောဘရိပ်တွေ အပြည့်မရှိဘူး၊ သူ့မျက်နှာပေါ်မှာရှိနေတာက စိုးရိမ်ပူပန်နေတဲ့အရိပ်တွေ ဝမ်းနည်းကြေကွဲရိပ်တွေက အများဆုံးလွှမ်းမိုးနေတယ်၊ သူ့မျက်လုံးမှာ မျက်ရည်တွေ ဝဲနေတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် သူ့မှာ ကြီးမားတဲ့သောကတစ်ခုခုတော့ ရှိကိုရှိနေရမယ်"

ထိုမျှထိ စေ့စပ်သေချာလွန်းသော ဆရာကြီး၏လူ့ကဲခတ်ကောင်းပုံကို ဦးခိုင်ဇော် ဘာတစ်ခုမှတောင် စောဒက မတက်ဝံ့တော့။

"အဲဒီကလေးနောက်ကို အမီလိုက်စမ်း"

ဦးခိုင်ဇော် အမိန့်နာခံစွာဖြင့် ကားကို ဆက်မောင်းလာခဲ့လိုက်သည်။ တဖြည်းဖြည်းနှင့်ကောင်လေးနောက်မှ ပြေးလိုက်နေသော လူကို ဗိုလာသည်။

"ဟေ့ သူခိုး မပြေးနဲ့၊ မင်းတော့လား မိရင် အရေခွံကိုဆုတ်ပစ်မယ်"

အနောက်မှ ငှက်ပျောသီးသည် ဖြစ်ဟန်တူသော လူကြီးက ပြောလည်းပြော၊ လိုက်လည်းလိုက်။ ကားကတဖြည်းဖြည်းနှင့် သူတို့နှစ်ဦးကို ကျော်တက်သွားသည်။

"မောင်ခိုင် ကားရပ်ပြီး အဲဒီကလေးကို ရှေ့ကပိတ်ပြီး ဖမ်းလိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ''

ဒီတစ်ခါလည်း ဦးနိုင်ဇော် ကားမောင်းရင်း မျက်လုံးပြူးသွားကာ နောက်ကြည့်မှန်မှတဆင့် ဦးမင်းသစ်ကို နားမလည်စွာ ကြည့်လိုက်သည်။

''အစ်ကိုကြီး သနားပါတယ်ဗျာ၊ ဒီကလေးမိရင် လွယ်မယ့်မုံ မပေါ်ဘူး''

ဦးနိုင်ဇော် ကောင်လေးကို သနားမိ၍ စောဒက တက်ကြည့်လိုက်၏။

''မရှည်နဲ့ ဆင်းပြီးဖမ်းဆို ဖမ်းလိုက်''

''ဟုတ် ဟုတ်ကဲ့''

ဦးနိုင်ဇော် အထွန့်မတက်ရဲတော့။ ကားကိုရပ်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ဦးမင်းသစ်ပါ နောက်ခန်းတံခါးကို ဖွင့်၍ဆင်းလိုက်သည်။ ဦးနိုင်ဇော် ကောင်လေးကို ရှေ့မှပိတ်ရပ်ပြီး အမိအရ ဖမ်းလိုက်သည်။

''မဖမ်းပါနဲ့ ဦးဦး ကျွန်တော် သူခိုးမဟုတ်ပါဘူး မဖမ်းပါနဲ့''

''မိပြီ သူခိုးဂျပိုး ဂျလေပီကောင် မိပြီ''

အနောက်မှ ပြေးလိုက်နေသော လူကြီးမှာ မောဟိုက်နေသည် လေသံဖြင့် ဦးနိုင်ဇော်၏ဖမ်းထားသော ကောင်လေးဆီသို့ စားတော့ ဝါးတော့မတတ်သော အကြည့်ရိုင်းရိုင်းကြီးဖြင့် ချဉ်းကပ်လာ၏။ ထို ကောင်လေးမှာ ဦးနိုင်ဇော်လက်ထဲမှ သူ့အင်အားရှိသလောက်လေး ရု





အောင်ရုန်းရင်း တောင်းပန်တိုးလျှိုးရှာသည်။

ထိုလူကြီး ငှက်ပျောသီးဖီးကို ဖျတ်ခနဲ ပြန်လုရင်း ကောင်လေး၏ဖက်ပိုးကို ရိုက်ရန် သူ့လက်ကို မြှောက်လိုက်သည်။

''ဟေ့လူ ရပ်စမ်း''

ဦးမင်းသစ် ကလေးကိုရိုက်မည့်စိုး၍ အချိန်မီ လှမ်းတားလိုက်သည်။ အမိန့်သံဆန်သော ဦးမင်းသစ်အသံကြောင့် ရိုက်ရန်ရွယ်သော လက်အစုံမှာ လေထဲတွင် တန်းလန်းဖြစ်နေပြီး ဦးမင်းသစ်ကို လှည့်ကြည့်၏။

''ကလေးကို အဲဒီလို အကြမ်းဖက်နည်းသုံးပြီး မဖြေရှင်းပါနဲ့''

''သူက ကျုပ်ငှက်ပျောသီး ခိုးသွားတာ''

''အဲဒီ ငှက်ပျောသီးတစ်ဖီး ဘယ်လောက်တန်သလဲ''

''ထောင့်ငါးရာ''

''ကောင်းပြီ ကျုပ် ဝယ်မယ်၊ မောင်နိုင် ထုတ်ပေးလိုက်စမ်း''

''ဟုတ် ဟုတ်ကဲ့ အစ်ကိုကြီး''

ဦးနိုင်ဇော် သူ့အင်္ကျီအိတ်ကပ်ထဲမှ တစ်ထောင်တန်တစ်ရွက်နှင့်ငါးရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ ကောင်လေးမျက်ရည်စက်လက်နှင့် မျက်လုံးအဝိုင်းသား မော့ကြည့်နေ၏။ ငှက်ပျောသီးသည် လူကြီး၏ရန်က ငြိမ်းသွား၍ စိတ်အေးပုံလည်း ရသွားသည်။ ငှက်ပျောသီးသည်ကြီးအနားမှ ထွက်သွားတော့မှ ဦးမင်းသစ် ကောင်လေး၏ ရှေ့မှာရပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ဘယ်လိုခေါ်လဲ"

"လရောင်ထိန်ပါ"

"ဘာကြောင့် သူများငှက်ပျောသီးကို ခိုးယူပြီး ထွက်ပြေးလာရတာလဲ"

ဦးမင်းသစ် အမေးကို လရောင်ထိန် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မဝံ့မရဲ မော့ကြည့်ရှာ၏။

"ကျွန်တော့်အဘိုးကို ကျွေးချင်လို့ပါ"

ထိုကောင်လေး လိမ်ပြောတာမဟုတ်မှန်း မျက်နှာမှာပေါ်လွင်နေသည်။ ရုပ်ရည်သန့်ပြန့်ပြီး မျက်နှာပေါ်မှာ ထူးချွန်ထက်မြက်နိုင်သည့် ကြန်အင်လက္ခဏာမျိုးက ထင်ရှားပေါ်လွင်နေ၏။ အကြောင်းကြောင်းကြောင့် ဆင်းရဲတွင်းနက်နေသော ကလေးဟု ဦးမင်းသစ် တစ်ထစ်ချ တွေးလိုက်သည်။

"မင်းအဘိုးက နေမကောင်းဖြစ်နေလို့လား"

"ဟုတ်ပါတယ် ဦးဦး အဘိုး ဘာမှမစားရတာ ငါးရက်ရှိနေပါပြီ"

ပြောရင်းဖြင့် လရောင်ထိန် အသံတွေတိမ်ဝင်ကာ တစ်ချက်ရှိုက်လိုက်သည်။ လူမမယ် ကလေးနှင့် အသက်ကြီးသူ အဘိုးအဘွားတွေ ကိုယ့်ရှေ့မှာ လောကဓံဆိုးဆိုးတွေ ခံစားနေရပြီဆိုလျှင် ဦးမင်းသစ် လျစ်လျူရှုမနေတတ်တာ ဟိုးအရင်ကတည်းကပင်။

"ကဲ မင်းအဘိုးရှိတဲ့နေရာကို ဦးတို့ လိုက်ကြည့်မယ်၊ မင်းညာနေတာဆိုရင်တော့ ငါကိုယ်တိုင် အချုပ်ထဲကို ထည့်ပစ်မယ်နော်





ကြားလား"

ဦးမင်းသစ် တမင်ပင် ခြိမ်းခြောက်လိုက်ခြင်း ဖြစ်သည်။

လရောင် ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ

"ကျွန်တော် မညာပါဘူး တကယ်ပြောတာပါ၊ မယုံရင် လိုက်ကြည့်ပါ၊ ဟိုးရှေ့နားက ဘုန်းကြီးကျောင်းရှိတဲ့လမ်းထဲမှာ ကျွန်တော့် အဘိုးရှိနေပါတယ်"

လရောင် ခေါ်ဆောင်ရာနောက်သို့ ဦးမင်းသစ် လမ်းလျှောက်၍ လိုက်ခဲ့သည်။ ဦးခိုင်ဇော်က နောက်မှ ကားကို ခပ်ဖြည်းဖြည်းမောင်း၍ လိုက်လာခဲ့၏။

အကြင်နာ ကရုဏာတရား ကြီးမားသော ဦးမင်းသစ်၏လုပ်ရပ်တိုင်းသည် အစဉ်မှန်မြဲနေသဖြင့် ဦးခိုင်ဇော် အမြဲလေးစားကြည်ညိုရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်နှင့်အညီ ဦးခိုင်ဇော်သည် ဦးမင်းသစ်၏လက်ရုံးတစ်ဆူ ဖြစ်ခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဘုန်းကြီးကျောင်းဝင်း၏ မလှမ်းမကမ်းလေးတွင် အဘိုးအို တစ်ဦး ငြိမ်သက်စွာ လဲလျောင်းနေ၏။ သူ့နံဘေးတွင် လမ်းသွားလမ်းလာ လူအချို့နှင့် ကိုရင်လေးနှစ်ပါး ဝိုင်းအုံနေကြသည်။

အဝတ်အိတ်လေးကိုခေါင်းအုံးကာ အင်အားပြတ်စွာ လဲလျောင်း နေသော အဘိုးအို၏မျက်နှာသည် သွေးမရှိသူလို ဖြူလျော်နေ၏။ အရည် တွန့်နေသော မျက်ကွင်းတို့သည် အစာအာဟာရ ပြတ်လပ်မှုကြောင့် အတွင်းသို့ပင် အတော်လေး ချိုင့်ဝင်လုနေ၏။

လရောင် အဘိုးဘေးမှာ စိုးရိမ်တကြီး ထိုင်ချလိုက်ပြီး အဘိုး ၏ လက်ပိန်ပိန်တွေကို ဆွဲကိုင်လှုပ်ရမ်းပြီး ခေါ်လိုက်သည်။

"အဘိုး အဘိုး သား အဘိုးအတွက် ငှက်ပျောသီးတွေ ယူလာ တယ်၊ ထစားပါ အဘိုး"





"ကောင်လေး မင်းအဘိုး အသက်မရှိတော့ဘူး ဆုံးပြီကွ"

"ဗျာ"

လရောင်အတွက်တော့ ထိုတဒင်္ဂသည် ကမ္ဘာပြိုသလိုပင် မှိုင်တွယ် ရာမှဲ့ကာ အရှင်လတ်လတ် အသက်ပျောက်သူလို ခံစားလိုက်ရ၏။ ပြည့်လျှံကျလာသော မျက်ရည်တို့သည် အသက်မရှိသော အဘိုးအိုပေါ်သို့ တပေါက်ပေါက် စီးကျသည်။

"အဘိုး အဘိုး သားကို တစ်ယောက်ထဲ မထားခဲ့ပါနဲ့၊ သား ကြောက်လို့ပါ၊ သားကိုပါ တစ်ခါတည်း ခေါ်သွားပါ အဘိုးရယ်"

လရောင် အဘိုးအို၏ရင်ဘတ်မှာ သူ့မျက်နှာအပ်ပြီး ပြောပြော ပြီးငိုတော့ ဘေးလူတွေပင် စိတ်ထဲမကောင်းစွာ မျက်ရည်စို့သူကစို့ သက် ပြင်းရှိုက်သူကရှိုက်နှင့်။

ဦးမင်းသစ်ပါ ရင်ထဲမှာ စိတ်မကောင်းဖြစ်မိကာ သူ့ရင်ထဲမှာပါ အလုံးကြီးဆို့နေသလို ခံစားရ၏။ အင်မတန် ယဉ်ရွယ်နုနယ်သော လူမယ် ကလေးကို ပေးပို့လိုက်သော လောကဓံသည် ရိုက်ချက်ပြင်းထန်လွန်း မနေဘူးလား။

"အဲဒီ မြေးအဘိုးက နယ်ကလေ ရန်ကုန်တက်ပြီး ဒီကောင် လေးရဲ့အမေကို တက်ရှာတယ်ဆိုလား ဘာလား မသိပါဘူး"

"ဟုတ်တယ် ဆက်သွားစရာ ခရီးစရိတ် ပြတ်သွားလို့ ဒီဇရပ် မှာ ခဏတည်းပါရစေလို့ ဆရာတော်ကြီးဆီ တက်လျှောက်ထားလို့ ဆရာ တော်ကြီးက နေခွင့်ပေးထားတာ၊ ကျောင်းက ဆွမ်းကျန်လေးတွေ ကျွေး



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အဘိုးကြီးက နေမကောင်းလို့လား မသိဘူး မစားနိုင်ရှာဘူး"

"သနားဖို့ကောင်းလိုက်တာ"

"ဒီကလေးတော့ ဒုက္ခရောက်ပါပြီ"

"ဆရာတော်ကြီး အကျိုးအကြောင်းလျှောက်ပြီး ဘုန်းကြီးကျောင်းသားပဲ လုပ်ခိုင်းတော့ပေါ့"

လရောင်တို့ မြေးအဘိုးနှစ်ယောက်ဘေးတွင် ဝိုင်းအုံနေသော လူအုပ်ကြီးထံမှ တစ်ယောက်တစ်ပေါက် အသံတွေထွက်ကာ လရောင်၏ ကံကြမ္မာကို မဆီမဆိုင် ဝင်ရေးပေးနေကြသည်။

လောကအလယ်မှာ ကူကယ်ရာမဲ့နေသော လရောင်ထိန်ဆိုသည့် ကောင်လေးကို ဦးမင်းသစ် သေချာကြည့်လိုက်သည်။ အာရုံထဲသို့ အတွေးတစ်ခုကလည်း လှစ်ခနဲဝင်လာ၏။ ထိုအတွေးသည် ယခုအချိန်မှာတော့ ကူကယ်ရာမဲ့နေသော လရောင်ထိန်ဆိုသော ကောင်လေးအတွက် အသင့်လျော်ဆုံး ဖြစ်သည်။

ကံကြမ္မာဆိုးတွေနှင့် ဘဝရေစီးကြောင်းထဲမှာ ဘုမသိဘမသိ မျောပါရတော့မည့် ထိုကလေး၏ဘဝလေး လှပသွားအောင် သူသာရေးခြယ်ပေးနိုင်ခဲ့မည်ဆိုလျှင် . . . ။

■ ■ ■



## အခန်း (၃)

"ဒယ်ဒီ သူက ဘယ်သူလဲ"

ဦးမင်းသစ်နှင့်အတူ ကားပေါ်မှဆင်းလာသော လရောင်ကို မြင်တော့ ရွှေဘုံစံ မျက်ဝန်းအဝိုင်းသားလေးနှင့် လရောင်ကို သေချာအကဲခတ်ရင်း မေး၏။

"ဒယ်ဒီတို့အိမ်မှာ ထားဖို့ ခေါ်လာတာပေါ့"

"ဟွန်း ဒီညစ်တီးညစ်စုတ် ပုံစံကြီးကို ဟုတ်လား"

မဲ့ကာရွဲ့ကာနှင့် မျက်ဝန်းအကြည့်တွေမှာ အထင်သေးခြင်း ရွံရှာခြင်းအရိပ်တွေ တိုးသိပ်နေသော မျက်နှာပေါ်မှာ မာနတွေအပြည့်။

"သြော် ရေမိုးချိုးပြီး အဝတ်အစားကောင်းကောင်းတွေ ဝတ်ပေးလိုက်ရင် သန့်သွားမှာပေါ့ သမီးရယ်"

"အို ဘာပဲဖြစ်ဖြစ် ဘုံ သူ့ကို ဒီအိမ်မှာ မထားချင်ပါဘူး"

မာနကြီးလွန်းသော စွာတေးလန်မလေးသည် သူ့ကို ဒီခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဦးဦး၏သမီးဆိုသော အသိစိတ်ကြောင့် သည်းခံခြင်းတရားတွေသည် သူ့အလိုလို လရောင်၏ရင်ထဲသို့ ဝင်ရောက်လာကြသည်။

ဦးခိုင်ဇော် လရောင်အတွက် ဝယ်လာသော အဝတ်အစားထုပ်တွေကို ကားထဲမှထုတ်ပြီး လရောင်ကို အိမ်ထဲခေါ်သွားရန် ခြေလှမ်းပြင်လိုက်သည်။ ဘုံ မျက်စိရှေ့မှာ လရောင်ကို အမြန်ခေါ်ထုတ်မှ၊ နို့မို့ဆိုလျှင် ဘုံ ပြဿနာအမျိုးမျိုးရှာပြီး ဦးမင်းသစ်ကို ဂျစ်တိုက်တော့မှာ သေချာသည်။

''လာ မောင်လရောင် မင်းနေရမယ့်နေရာကို လိုက်ပြမယ်''

ဦးခိုင်ဇော် လရောင်လက်ကိုဆွဲပြီး ၁၂ အခန်းနှင့်ဘေးချင်းကပ်လျက် အခန်းတွင် နေရာချပေးလိုက်သည်။

လရောင်သည် သူ၏ဘဝကို နတ်တစ်ပါးက ဖန်ဆင်းပေးလိုက်သလို မယုံနိုင်လောက်အောင် ပြောင်းလဲသွားသော ကွာဟမှုကြီးကြောင့် ရင်ထဲမှာ ပြောမပြနိုင်လောက်သော ခံစားမှုကြီးနှင့် ဝမ်းနည်းရှိုက်လာသည်။

အဘိုး၏ရုပ်ကလာပ်က မျက်စိထဲမှ ခုချိန်ထိ မထွက်သေး။ သနားစရာကောင်းလိုက်တာ အဘိုးရယ်ဟု စိတ်ထဲမှ အကြိမ်ကြိမ် ရေရွတ်ရင်း မျက်လုံးအိမ်မှ မျက်ရည်တို့ စီးကျလာပြန်သည်။

ဒီလို တိုက်ကြီးမျိုးမှာနေပြီး အမေ့ကိုရှာမယ်ဆိုလျှင် အဘိုးအခုလို မသေနိုင်သေး။ အဘိုးသေရတာ သူ့ကြောင့်ဖြစ်သည်။ ကိုယ့်ကိုငယ်စဉ်ကတည်းက အဘိုးလက်ထဲအပ်ပြီး မြို့တက်အလုပ်လုပ်မည်ဟု ပြောပြီး ထွက်သွားသော အမေ့ကိုရှာမည်ဟု လရောင် မပူဆာခဲ့လျှင်





အဘိုး ဒီလိုဒုက္ခမျိုးတွေကို ပိုးစိုးပက်စက် ခံစားသွားရမှာ မဟုတ်။

နောင်တတွေနှင့်အတူ ရင်ထဲမှာ လှိုက်မောလာပြီး မထွေးနိုင်အန်နိုင် ငိုချပြန်သည်။ အခန်းပြင် ပြန်ထွက်ဖို့ အခန်းဝရောက်နေသော လရောင်၏ ငိုသံကြောင့် အံ့ဩစွာ လှည့်ကြည့်ပြီး တဟီးဟီးဖြင့် ငိုချင်းချနေသော လရောင်ဆီကို ပြန်လျှောက်လာပြီး

''လရောင် ဘာဖြစ်လို့လဲ၊ တိတ်ပါကွာ မင်း ဒီလို ငိုနေရင် မင်းအဘိုးက ဘယ်လိုစိတ်ကောင်းနိုင်ပါ့မလဲ၊ မင်းသာ ငိုမငိုဘဲ ဒီအိမ်ကြီးမှာ ကောင်းကောင်းမွန်မွန်နဲ့ လိမ္မာအောင်နေမယ်ဆိုရင် မင်းအဘိုးက ဘဝတစ်လွန်ကနေ မင်းကို စိတ်ချနေမှာပါ''

''ကျွန်တော် ဒီလိုအိမ်ကြီးမှာနေရမှာကို အဘိုးက သိလို့လား၊ မြင်ရော မြင်ရလို့လား''

''မြင်ရတာပေါ့ကွာ၊ ခုဆို မင်းအဘိုး မင်းအတွက် ဘယ်လောက်ဝမ်းသာလိမ့်မလဲ၊ သူ့မြေး ချမ်းချမ်းသာသာနဲ့ နေနေရပြီဆိုပြီးတော့လေ''

''ဒါပေမဲ့ ကျွန်တော့်အမေကို ထပ်ရှာချင်သေးတယ်''

''မင်းအမေက ဒီရန်ကုန်မှာ ကျိန်းသေရှိလား''

''ရှိတာပေါ့၊ ရှိတယ်လို့လည်း အဘိုးကပြောတယ်၊ ကျွန်တော့်အမေက ကျွန်တော် ငါးနှစ်အရွယ်လောက်ကတည်းက မြို့တက်လာတာ၊ ရွာကိုတစ်ခေါက်မှ ပြန်မလာတော့ဘူး၊ ခုလည်း ရွာက ဦးလေးစိန်လှတို့ မြို့တက်ပြီး ကုန်လာဝယ်တုန်း အမေ့ကိုတွေ့လိုက်တယ်ဆိုပြီး အမေ့လိပ်စာ ယူလာပေးလို့ အဘိုးနဲ့ကျွန်တော် မြို့ကို လိုက်လာကြတာ၊ မြို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရေး အဆိုင်းတကို ဘယ်လိုရှာရမှန်းကို မသိတော့ဘူး၊ ဒီကြားထဲ အိမ်တော ပျောက်သွားတော့ ဘယ်ရှာလို့ရှာရမှန်း မသိတော့ဘူး''

လရောင် သူ့ဘဝဖြစ်စဉ်ကို ရှိုက်တစ်လှည့် ငိုတစ်လှည့်ဖြင့် ချိုကြီးလေးလို ရှင်းပြရှာ၏။

''အေးကွာ မင်းဘဝအကြောင်းကြားရတာ အန်ကယ်နိုင် စိတ်မကောင်းပါဘူး။ မင်းအမေကို အန်ကယ်နိုင်တို့ မြင်ဖူးထားရင်လည်း ကောင်းသား။ ကူရှာပေးလို့ ရတာပေါ့''

''ကျွန်တော့်မှာ အမေ့ဓာတ်ပုံ ရှိတယ်''

''ဟေ ဟုတ်လား''

လရောင် သူ့လွယ်အိတ်စုတ်လေးထဲမှာ ထည့်ထားသော ဓာတ်ပုံတစ်ပုံကို ထုတ်ပြသည်။ ဦးနိုင်ဇော် လရောင်လက်ထဲမှ ဓာတ်ပုံကို ယူကြည့်လိုက်သည်။

''မင်းအမေက မင်းနဲ့တူတာပဲ၊ ဒီဘေးက အဘိုးက မင်းရဲ့ အဘိုးမဟုတ်လား''

''ဟုတ်တယ် ရွာဦးကျောင်းကထိန်တုန်းက ရိုက်ထားတာလို့ အဘိုးကပြောတယ်၊ အဲဒီကထိန်ပြီးတာနဲ့ အမေလည်း မြို့ကိုထွက်သွားတာ အခုချိန်ထိပဲ ဆိုပါတော့''

လူကြီးလေးလို အချက်ကျကျ ရှင်းပြနေသော လရောင်ကို ဦးနိုင်ဇော် ကရုဏာသက်စွာကြည့်ပြီးသက်ပြင်းခပ်လေးလေး ချလိုက်သည်။

■ ■ ■



## အခန်း (၄)

''ဗျာ ကျွန်တော် ကျောင်းတက်ရမယ် ဟုတ်လား အန်ကယ်နိုင်''

အန်ကယ်နိုင် ပီတိမျက်နှာဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်ပြသည်။

''ဟုတ်တယ် မင်းနဲ့ဘုံနဲ့က အတန်းတူတယ်လေ၊ ဒါကြောင့် မင်း ဘုံနဲ့အတူ ကျောင်းတက်ရမယ်''

ကိုယ့်ဘဝမှာ ပညာဆက်သင်ဖို့ အိပ်မက်တောင် မမက်ရဲတော့သည့် အချိန်မှာ ကျောင်းပြန်တက်ရမည်ဆိုတော့ ရင်ထဲမှာ ဝမ်းသာလိုက်တာမှ ပြောမပြတတ်အောင်ပင်ဖြစ်သည်။

''မင်းကို အစ်ကိုကြီးက ပညာတတ်ဖြစ်အောင် ကျောင်းဆက်ထားမှာပါကွ၊ မင်းဘက်က တာဝန်ကျေရမှာက တစ်နှစ်တစ်တန်းကို အမှတ်ကောင်းကောင်းအောင်ပြီး အဆင့်မြင့်တဲ့ဘွဲ့တစ်လုံးရအောင် ကြိုးစားဖို့ပဲ''

www.burmeseclassic.com



“ကျွန်တော် ကြိုးစားမှာပါ၊ ရွာမှာဆိုရင် ကျွန်တော်က အမြဲ ပထမရတယ် အန်ကယ်ခိုင်ရ၊ အဲဒါကြောင့် ဘဘုန်းကြီးက ကျွန်တော့်ကို စာအုပ်တွေ ခဲတံတွေ အမြဲတမ်းစွန့်လို့ အဘိုးတစ်ခါမှ ဝယ်မပေးရဘူး”

လရောင် ကလေးပီပီ ကိုယ်စာတော်ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်သည်။

“နင့်လို သူခိုးတောသားက ကျောင်းတက်ဦးမယ် ဟုတ်လား။ ငါ နင့်ကို ကျောင်းပေးမထားဖို့ ဒယ်ဒီ့ကို ပြောမယ်၊ နင် ဒီအိမ်မှာ အခိုင်းအစေပဲလုပ်ရမယ် ရှင်းလား”

ဘယ်အချိန်တည်းက အနားတွင်ရောက်နေမှန်းမသိသော ရွှေဘုံစံ၏ အထက်စီးနင်းအသံကြောင့် ဦးခိုင်ဖော်နှင့်လရောင် ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။ လရောင်၏မျက်နှာပေါ်တွင် စောစောက ပျော်ရွှင်မှုတွေ ရိပ်ခနဲ ကွယ်လျှိုးသွားကာ သိမ်ငယ်ခြင်းတွေဖြင့် ညှိုးလျော်သွားသည်။

“ငါ ငါ သူခိုးမဟုတ်ပါဘူး ဘုံ၊ ငါ့အဘိုးကို ကျွေးချင်လို့ ငါ့အဘိုး အာဟာရပြတ်သေမှာစိုးလို့ ငါ မသိအောင် ယူမိရုံလေးပါ သူခိုး အစစ်မဟုတ်ပါဘူး”

“ဘုံ ဘုံလေး ဒီကိစ္စကို သမီး ဘယ်လိုသိတာလဲ”

ဦးခိုင်ဖော် ငိုမဲ့မဲ့နှင့် ရှင်းပြနေရှာသော လရောင်ကို သနားသွားသည်။ ဘုံ ဘယ်ကဘယ်လို သိသွားမှန်း သူလည်းမသိ။

“အန်ကယ်ခိုင်ရယ် ဘုံက ဒီအိမ်မှာ အပ်ကျတာကအစ သိခွင့်





ရှိတဲ့လူလေ၊ ဘုံ ဘယ်ကဘယ်လိုသိသိ အန်ကယ်ခိုင် မေးဖို့လိုလို့လား”

ဘုံ လောကမှာ ကြောက်ရမယ့်သူမရှိ။ ဒယ်ဒီ ဦးမင်းသစ်ကို တောင် ဘုံက ကြောက်ရသူမဟုတ်။ တစ်ဦးတည်းသောသမီးလေး မိခင်ဆုံး လေးဆိုပြီး အလိုလိုက်ခြင်းခံထားရတာ ဒယ်ဒီကို ကြောက်စရာ ဖခင် တစ်ယောက်ဟုပင် ဘုံက မြင်မိသူမဟုတ်ဘဲ နွဲ့ဆိုးဆိုးစရာ ဖခင်တစ် ယောက်ဟုမြင်ကာ အရာရာကို ဂျစ်တိုက်ဆိုးနွဲ့ခဲ့သူ။

“ရှင်းရှင်းပဲပြောမယ် အန်ကယ်ခိုင်၊ ဒီလို သူခိုးဂျပိုးမျိုးနဲ့ ဘုံ ဘယ်တော့မှ ကျောင်းအတူမတက်ဘူး၊ ဘုံကို သူငယ်ချင်းတွေက သူခိုးနဲ့ကျောင်းအတူတက်ရမလားဆိုပြီး အထင်သေးကြမှာပေါ့”

“လရောင်ကို ကျောင်းထားဖို့ စီစဉ်တာ အန်ကယ်ခိုင်မဟုတ် ဘူး ဘုံလေး၊ အစ်ကိုကြီး စီစဉ်တာ”

“သိတယ်လေ ဒါကြောင့် ဒယ်ဒီ့ကို ပြောရမယ်၊ သူ့ကိုကျောင်း မထားဖို့၊ ဟွန်း သူခိုးက စာတတ်စရာလိုလို့လား၊ ဒီလိုပဲ သူများပစ္စည်း ခိုးစားပေါ့၊ အဲ ငါ့ရဲ့ပစ္စည်းတွေကိုတော့ ခိုးဖို့မကြိုးစားနဲ့နော်၊ နင့်ကို ငါကိုယ်တိုင် ရဲလက်ထဲအပ်ပြီး ထောင်ချပစ်မှာ ဘာမှတ်လဲ”

အရွယ်နှင့်မလိုက်သော စကားတွေကိုပြောပြီး အနိုင်ပိုင်းကာ အခန်းဝမှာ ချာခနဲ လှည့်ထွက်သွားသည်။ လရောင် ဘုံ့နောက်ကျောပြင် ကို ခပ်ငေးငေးကြည့်ရင်း ဝေ့ဝဲနေသော မျက်ရည်ကြည်တို့ကို ပုတ်ခတ် ပုတ်ခတ် ထိန်းရင်း ငိုမဲ့မဲ့ကျန်ခဲ့၏။

“လရောင် ဘုံလေးက ဒီအိမ်ကြီးမှာ အထူးအခွင့်အရေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ထားတဲ့သူမို့လို့ မင်း သူ့ကိုတော့ သည်းခံရမယ်နော်၊ သူ့ကိုမင်း ညီမလေးလို သဘောထားရမယ်၊ သူဘာပဲလုပ်လုပ် ဘယ်လိုစကားမျိုး တွေပဲ မင်းမခံချင်အောင်ပြောပြော မင်းဘက်က ဘာတုံ့ပြန်မှုမှ မပေးရဘူး၊ သူတို့ဟာ မင်းရဲ့ကျေးဇူးရှင်တွေလို့ တစ်သက်လုံး မှတ်ထားရမယ် ကြားလား''

လရောင် မျက်နှာငယ်လေးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ

''ဟုတ်ကဲ့ အန်ကယ်ခိုင် ကျွန်တော် အန်ကယ်ခိုင့်စကားကို မှတ်ထားပါ့မယ်''

■ ■ ■



## အခန်း (၃)

''ဒယ်ဒီ့ကို စိတ်ရှုပ်အောင်မလုပ်နဲ့ သမီးဘုံ၊ ဒယ်ဒီက ဒုက္ခရောက်နေတဲ့ကလေးတစ်ယောက်ကို ကယ်တင်လိုက်တာ၊ ဒါဟာ ကောင်းတဲ့အလုပ် ဘုရားကြိုက် နတ်ကြိုက်တဲ့အပြင် သူတော်ကောင်းတွေ သာဓုခေါ်တဲ့အလုပ်မျိုး''

''ဟွန်း ဘုရားတွေ နတ်တွေ ကြိုက်ပေမယ့် ဘုံမှမကြိုက်တာ ဒယ်ဒီရာ၊ ဘုံ သူ့ကို ကြည့်မရဘူး၊ စောစောကလည်း သူ့ရွာဇနပုဒ်မှာ သူ အမြဲတမ်း ပထမရတဲ့အကြောင်း အန်ကယ်ခိုင့်ကိုကြွားနေတာ ကြွားသူနဲ့သာ ကျောင်းအတူတူတက်ရရင် ဘုံတော့ သေမှာပဲ''

ကလေးပီပီ ကလေးဆန်ဆန် ပြစ်တင်ဝေဖန်ခြင်းတွေဖြင့် နှုတ်ခမ်းစူထော်ကာ လရောင်အပေါ် အမြင်မကြည်ဖြစ်နေသော သမီးလေးကို ဘယ်လိုဖျောင်းဖျရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသစ် ဘုံခေါင်းမှ ရွှေညိုရောင် ဆံစတွေကို ကြင်နာစွာ သပ်လိုက်သည်။

"ဘုံရယ် ဒယ်ဒီ့ကို နားလည်ပါ၊ ဒယ်ဒီလေ. လရောင်ကို ဘာအကြောင်းပြချက်မှမရှိဘဲ ခုလို အိမ်ကိုခေါ်လာရတဲ့အကြောင်းအရင်းကို သမီးသိပြီး ဒယ်ဒီ့ကို သနားသွားမယ်ဆိုရင် လရောင် ကျောင်းတက်ဖို့ကိစ္စကို မကန့်ကွက်ပါနဲ့၊ အကယ်၍ ဒယ်ဒီပြောပြတဲ့အကြောင်းအရာဟာ သမီးဘုံရဲ့စိတ်ကို ဘာမှမစွဲဆောင်နိုင်ဘူး၊ ဒယ်ဒီ့ကိုသနားစိတ်လည်း မဝင်မိဘူးဆိုရင်လေ ဒယ်ဒီ သမီးဘုံရဲ့ဆန္ဒကို လိုက်လျောပြီး လရောင်ကို ကျောင်းမထားတော့ပါဘူး၊ ကဲ ဒယ်ဒီ ပြောပြမယ် နားထောင်"

ထူးဆန်းသော ဒယ်ဒီ့စကားကြောင့် ဘုံ နှုတ်ခမ်းစူထော်ကာ အနည်းငယ် လျော့သွားပြီး ဒယ်ဒီ့ထံမှ ထွက်ပေါ်လာမည့်အကြောင်းအရာကို မျက်နှာလေးမော့ကာ ငံ့လင့်နေသည်။

ဦးမင်းသစ် အတိတ်ကပုံရိပ်အချို့ ပြန်မြင်ယောင်ပြီး သက်ပြင်းခပ်ဖျော့ဖျော့ကို ချလိုက်သည်။

"တကယ်တော့ ဒယ်ဒီက ချမ်းသာတဲ့မိဘမျိုးရိုးက ပေါက်ဖွားလာတာ မဟုတ်ဘူး သမီးဘုံရဲ့၊ သမီးရဲ့ဘိုးဘိုး ဦးမင်းရောင်က ဒယ်ဒီ့အဖေအရင်းမဟုတ်ဘူး၊ တကယ်တော့ ဒယ်ဒီ့ကို အမှိုက်ပုံကကောက်ပြီး မွေးစားခဲ့တဲ့ ဒယ်ဒီရဲ့မွေးစားအဖေပေါ့"

ဦးမင်းသစ် စကားအဆုံးမှာ ဘုံရဲ့နီထွေးသော နှုတ်ခမ်းအစုံသည် အံ့ဩစိတ်ကြောင့် အနည်းငယ်ဟသွားကာ မျက်ဝန်းမှာ အံ့ဩစိတ်





ကြောင့် ဝိုင်းစက်ညိုမှောင်သွားသည်။

သူ ထင်မှတ်မထားသော စကားတွေကို ကြားလိုက်ရ၍ သိမ်ငယ်သွားမလား၊ စိတ်မကောင်းဖြစ်သွားမလား၊ ဖခင်ကို သနားကရုဏာစိတ်ဝင်သွားမလားဆိုတာ သူကိုယ်တိုင်ပင် ဝေခွဲမရ။

"သမီးရဲ့အဘိုးသာ ဒယ်ဒီ့ကို သနားပြီး ခေါ်မမွေးခဲ့ဘူးဆိုရင်လေ ဒယ်ဒီဟာ နှင်းတွေဝေ့ပြီး အအေးဓာတ်လွှမ်းကဲနေတဲ့ အဲဒီညမှာပဲ အအေးမိပြီးတော့ ခဲသေသွားမလားဆိုတာ မပြောနိုင်ဘူး၊ အဲဒီလို ဒယ်ဒီ့ဘဝဟာ အဆိုးဆုံး လောကဓံနဲ့ရင်ဆိုင်ပြီး သေသွားခဲ့မယ်ဆိုရင်လေ သမီးဘုံရော အခုလို လူ့လောကထဲကို ဝင်လာနိုင်မလားကွယ်၊ သမီးဘုံ စဉ်းစားကြည့်ပါ"

ဘုံ ခပ်တွေတွေလေး ငြိမ်နေ၏။ ဘုံမှာ ဒယ်ဒီနှင့်ပြိုင်ပြောရမည့်စကားလုံး ထူးထူးဆန်းဆန်းတွေ မရှိ။ ရင်ထဲမှာ ဒယ်ဒီ့ကို သနားမိသလို သိမ်ငယ်ခြင်းတွေလည်း ဖြစ်ပေါ်မလာ။ ဒါတွေဟာ ဘုံမမွေးခင်က ဖြစ်ခဲ့တဲ့ဒယ်ဒီရဲ့ အတိတ်တစ်ခုပဲ။ ဘုံနဲ့မှ ဘာမှမဆိုင်တာ ဘုံရင်ထဲမှာ လရောင်ကို ကြည့်မရတဲ့စိတ်ကိုတော့ ဘယ်လိုမှ ဖျောက်၍မရတာတော့ အသေအချာပင်ဖြစ်သည်။

ဒါပေမဲ့ ဒယ်ဒီ့စကားအတိုင်း ဘုံ ဒယ်ဒီ့ကို သနားမိသွားသည့်အတွက် လရောင်ကို ကျောင်းထားဖို့ ကန့်ကွက်ခွင့် ဆုံးရှုံးခဲ့ရသည်။

ဒယ်ဒီဟာ အမှိုက်ပုံက ကောက်ရတဲ့ကလေးဆိုတဲ့ အတိတ်ဆိုးကြီးကို ဘယ်သူမှမသိအောင်တော့ ဘုံ အတတ်နိုင်ဆုံး လျှို့ဝှက်ထားကွယ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရှာသဲ၊ အတူသာဖြင့် လရောင်ကိုပေါ့။

ဘုံတာ သူ့ကိုရာသက်ပန် အနိုင်ယူဖို့ ယောင်းချထားတဲ့သူ မဟုတ်

[illegible]

■ ■ ■



## အခန်း (၆)

လရောင် ဒီနေ့ ကျောင်းစတက်ရသောနေ့ဖြစ်သည်။ ဒယ်ဒီနှင့် ဘုံကြားထဲက လူမသိသူမသိ အပေးအယူတစ်ခုကြောင့် ဘုံသည် လရောင် ကျောင်းတက်ရန်ကိစ္စကို ဖွတ်ကန့်ကွက်၍မရတော့။ ထို့ကြောင့် မကျေမနပ် ဖြင့်ပင် ဒီအတိုင်း ကြည့်နေလိုက်ရသည်။

''ဟင့်အင်း ဘုံ သူနဲ့ကျောင်းအတူတူ မသွားချင်ဘူး အန်ကယ် နိုင်၊ သူ့ကို သပ်သပ်သွားခိုင်းပါ''

''ဘုံလေးရယ် တစ်ကျောင်းထဲ အတူတူ တက်ရမယ့်ဟာကို အတူတူမသွားလို့ ဘယ်ဖြစ်မလဲ''

အန်ကယ်နိုင် မဖြစ်သာဖြစ်သာ အတိုက်အခံပြောကြည့်သည်။ ဘုံ အန်ကယ့်နိုင်ကို နှုတ်ခမ်းစူကာ မကျေမနပ် မော့ကြည့်ရင်း

''အန်ကယ်နိုင်က ဘုံကို အပြစ်ပြောနေတာလား''

''မဟုတ်ပါဘူး၊ သမီးရယ်၊ လရောင်ကို သမီးနဲ့ကျောင်းအတူ



www.burmeseclassic.com

www.burmeseclassic.com



တူသွားဖို့ အစ်ကိုကြီး စီစဉ်တာလေ၊ အန်ကယ်ခိုင် စီစဉ်တာမှ မဟုတ်တာ''

''မရဘူး သူနဲ့အတူတူ ကျောင်းသွားရင် ဘုံ ကျောင်းမတက်ဘူး''

ဘုံ ခြေတဆောင့်ဆောင့်နှင့် ဂျစ်တိုက်ဆိုးနေတုန်း ဒေါ်ကြိုင်နှင့်လရောင် ထမင်းဘူးနှင့်မုန့်ဘူးထည့်ထားသော ခြင်းကိုဆွဲ၍ အိမ်ရှေ့သို့ ထွက်လာကြသည်။ ကျောင်းယူနီဖောင်းဖြင့် သပ်ရပ်ပြီး ရှင်းသန့်သွားသော လရောင်၏အဆင်းသဏ္ဍာန်သည် ရောက်ခါစက အဆင်းအရောင် အသွေးအမွေးမျိုးနှင့် ဘာမှကို မဆိုင်တော့။

နက်တိုင်နှင့်စမတ်ကျနေသော ကျောင်းဝတ်စုံဖြင့် လရောင် အင်မတန် ကြည့်ကောင်းကြောင်း အန်ကယ်ခိုင်ရော ဒေါ်ကြိုင်ရော တဖွဖွ ချီးမွမ်းနေသံကို စောစောကတည်းက ဘုံကြားပြီးသား။

''ဟွန်း၊ အကျင့်က သူခိုးအကျင့် စတိုင်က သူဌေးစတိုင်၊ သူများအိမ် လာကပ်နေပြီး ကောင်းစားနေတဲ့ကောင်၊ နင်က ငါ့ရဲ့ကျွန် အဖြစ်နဲ့ပဲ နေရမှာ သိလား''

ဘုံ ထိုသို့ မှိုချိုးမှျစ်ချိုး ရင့်သီးရိုင်းပျသောစကားတွေဖြင့် ထိုးနှက်၏။ လရောင် မျက်လွှာချကာ ငြိမ်၍နေသည်။ လရောင်မျက်နှာပေါ်မှာ မခံချင်စိတ်နှင့် ပြန်လည်ထိုးနှက် ချေပလိုစိတ်မရှိ။

''အန်ကယ်ခိုင် ကျောင်းက နီးနီးလေးဆိုရင် ကျွန်တော် လမ်းလျှောက်ပြီးသွားပါရစေ''

လရောင် ကိုယ့်ကျေးဇူးရှင်တွေမို့ ကိုယ့်ဘက်က အလိုက်သိရ





မည်ဟု စဉ်းစားမိပုံရ၏။ ဦးခိုင်ဇော် စိတ်မကောင်း ဖြစ်သွားမိသည်။

''မဟုတ်တာ လရောင်ရယ်''

''ရပါတယ် ကျွန်တော်တို့ရွာမှာဆိုရင် ဘုန်းတော်ကြီးစာသင်ကျောင်းနဲ့ ကျွန်တော့်ရွာနဲ့ဆိုရင် တစ်မိုင်ခွဲလောက်ကို ဝေးတာ၊ ဒီလိုပဲ နေ့တိုင်းလမ်းလျှောက်သွားနေကျ၊ ခုလည်း ကျွန်တော် လမ်းလျှောက်သို့ ခြေထောက်ညောင်းမသွားပါဘူး၊ ဟို ဟိုလေ လမ်းသွားရင် ကျွန်တော့် အမေကို ရှာသွားလို့ရတာပေါ့''

လရောင်၏အလိုက်သိမှုကိုကြည့်ကာ ဦးခိုင်ဇော်ရော ဒေါ်ကြိုင် ဆာ စိတ်မကောင်းဖြစ်မိသည်။ ဒီတော့ ဒေါ်ကြိုင် မတတ်သာသည့် အဆုံး အကြံတစ်ခု ဝင်ပေးလိုက်သည်။

''ဒါဆိုရင် မင်းကျောင်းကို စက်ဘီးနဲ့သွားမလား လရောင်၊ ဒီတိုင်းလမ်းလျှောက်တာထက်စာရင် စက်ဘီးနဲ့ဆိုတော့ အညောင်းသက် သာတာပေါ့''

စက်ဘီးဆို၍ လရောင် စိတ်ဝင်စားသွားသည်။ သို့သော် သရောင်မှ စက်ဘီးမစီးတတ်တာ။

''ကျွန်တော် စက်ဘီးမစီးတတ်ဘူး၊ အန်တီကြိုင် ရပါတယ်၊ ဘွန်တော် လမ်းလျှောက်ချင်လို့ပါ''

''ကဲ ဒါဆိုလည်း ဒီနေ့တော့ လမ်းလျှောက်ကြည့်လိုက်ဦး၊ ကျောင်းကိုမှတ်မိတယ် မဟုတ်လား၊ ခရစ်ယန်ကျောင်းကြီးနားမှာလေ''

''ဟုတ်ကဲ့ မှတ်မိပါတယ် အန်ကယ်ခိုင်''



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က လရောင်သည် ကောင်းကင်ကိုမော့ကြည့် တစ်ခုံတစ်ရာကို စဉ်းစားနေမိပြန်သည်။

■ ■ ■



## အခန်း (၇)

"လရောင် ဒယ်ဒီ အဲဒီအခန်းထဲမှာ လရောင်ရှိလား"

ရွှေဘုံစံ အခန်းတံခါးကို တဘုန်းဘုန်းထုနေ၍ လရောင်ဦးခင်းသစ်ကို နှိပ်ပေးနေရင်းမှထကာ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

"ဘာလဲ ဘုံ"

"နင် အဲဒီမှာ ဘာလုပ်နေတာလဲ၊ ငါ့ဒယ်ဒီအခန်းထဲဝင်ပြီး ဘာခိုးဖို့ ချောင်းနေတာလဲ"

"ငါ ဦးဦးကို နှိပ်ပေးနေတာပါ ဘုံ"

ဘုံ မလိုလားစွာဖြင့် နှုတ်ခမ်းမဲ့လိုက်သည်။

"ဒီအခန်းထဲဝင်ပြီး ငါ့ဒယ်ဒီကို ဖားနေတယ်ဆိုတာ ငါသိတယ်၊ ဒီမှု နင့်အပြစ်ကို ငါ့ဒယ်ဒီက မဆူမှာလေ"

အခန်းဝတွင် ခါးထောက်ပြီး အထက်စီးနင်းဆန်စွာ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သော ဘုံ မျက်နှာလှလှလေးသည် မာနတွေနှင့် မထိုက်တန်။

"သမီးဘုံ ဒယ်ဒီ စာရင်းတွေလုပ်ပြီး ဖက်ကြောတွေတက်လို့သူ့ကို ခေါ်နှိပ်ခိုင်းတာပါ"

"အို ဒယ်ဒီကလည်း ဘာမှမဟုတ်တဲ့ သူခိုးဂျပိုးလိုအဆင့်က ဒယ်ဒီ့ကို နှိပ်ပေးစရာလား၊ ဒယ်ဒီ ဖက်ကြောတက်နေရင် အန်ကယ်နိုင် ရှိတယ်လေ"

"ကဲပါ သမီးရယ်၊ ဒါတွေ ပြောမနေပါနဲ့၊ အခု သမီး လရောင်ကို ဘာခိုင်းမလို့လဲ"

"သူ ဘုံရဲ့ MP4 လေးကို ခိုးထားတယ် ဒယ်ဒီ"

လက်ညှိုးထိုး စွပ်စွဲချက်တွေက လရောင်ဆီသို့ ဦးတည်၍လာသည်မို့ လရောင် ထိတ်လန့်တကြားဖြင့် ကိုယ်ကို ဆတ်ခနဲ တုန့်တက်သွားသည်။

"ဟင့်အင်း ကျွန် ကျွန်တော် မခိုးပါဘူး၊ ဦးဦး ဘုံပြောတဲ့ ပစ္စည်းလေးကို ကျွန်တော် မြင်တောင် မမြင်ဖူးပါဘူး"

"နင် မညာနဲ့ သူခိုးက ခိုးပါတယ်လို့ ပြောမလားဟဲ့၊ ဒယ်ဒီ သူ ညာနေတာ သိလား၊ မနက်က ဘုံ ခြံထဲမှာ MP4 နားထောင်နေတုန်း သူ ဘုံလက်ထဲက MP4 လေးကို ကြည့်နေတာ ဘုံ သိတယ်"

ဦးမင်းသစ် ဒရင်းဘတ်ပေါ်မှထကာ ခါးထောက်ရန်တွေ့နေသော ဘုံနားသို့ လျှောက်လာ၏။

"သမီးဘုံ သမီး တစ်နေရာရာမှာများ အထားမှားသလားကွယ်





"မမှားဘူး ဒယ်ဒီ၊ ဘုံ စန္ဒရားခုံပေါ်မှာ တင်ခဲ့တာ၊ ဘုံ ပစ္စည်း ဘယ်တုန်းကပျောက်ဖူးလို့လဲ၊ သူ ရောက်လာမှ ပျောက်တာ"

"အစ်ကိုကြီး ဘုံ ဘာဖြစ်လို့လဲ"

ဦးမင်းသစ် အခန်းဝနားမှာ ရပ်နေသော ဘုံ့အနားသို့ ရောက်လာပြီးမေးသဖြင့် ဘုံ လရောင်ကို မျက်စောင်းဝေ့ထိုးကာ

"ဒီသူခိုးလေ ဘုံ MP4 လေးကိုခိုးထားလို့"

"ဟင် လရောင် ခိုးတယ် ဟုတ်လား၊ ဟာ မဟုတ်တူး သမီးဘုံ အဲဒီ MP4 လေးက သမီးဘုံရဲ့စာကြည့်စားပွဲ အံလေးထဲမှာ ထည့်ထားတယ်လေ"

"အဲဒါ သူခိုးပြီး ထည့်ပေးထားတာလားမှ မသိတာ"

ဘယ်ဘက်ကမှ မလွှတ်အောင် ယိုးစွပ်ဝေဖန်နေသော သမီး၏ နှုတ်ခမ်းလိုပုံလေးကိုကြည့်ကာ ဦးမင်းသစ် အပြစ်မမြင်သောအပြုံးဖြင့် ပြုံးဆိုက်ပြီး

"ကဲ သမီး သူများကို စွပ်စွဲလိုက်ရလို့ ငါ့သမီး မောသွားရောပေါ့ကွယ် နိုင်ဖော် မင်းသိမ်းထားတဲ့ MP4 သွားပြန်ယူပေးလိုက်ပါကွာ၊ နို့မို့ဆို လရောင် မလွယ်ဘူး ဟား ဟား ဟား"

ဦးမင်းသစ် ရယ်သံနှောကာ ပြောလိုက်သည်။ လရောင် အပြစ်မှ လွတ်သွားသဖြင့် ဘုံ သိပ်တော့ကျေနပ်ပုံမရ။ လရောင်ကို နှုတ်ခမ်းဆူ မျက်စောင်းထိုးပြီး ခြေဆောင့်၍ ထွက်သွား၏။

"ကဲ လရောင် သူ့ကိုမင်း ခွင့်လွှတ်နားလည်ပေးရမယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ သမီးဘုံကို အားလုံးက အလိုလိုက်ကြရတာကွယ့်''

''ကျွန်တော် ဘုံကို အမြဲတမ်း အလျှော့ပေးပါတယ် ဦးဦး''

''အေးကွာ မင်းလိမ္မာတယ်ဆိုတာ ငါ သိပါတယ်၊ ကဲ သွား သွားလုပ်စရာရှိတာ သွားလုပ်တော့''

''ဟုတ်ကဲ့ပါ ဦးဦး''

လရောင် လက်ကလေးပိုက်ကာ ဆရာတစ်ယောက်ရှေ့မှာ အရို အသေပေးသလို ခါးလေးကိုင်း၍ အခန်းထဲမှ ထွက်သွား၏။ ဦးမင်းသစ်မှာ ကိုယ်နှင့်ဘဝအရာကျိုးပေးခြင်း လာတူနေသော လရောင်ကို ဘာကြောင့်မှန်း မသိ သနားကို သနားနေမိသည်။



## အခန်း (၈)

''ဒေါ်ကြိုင် ဒီချောကလက်တွေက ဘယ်သူစားဖို့ ထုတ်ထား လဲ''

စားပွဲပေါ်တွင်တင်ထားသော ချောကလက်တောင့်တွေကိုမြင် တော့ ဘုံ ဒေါ်ကြိုင့်ကို မေးလိုက်သည်။ ဘုံက သူစားမည့်မုန့်မျိုးစုံကို ယ်သူမှ တို့ထိတာ မကြိုက်။ ဘုံရဲ့မုန့်မှန်သမျှကို မည်သူကမှလည်း းဖို့ စိတ်မကူးရဲကြ။

ဘုံ မစားချင်တော့၍ အလကားလွှင့်ပစ်မယ့်အတူတူ နမြော းမိကြတာပဲရှိသည်။

''ဒေါ်ကြိုင် မစားပါဘူး ဘုံ၊ မနက်က ဦးနိုင်ဖော် ချောကလက် တွတ်ကီးတွေ ထပ်ပြီးဝယ်လာတယ်လေ၊ ဒီချောကလက်တွေက ကြာနေလို့ ဘုံ ကို မစားမိစေနဲ့တော့လို့ ပြောသွားလို့ လွှင့်ပစ်မယ် ထုတ်ထားတာပါ''

ထိုချောကလက်တောင့်တွေကို ဘုံ သိပ်မစားဖြစ်ခဲ့သော ကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ ရက်လွန်တွေဖြစ်နေသဖြင့် ဒေါ်ကြိုင် ပြောတာကို ဘုံ ထပ်ပြီး အပြစ်မတင်တော့။

သို့သော် ထိုချောကလက်တွေကို လွှင့်မပစ်နိုင်ဘဲ ဘုံ ယူပြီး လရောင်ရှိရာသို့ ထွက်ခဲ့လိုက်သည်။

ခြံထဲတွင် အန်ကယ်ခိုင်နှင့် ပန်းအိုးတွေရွှေ့နေသော လရောင်ကိုကျွေးရန် ရည်ရွယ်ပြီး လရောင်ရှေ့မှာ ရပ်လိုက်သည်။ လရောင် ပန်းအိုးတွေကိုရွှေ့ရင်း ဘုံကိုမော့ကြည့်လိုက်သည်။

''ဘာခိုင်းစရာရှိလို့လဲ ဘုံ''

''ဘာမှခိုင်းစရာမရှိဘူး၊ နင့်ကို ချောကလက်ကျွေးမလို့''

ဘုံလက်ထဲမှ ချောကလက်ကို လရောင်ထံ လှမ်းပေး

လရောင် လက်မှာပေနေသော ရွှံ့မှုန်မြေမှုန်တွေကို ဘောင်းဘီနှင့် သပ်ပြီး ဘုံ လှမ်းပေးသော ချောကလက်မှိုတက်တွေကို မငုံမရဲ လှမ်းယူလိုက်သည်။

အမှန်ဆို လရောင် ဘုံကျွေးသော ချောကလက်ကို မစားချင် သို့သော် သူ စိတ်ကောင်းဝင်နေတုန်း ကျွေးတာမို့ မငြင်းရဲသဖြင့် လိုက်ရခြင်းဖြစ်သည်။

ချောကလက် ရွှေရောင်ပတ်ကို ခွာပြီး လရောင် တစ်ကိုက် ကိုက်လိုက်သည်။ ချောကလက်ဆိုတာ ကြားသာကြားဖူးသည်၊ တစ်ခါမှ မစားခဲ့ဖူးသောကြောင့် ပါးစပ်ထဲ အရသာခံပြီး တမြုံ့မြုံ့ဝါးနေလိုက်သည်

''ကောင်းလား လရောင်''

''အင်း ကောင်းတယ်၊ ငါတစ်ခါမှ မစားဖူးဘူး''





လရောင် ရိုးသားစွာ ဝန်ခံလိုက်သည်။ ဘုံ ရိုးအလွန်းသော လရောင်ကိုကြည့်ပြီး ရယ်ချင်စိတ်ကို မမျိုသိပ်နိုင်တော့သဖြင့် လက်ခုပ်သက်ဝါးလေးတီးကာ တခစ်ခစ်ဖြင့် အော်ရယ်တော့၏။

လရောင် ချောကလက်တွေကို အရှိန်ရစွာဖြင့် အားရပါးရ စားနေရင်းမှ အကြောင်းမဲ့သက်သက် ခိုးခိုးခစ်ခစ် ရယ်ကာ ပျော်ရွှင်နေသော ဘုံကိုကြည့်ပြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

''ဘာ ဘာဖြစ်လို့ ရယ်နေတာလဲ ဘုံ''

''ရယ်စရာကောင်းလို့ပေါ့ဟဲ့၊ ငါက နင့်ကိုချောကလက်ကျွေးတာ နင့်ကို စေတနာရှိလို့လို့ ထင်နေတာကို၊ အဟင်း ဟင်း အဲဒီ ချောကလက်ဟာ မှိုတွေတက်နေတယ်၊ ဒါကြောင့် နင့်ကိုကျွေးတာ ရှင်းပြီလား အတော်ညံ့ အဟင်း ခစ် ခစ်''

လရောင် အားရပါးရ စားနေရင်းမှ ဆက်မဝါးတော့ဘဲ အမှိုက်ပုံးဆီသို့ပြေးကာ ထွေးထုတ်လိုက်သည်။

ချောကလက်က ဝါးနေရင်းမှ အရသာတစ်မျိုးဖြစ်နေ၍ စိတ်ထဲတစ်မျိုးတော့ ခံစားလိုက်ရသည်။ သို့သော် လရောင်မှ ချောကလက်စားဖူးတာ။ ဒီတော့ ချောကလက်မှိုတက်အရသာကိုရော ဘယ်ခံစားဖူးပါ့မလဲ။

ဦးနိုင်ဖော် ပျော်ရွှင်စွာ ရယ်မောနေသော ဘုံနှင့် မျက်ကလူးဆန်စွာ အော့အန်နေသော လရောင်ကိုကြည့်ပြီး သက်ပြင်းမောကို ချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အား"

ရွှေဘုံစံ ခြံထဲမှာ ဆော့နေရင်းမှ ပန်းအိုးနှင့်ဝင်တိုက်မိပြီး ခြေခေါက်လဲကျသွားသည်။ နာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့ပြီး ပန်းအိုးကို အငြိုးတကြီးကြည့်ကာ အနံကယ်ခိုင်နှင့်အတူ ကားရေဆေးနေသော လရောင်ကို လှမ်းခေါ်လိုက်သည်။

"လရောင် လာဦး"

လရောင် ရေပိုက်ကိုချပြီး ဘုံရှိရာသို့ အပြေးတစ်ပိုင်းဖြင့် ရောက်လာသည်။

"ဘာ ခိုင်းမလို့လဲ ဘုံ"

"ဒီပန်းအိုးကြောင့် ငါ့ခြေထောက်နာသွားပြီ သူ့ကို နင့်လက်သီးနဲ့ ကွဲသွားအောင် ထိုးပစ်စမ်း"

"အမ် ဒီပန်းအိုးကို လက်သီးနဲ့ထိုးရမယ် ဟုတ်လား"





"ဟုတ်တယ် ဘာဖြစ်လို့လဲ၊ မထိုးရဲဘူးလား၊ သူက ငါ့ခြေထောက်ကို နာအောင်လုပ်ထားတာလေ၊ နင် မြန်ပြီး ကလဲ့စားချေပေးရမှာပေါ့ ထိုး ထိုး"

"ငါ ငါ့လက်သီးက သေးသေးလေး ဒီပန်းအိုး ဘယ်လိုကွဲမလဲ"

"နင် ငါ့ကို ဆင်ခြေမပေးနဲ့၊ ထိုးဆိုရင် ထိုးလိုက်၊ နင် မထိုးရင် ဒယ်ဒီ့အခန်းထဲက ကြာပွတ်ကို သွားယူပြီး နင့်ကိုအသေရိုက်မှာနော်"

"မ မလုပ်ပါနဲ့ ဘုံရယ်"

"ဒါဆို ခုထိုး"

ခပ်လှမ်းလှမ်းမှ အခြေအနေကို အကဲခတ်ကြည့်နေသော အနံကယ်ခိုင် အနားသို့ရောက်လာသည်။ ဘုံလေး၏ နိုင်ထက်စီးနင်းဆန်သော ခိုင်းစေမှုသည် လရောင်ကို အခက်တွေ့နေစေ၍ သူ ကြားဝင်ရှင်းပေးမှ ရတော့မည်။

"သမီးဘုံ ဘာဖြစ်လို့လဲ"

"သူပေါ့ ဘုံ ခြေထောက်ကို နာအောင်လုပ်တယ်"

"ဟာ ဟုတ်လား ဒါဆို ဒီပန်းအိုးကို ကောင်းကောင်းဆုံးမမှ ပေါ့"

"အနံကယ်ခိုင် မဆုံးမနဲ့၊ သူ့ကိုဆုံးမခိုင်းမှာ၊ သူက ဘုံရဲ့ ကိုယ်ရံတော်လေ"

"ဟုတ်တာပေါ့ ကဲ လရောင် မင်း ဒီပန်းအိုးကို ကောင်းကောင်း ဆုံးမလိုက်စမ်းကွာ၊ ဟောဒီ မင်းရဲ့ လက်သီးနဲ့"

www.burmeseclassic.com



လရောင် သူ့လက်သီးဆုပ်ကို သူ ပြန်ငုံ့ကြည့်ပြီး မျက်နှာက ငိုမဲ့မဲ့ ဖြစ်၍နေပြီ။

"အဲ ဒါပေမဲ့ ကလေ့စားချေတာ မင်းလက်သီးလောက်နဲ့တော့ မလုံလောက်ဘူးကွ၊ ဒီပန်းအိုးက ဖြုတောင် ဖြုမှာမဟုတ်ဘူး၊ ဒီတော့ ရော့ ဒီအုတ်ခဲနဲ့ စိစိညက်ညက်ကြေအောင်သာ ထုတော့ကွာ"

ဦးခိုင်ဇော် လရောင်ကို မျက်ရိပ်ပြလိုက်ပြီး လက်ထဲကို အုတ်ခဲ တစ်လုံး ထည့်ပေးလိုက်သည်။ လရောင် အကင်းပါးသူပီပီ အုတ်ခဲဖြင့် ပန်းအိုးကို တစ်စစီဖြစ်အောင် ထုခွဲပစ်လိုက်၏။

"ဟေး ဒါမှ ငါ့ကိုယ်ရံတော် နှင့်ကိုဆုချတဲ့အနေနဲ့ ချောကလက် ကျွေးမယ်"

ဟု ပျော်ရွှင်စွာ အော်ဟစ်တော့မှ အနက်ကယ်ခိုင် သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ တကယ် မလွယ်တဲ့ ကလေးမပါလား။

■ ■ ■



## အခန်း (၁၀)

ညသည် တစ်စထက်တစ်စ မှောင်မိုက်လာနေသည်။ လရောင်သည် ညရှုခင်းကို မြတ်နိုးစွာ ရှုရှိုက်ပြီး မိခင်၏ဓာတ်ပုံကို ငေးကြည့်ပြီး ရင်ထဲမှာ တမ်းတနေမိသည်။

မေမေ ဘယ်ရောက်နေတာလဲ၊ လောကကြီးထဲမှာ အသက်ရှင်လျက် ရှိနေပါ့မလားဟုတွေးပြီး သောကတွေ ပွေနေမိသည်။ လရောင် မေမေ့ကို ရှာနေတာ ကြာခဲ့ပြီပဲ၊ ခုချိန်ထိ မေမေနှင့်လရောင်ကို ကံကြမ္မာက တွေ့ခွင့်မပေးသေး၊ လောကကြီးသာ ကျဉ်းကျဉ်းလေးဆိုလျှင် လရောင် မေမေ့ကို တစ်လမ်းဝင်တစ်လမ်းထွက် အော်ခေါ်မိမလားဘဲ။

"လရောင် မင်း မအိပ်သေးဘူးလား"

လရောင် အတွေးတွေဖြင့် သောကတနင့်တပိုး သယ်ထမ်းနေခဲ့ ဘေးကိုငဲ့စောင်းကြည့်လိုက်သည်။ အနက်ကယ်ခိုင် လရောင်၏နံဘေးမှာ ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အိပ်မပျော်သေးလို့ပါ အန်ကယ်နိုင်"

အန်ကယ်နိုင် လရောင်၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ ထိန်ထိန်သာနေသော လမင်းကြီးကို မော့ငေးလိုက်ရင်း

"အင်း မင်းလည်း ဒီအိမ်ကို ရောက်တာ ဘာလိုလိုနဲ့ ဆယ်နှစ်တောင်ရှိသွားပါပေါ့လား။ မင်းအမေကို မင်းခုထိ သတိရနေတုန်းပဲနော်"

"ကိုယ့်ကို မွေးပေးခဲ့တဲ့ အမေပဲ၊ သတိရတာပေါ့ အန်ကယ်နိုင်ရယ်၊ ကျွန်တော့်ဘဝရဲ့အဓိက မက်ခွင့်ရချင်တဲ့ အိပ်မက်က အမေနဲ့ပြန်ဆုံဆည်းခွင့်ရဖို့ပဲ၊ ဒီထက်ပိုပြီး ဘာမှ ထပ်မတောင့်တချင်ဘူး"

"အေးလေ မင်းက လိမ္မာတဲ့ကလေးပဲ၊ ဒီကိုရောက်တဲ့ ဆယ်နှစ်တာကာလမှာ မင်းကြောင့် ဒီအိမ်က မိသားစု ဘာစိတ်အနှောင့်အယှက်မှ မရှိခဲ့တာဘဲ"

"ဒိုက်ပင်တစ်ခုလို မျောချင်ရာမျောရတော့မယ့် ကျွန်တော့်ဘဝကို ဦးဦးနဲ့အန်ကယ်နိုင်တို့ ကယ်တင်ခဲ့လို့ ကျွန်တော် ခုလို ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ခဲ့တာပါ။ အဲဒီအတွက် ကျွန်တော်က ဘာကြောင့်စိတ်ဒုက္ခပေးနေရဦးမှာလဲ၊ ဒီအိမ်ကြီးရဲ့မိသားစုအားလုံးဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင်တွေပါပဲ"

လရောင်စကားကြောင့် အန်ကယ်နိုင် ခပ်ဖွေ့ဖွေ့ ပြုံးပြီး

"အင်းလေ မင်းကတော့ တို့တွေကို ကျေးဇူးရှင်လို့ သဘောထားပြီး မင်းရဲ့ဘဝကို ပုံအောပြီး ကျေးဇူးဆပ်တယ်၊ တို့တွေကတော့ ဘိုရှိနိုင်လိုမင်းထက် ဆက်ဆံနေတဲ့ အပြုအမူတွေကို ယဉ်ကျေးအောင်





မဆုံးမနိုင်ခဲ့ဘူး။ မင်းက လိမ္မာသထက် လိမ္မာလာတဲ့အတွက် အန်ကယ်နိုင်တော့ အစ်ကိုကြီးလုပ်ငန်းတွေအတွက် ရင်အေးရတယ်"

"ဘာဖြစ်လို့လဲ အန်ကယ်နိုင်"

ဘာသဘောနဲ့ပြောမှန်း မသိသဖြင့် လရောင် နားမလည်စွာဖြင့် မေးလိုက်သည်။

"ဩော် ခုဆိုရင် အစ်ကိုကြီးရဲ့ကျန်းမာရေးက တဖြည်းဖြည်း ဆုတ်ယုတ်လာနေပြီမဟုတ်လား။ မင်းသစ် စီးပွားရေးလုပ်ငန်းကြီးရဲ့ အနာဂတ်အတွက် ပါရမီရှင် လူတော်တစ်ယောက် ရှိအပ်လာပြီလေ၊ ခု အဲဒီပါရမီရှင်က မင်းပဲမို့လို့ အစ်ကိုကြီးက မင်းကို လုပ်ငန်းစဉ်အချို့ကို ဝင်ပြီးလေ့လာခိုင်းနေတာပဲ၊ မင်းဘက်က ဒီလုပ်ငန်းစုကြီးကို တိုးတက်အောင် လုပ်နိုင်ဖို့ အရည်အချင်းသစ်တွေကို မွေးထုတ်ရမယ်၊ မင်းအများကြီး ကြိုးစားရမယ်"

"ကျွန်တော် ကြိုးစားပါ့မယ် အန်ကယ်နိုင်၊ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကျိုးအတွက်တော့ မဟုတ်ဘူး၊ ဦးဦးတို့ ဘိုတို့ရဲ့ ကိုယ်ကျိုးအတွက် ကြိုးစားမှာပါ"

ဦးနိုင်ဖေ ခေါင်းတညိတ်ညိတ်ဖြင့် လရောင်၏ ကျေးဇူးတရားသိမှုတွေကို အသိအမှတ်ပြု၏။

"အင်းလေ မင်းလို ကျေးဇူးတရားသိတတ်တဲ့ လူငယ်လေးတစ်ယောက်ရဲ့အနာဂတ်က အဆုံးသတ်မှာ လှပမှာပါလေ၊ ကျေးဇူးတရားသိတတ်ခြင်းသည် မင်္ဂလာမည်၏ဆိုတဲ့ တရားတော်နဲ့အညီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ကဲ ကဲ မင်းလည်း အိပ်တော့ မနက်အစောကြီး အစ်ကိုကြီးကို ထပြီး နှိပ်ပေးရဦးမှာ မဟုတ်လား၊ မင်းလိုကဖေးမျိုးကို ခေါ်ပြီး ပြုစုပျိုးထောင်ပေးတဲ့အတွက် အစ်ကိုကြီးအကျိုးခံစားခွင့်တွေ ရနေပါပြီလေ''

ဦးနိုင်ဖေ ညည်းပြောပြောရင်း လရောင်ဘေးမှ ဖြည်းညင်းစွာ ထလိုက်သည်။ ကောင်းကင်ကြီးသည် သူ့တာဝန်နှင့်သူ ညကာလကို ရှင်းနက်ဝန်းပျံ့စွာ သရုပ်ဖော်နေသလို လရောင်သည်လည်း ကိုယ့်ဘဝ အကျိုးပေးနှင့်ကိုယ် လှုပ်သအောင် ကြိုးစားနေရဦးမည်လေ။

■ ■ ■



## အခန်း (၁၁)

''ပေါ်တော်မူလာသေးတယ်နော် လရောင်၊ ငါတို့က မင်း ပုံပြောပြီလို့မှတ်တာ''

ဆိုင်ထဲ ဝင်ဝင်ချင်း မြတ်ကိုနှင့်သန့်ဇော်စကားကြောင့် လရောင် လက်မှနာရီကိုငုံ့ကြည့်လိုက်ပြီး သန့်ဇော်ဘေးတွင် ဝင်ထိုင်လိုက်သည်။

''မင်းတို့ကို လာမယ်ပြောပြီး ဘယ်တုန်းက မလာတာရှိလို့လဲ၊ လမ်းမှာ ရှော့ခ်ဝင်နေလို့ ကြာသွားတာ ဟော့ကောင်ရေ၊ ငါ ရှောင်ခဲ့လို့ နို့မို့ဆို ခုလောက်ဆို လက်ကောက်ဝတ်နေရပြီ''

''ဘာဖြစ်လို့လဲ''

''ကျော်မင်းထင်လေ သူ့ဘော်ဒါတွေနဲ့ အုပ်တောင့်တယ်ဆိုပြီး ဖောင်းလာထပြနေတယ်''

''ဖောင်းထရင် အကြောင်းပြလိုက်ပေါ့ကွာ၊ မင်းက ထိုက်ကွမ်ဒို ဆရာကြီးပဲ၊ ငါတို့သာပါရင် ပွဲကပြတ်ပြီ၊ ဒီကောင် ခုတလော ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထပြန်ပြီလဲ မသိဘူး၊ ကျောင်းပြီးကတည်းက ငြိမ်သွားပြီထင်နေတာ''

''သူနဲ့ဘုံနဲ့က ငြိသွားကြပြီ''

''ဟင် မင်းကို ဘယ်သူပြောလဲ''

လရောင် စကားကြောင့် ရေခဲဖန်ချိုင့်ထဲမှာ ရေခဲတုံးလေးတွေကို ညှပ်ဖြင့်ယူနေသော မြတ်ကို အံ့သြသွားသည်။

''ကျော်မင်းထင်ဆိုတာ မိုးကုတ်သား၊ မိဘတွေက ချမ်းသာတယ်ဆိုပြီး ရန်ကုန်မှာ ကျောင်းတက်ရင်း ထင်တိုင်းကျဲနေသူ၊ ဘုံ့ကို လိုက်နေတာ ပထမနှစ်ကတည်းက''

''ငါ့ကိုခုပဲ သူ ပြောလိုက်တာ၊ ငါ့ကို ဘုံနဲ့ ခပ်ခွာခွာနေဖို့လာ သတိပေးတာတဲ့၊ အရင်က ဘုံ့ဆီကအချစ်ကိုမရသေးလို့ သူ ပြောပိုင်ခွင့်မရှိခဲ့တာ၊ ခု ဘုံ့ချစ်သူဖြစ်သွားပြီမို့ ခုလို ပြောပိုင်ခွင့်ရှိသွားပြီတဲ့''

''တောက် ဒါ လူပါးဝတာ၊ မင်းက ဘလိုင်းကြီး ငြိမ်ခံလာခဲ့လားကွ''

''ဘုံ့ချစ်သူ ဖြစ်မှတော့ မငြိမ်လို့ရမလားကွ၊ မင်းကလည်း''

''ဘာပဲဖြစ်ဖြစ် ဦးမင်းရာဇာကရော သူ့သမီးနဲ့ ဒီလို လမ်းသရဲကောင်ကို သဘောတူနိုင်ပါ့မလား၊ အဲလိုဆိုရင် ဘုံ ဘယ်လိုလုပ်မလဲ''

''ဒါ သူ့အပိုင်းလေ၊ ငါနဲ့မဆိုင်ဘူး''

''မင်း မခံစားရဘူးလား''

မြတ်ကို ရယ်ကျဲကျဲဖြင့် မေး၏။ လရောင် နှုတ်ခမ်းကိုမဲ့ကာ





ပခုံးတစ်ချက်တွန့်ရင်း

''ငါက ဘာကိုခံစားရမှာလဲကွ''

''ဘုံက မင်းနဲ့ပဲ နီးစပ်သင့်တာလေ''

''မင်းက ငါ့ကို အရွှန်းနဲ့လာမနေပြန်ပြီကွာ၊ ဘုံကို ငါက ညီမလေးတစ်ယောက်လို စောင့်ရှောက်နေတာပါကွာ''

''မင်း စောင့်ရှောက်ပုံကြီးကလည်း အတွင်းခံအကျီကအစလျှော်ပေးရတယ်ဆိုတော့ အဟဲ အဆင့်က ကျော်မနေဘူးလား။ မင်းက သူ့အတွင်းရေးကို ဝင်စွက်ဖက်ပိုင်ခွင့်ရှိနေတာလည်း နည်းတဲ့အခွင့်အရေး မဟုတ်ဘူးနော်၊ သူက မင်းကို အနိုင်ကျင့်ရာကနေ ချစ်ရင်တောင် ချစ်နေလောက်ပြီ''

မြတ်ကိုနှင့်သန့်ဇော်သည် ဘုံနှင့်သူ့ကို ထိုသို့ အမြဲနောက်နေကျမို့ လရောင် ထူးပြီး စိတ်မဆိုးတော့။

''အေးပါ မင်းတို့ ငါ့ကိုနှိပ်ကွပ်ကြ၊ ငါကကျေးဇူးရှင်မို့လို့ ကိုယ့်ကိုကိုယ် အစေခံတစ်ယောက်လို ချိုးနှိမ်ပြီး ဘုံကို ညီမလေးတစ်ယောက်လို လိုလေသေးမရှိ လုပ်ပေးနေတာကွ၊ မင်းတို့ ငါ့ကို ကဲ့ရဲ့တာက မင်းတို့မိန်းမတွေယူမှ ငါ့ဝဋ်မလည်ကြစေနဲ့''

''နှီး ငါတို့က အလိမ္မာအိမ်ပါမှ ယူမှာ၊ ဟိတ်ဆိုဟိတ် တိတ်ဆိုတိတ်ပဲ''

သန့်ဇော် ဟန်ပါပါနှင့် ပါဝါတွေထုတ်ပြနေသဖြင့် လရောင် ဘက်ခနဲ တစ်ချက်ရယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အဲဒီတိတ်နဲ့ မင်းကို သူ့လုံချည်အနားစမှာ တွဲကပ်ထားရင်တော့ မြင်ယောင်ပါသေးတယ်၊ သန့်ဇော် လူလုံးမလှပုံများ သားရှစ်ယောက် သမီးရှစ်ယောက်နဲ့ ခါးမှာ ပုဆိုးတောင်ပါမှာမဟုတ်ဘူး"

လရောင် စကားကြောင့် တခွီးခွီး ရယ်နေသော သန့်ဇော် မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"ငါက အဲလောက် အားရှိတဲ့မိန်းမ မယူဘူးကွ၊ တော်ကြာအားတိုင်းမွေးနေရင် ငါ့တိုင်ပတ်ရှိတင်မဟုတ်ဘူး မြို့ရိုးပါပတ်မှာ"

"ကဲ မြို့ရိုးပဲပတ်ပတ် တိုင်ပဲပတ်ပတ် ပတ်စရာရှိတာ နောက်မှပတ် ခုလောလောဆယ် သောက်စရာရှိတာ သောက်ကြတော့၊ လရောင်မင်း ဘာအမြည်းစားဦးမလဲ"

မြတ်ကို ပြည်ကြီးငါး တစ်ဖတ်ကို တူဖြင့်ညှပ်ယူပြီး ပါးစပ်ထဲ ထောက်ဝါးရင်း လရောင်ကို သတိလှမ်းပေးသည်။

"ငါ မသောက်တော့ဘူးကွ ပြန်ရင် ဦးဦးနဲ့ကမ္ဘာ့ နှစ်ချုပ်စာရင်းတွေ လုပ်ရဦးမယ်၊ ငါ့ကိုယ်က အနံ့ထွက်နေလို့ မဖြစ်ဘူး"

"ဟွန်း မင်းကလည်း ယောက္ခမလောင်းကြီးကို ခုကတည်းက ကျွတ်နေတယ်"

"မင်းတို့ကလည်းကွာ စကားနောက် တရားပါဖြစ်နေပါ့မယ် ဦးဦးကို ငါက အဖေလိုတစ်မျိုး၊ ကျေးဇူးရှင်လိုတစ်မျိုး ဂရုစိုက်တာပါကွာ၊ အဲဒီအတွက် ငါ့မှာ ဘာမျှော်လင့်ချက်မှ မရှိဘူး၊ ဘို့အပေါ်မှာ ထားတဲ့စိတ်ကလည်း ရိုးသားတယ်"





"မင်းဘက်က ရိုးသားပေမယ့် ကံကြမ္မာက မင်းတို့နီးစပ်အောင် ဖန်တီးလာရင်ရော မင်း ဘယ်လိုလုပ်မလဲ"

လရောင် မဖြစ်နိုင်သည့်စိတ်ခံစားမှုဖြင့် ခေါင်းကို ခါရမ်းလိုက်သည်။

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွာ၊ ဦးဦးက ငါ့ကို သူ့သမီးနဲ့ပေးစားဖို့ ဘယ်လိုမှ စိတ်ကူးမိမှာတောင် မဟုတ်ဘူး၊ ဘို့ကလည်း သူ့ရဲ့ကျေးဇူးရှင်တစ်ယောက်ဖြစ်တဲ့ ငါ့ကို ဘယ်လိုမေတ္တာထားလာမှာတဲ့လဲ"

"ဟိုက မင်းကို မေတ္တာမထားနိုင်ပေမယ့် ရေးထားတဲ့ ကံကြမ္မာကိုတော့ မင်း လွန်ဆန်နိုင်မှာ မဟုတ်ပါဘူးကွာ"

"မင်းက အတတ်ဟောနိုင်ရအောင် လရောင်ရဲ့ကံကြမ္မာကို မင်းက ကြိုမြင်နေလို့လား၊ မြတ်ကို"

"ကြိုမြင်တာ မဟုတ်ဘူး အိုးချင်းထား အိုးချင်းထိဆိုသလို အရိုးကွဲအောင်ထုမှ အသည်းစွဲအောင်ချစ်မှာလေ၊ ရွှေဘို့စံက မင်းကို အားတွေအရမ်းပေးနေတာက သူ့ရဲ့ရင်တွင်းစိတ်ထဲမှာ မင်းရှိနေလို့ပဲ"

"ငါကတော့ မင်းတို့လောက် အများကြီး မတွေးထားဘူး၊ ဘို့ ငါ့ရင်ထဲမှာ ရှိနေသလား မရှိဘူးဆိုတာတောင် ပြန်ဆန်းစစ်ဖို့ သတိမရဘူး၊ ငါ့ရင်ထဲမှာ အချစ်ဆိုတာထက် အရေးကြီးတဲ့အရာတစ်ခုပဲ ရှိတယ်၊ အဲဒါဟာ ဘာလဲဆိုတော့ ငါ့ကို ငယ်ငယ်တည်းက ခွဲသွားခဲ့တဲ့ ငါ့အမေကို တွေ့အောင်ပြန်ရှာဖို့ပဲ၊ ငါ့ဘဝမှာ အေးမြတဲ့မေတ္တာရိပ် ခိုလှုံနေရာတစ်နေရာ ရှိပါသေးလားဆိုတဲ့ မျှော်လင့်ချက်ကြောင့် ငါ ခုနေ့ထိ



www.burmeseclassic.com

www.burmeseclassic.com



တက်တက်ကြွကြွ ရှင်သန်နေတာ''

ပြောရင်း လရောင်မျက်နှာပေါ်မှာ မိခင်ကို တမ်းတသော အရိပ်တို့ ထင်ဟပ်လာပြန်သည်။

''မင်းအမေကို ပြန်ရှာတွေ့ဖို့ဆိုတာ သိပ်တော့မလွယ်တဲ့ကိစ္စပဲ၊ နောက်ပြီး မင်း လူမှန်းသိတတ်စကတည်းက ခွဲသွားတဲ့မင်းအမေကို ခုမြင်ရင် မင်းဘယ်လိုမှတ်မိနိုင်မှာလဲကွ''

''ငါတို့က သွေးသားတော်စပ်တဲ့ သားအမိတွေလေ၊ နှစ်တွေ အကြာကြီး ခွဲနေရပေမယ့် ငါ့စိတ်ထဲမှာ အမေက ငါနဲ့အဝေးကြီးမှာ မဟုတ်သလို ခံစားရတယ်၊ အမေ့ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်တွေ့ရမယ်လို့လည်း ငါ့ကိုယ်ငါ ယုံကြည်နေတယ်''

''အေးလေ မင်းဆန္ဒတွေ ပြည့်ပါစေလို့ပဲ ငါတို့ဝိုင်းပြီး ဆုတောင်းပေးကြတာပေါ့ကွာ''

မြတ်ကိုရော သန့်ဇော်ရော လရောင်ကို သူ့အမေနှင့် အမြန်ဆုံး တွေ့စေချင်သည်။

''ငါ့စိတ်ကလည်း ယုံကြည်နေတယ်၊ ငါ့အမေနဲ့ငါနဲ့ နီးနီးလေးမှာ ရှိနေသလိုမျိုးပေါ့၊ လောကကြီးထဲမှာ ငါ့အမေ ရှိနေသေးရင် ကံကြမ္မာက ငါနဲ့ငါ့အမေကို ပေးဆုံပေးမှာပါ''

''မင်းအမေနဲ့ဆုံရင် ဒီအိမ်ကြီးမှာ မင်းဆက်နေဦးမှာလား''

''ဟင့်အင်း ငါက အမေ့မေတ္တာငတ်နေတဲ့သူပဲ၊ ငါ့ဘဝရဲ့ ကျန်တဲ့အချိန်တွေကို အမေနဲ့ပဲ ကုန်ဆုံးတော့မယ်၊ အမေ့ကို ငါ အလုပ်





အကျွေးပြုမယ်''

''မင်းအမေက နောက်ထပ် အိမ်ထောင်ထူပြီး သူ့မိသားစုနဲ့သူ ပျော်ပျော်ရွှင်ရွှင် နေနေတယ်ဆိုရင် မင်း ဘယ်လိုလုပ်မလဲ၊ အဲလိုမျိုးဆိုရင် မင်းဆန္ဒတွေ ပြည့်ပါတော့မလား''

မြတ်ကို အမေးကြောင့် လရောင်မျက်နှာ ညှိုးကျသွားသည်။ အမေ့ကိုသာ မျှော်လင့်တောင့်တနေမိတာ မြတ်ကို ပြောသည့်အခြေအနေမျိုး ယောင်လို့တောင် မစဉ်းစားမိ။

''ဒါကတော့ ကံတရားပဲပေါ့ကွာ၊ အမေ့မေတ္တာငတ်နေတဲ့ငါ့လို သားတစ်ယောက်ကို လောကကြီးက အဆိုးတွေချည်းပဲ ပေးမှာမဟုတ်လောက်ပါဘူး''

လရောင်၏ ပုံစံခွက်ထဲက ခပ်မှိန်မှိန် မျှော်လင့်ချက်တို့သည် သူ့အတွက်တော့ အနာဂတ်၏ လမ်းပြကြယ်တစ်ခုပဲ ဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကားကိုသာ မောင်းနေရသည်။ လရောင်၏မျက်လုံးအကြည့်တွေ
က လမ်းပေါ်ဖြတ်သွားဖြတ်လာ လှုပ်နေကြသော လူတွေဆီသို့ ရောက်နေ
၏။

ငယ်စဉ်ကတည်းက နီးကြားစွာ ရှင်သန်လာသော အမေ့
တွေ့ချင်စိတ်တွေက ရင်ထဲမှာ တစ်မိနစ် တစ်စက္ကန့်လေးတောင်မှ ဆိတ်
သုဉ်းသွားခဲ့တာမှ မဟုတ်တာ။

ခုချိန်မှာ အမေ့ကိုတွေ့လျှင် ကိုယ်ကသာ အမေဆိုပြီး မှတ်
နေပေမယ့် အမေကတော့ ကိုယ့်ကို သူ့သားဆိုပြီး မှတ်မိနိုင်ပါ့မလား
လရောင်ဆိုတာ အမေ ချန်ထားရစ်ခဲ့တုန်းကလို နုပ်ချေးတွဲလောင်
ဖုန်တလုံးလုံးနဲ့ လူမမယ်ကလေးလေးမှ မဟုတ်တော့တာ။

လရောင်စိတ်ထဲမှာ အမေက လောကကြီးရဲ့ တစ်နေရာ
အသက်ရှင် ရပ်တည်နေသေးတယ်ဟု တထစ်ချ ယုံကြည်ထားပြီးသား





"ဟင်"

ရုတ်တရက် ကားမှတ်တိုင်မှာ ရပ်နေသော အဒေါ်ကြီးတစ်
ယောက်ကို တွေ့လိုက်၍ လရောင် ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။
အမေများ ဖြစ်နေမလားဟူသော မျှော်လင့်ချက်ဖြင့် ကားကို လမ်းဘေး
တစ်နေရာမှာထိုးရပ်လိုက်သည်။

လရောင် ကားပေါ်မှ အမြန်ဆင်းပြီး ကားမှတ်တိုင်သို့ အပြေး
တစ်ပိုင်းဖြင့် လျှောက်လာလိုက်သည်။ ကားဂိတ်ကိုအရောက် အမေဟု
ထင်မိသော အမျိုးသမီးကြီးက လိုင်းကားပေါ်သို့ တက်သွားသည်။
လရောင် ရင်ထဲ မောခနဲ ဖြစ်သွားသည်။

ထိုအမျိုးသမီးသည် အမေများဖြစ်နေမလား။ လရောင် အာရုံ
ထဲမှာရော ရင်ထဲမှာပါ စွဲနေသော အမေ့ရုပ်လွှာက ထိုအမျိုးသမီးကြီး
နှင့် တူနေသလိုလို။ မျှော်လင့်ချက်မဲ့စွာဖြင့် သက်ပြင်းကို ဟင်းခနဲ
ချလိုက်ပြီး ကားရှိရာသို့ ပြန်အလှည့်။

"အင့်"

"ဟာ"

"ဂလုံ"

"ဂလွမ်"

"အို သွားပါပြီ ကုန်ပါပြီ ရှင် လူတစ်ယောက်လုံးလာတာတောင်
မမြင်ဘူးလား၊ ဟမ် ကန်းနေသလား သွားပါပြီ သူများထမင်းချိုင့်တွေ
စားလို့မရတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေး ပလက်ဖောင်းတွင် တစ်ယောက်တစ်နေရာစီ ပြန့်ကျဲနေသော စတီးချိုင့်နှင့်အတူ ထမင်းတွေက ဟိုတစ်စု သည်တစ်စု ဘဲဥလေးနှစ်ခြမ်းက ကိန္နရီချောင်းခြားသလို တောင်တစ်ခြမ်း မြောက်တစ်ခြမ်း။ လရောင် အားနာလွန်း၍ ထမင်းချိုင့်ပိုင်ရှင် မိန်းကလေးကို ဘယ်လိုတောင်းပန်ရမှန်းပင် မသိတော့။

"ဆော ဆောရီးပါဗျာ မတော်လို့ပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

"အို ရှင် တောင်းပန်ရုံနဲ့ ကျွန်မ ဗိုက်ပြည့်မှာမို့လား၊ အဲလိုပြည့်မယ်ဆိုရင်တော့ ဒီနေ့ တစ်မနက်လုံး ရှင် အကြိမ်တစ်ရာလောက်သာ ထိုင်တောင်းပန်လိုက်တော့"

ခပ်ရွဲရွဲ ပြောလိုက်သော မိန်းမချောလေး၏ ဒေါသမျက်နှာကြောင့် လရောင် ဘာလုပ်လို့ ဘာကိုင်ပေးရမှန်း မသိအောင် ထူပူသွားပြီး ပြန့်ကျဲနေသော ချိုင့်တွေကို တစ်ဆင့်ချင်း ပြန်ကောက်ပြီး အံကျအောင် ပြန်တပ်ပေးလိုက်သည်။

"ကျွန်တော် တကယ့်ကို မတော်တဆ ဖြစ်သွားတာပါဗျာ ဒီက ဗိုက်ပြည့်အောင် ကျွန်တော် အစားပြန်ဝယ်ပေးပါ့မယ်"

လရောင် တောင်းပန်တိုးလျှိုးကာ ကောင်မလေးကို ချိုင့်ပြန်ပေးလိုက်သည်။ ကောင်မလေး စိတ်ဆိုးမာန်ဆိုးဖြင့် ဆတ်ခနဲ ဆွဲယူလိုက်ပြီး

"ဟင် မလိုပါဘူး၊ ဒီလိုမျိုးတွေနဲ့ ဇာတ်လမ်းရှာနေတာ မသိဘူး





များ မှတ်နေလား"

ကောင်မလေး ပြောပြောဆိုဆိုနှင့် လရောင်ရှေ့မှ ဘောက်ဆတ် ဘောက်ဆတ် ခြေလှမ်းတွေဖြင့် ထွက်သွား၏။ လရောင် စိတ်မကောင်းဖြစ်စွာ ကျန်ခဲ့ရင်း ထိုကောင်မလေး ကိုယ့်ကြောင့် မနက်စာ ထမင်းငတ်မှာကိုတွေးပြီး ပူမိသွားသည်။

ထို့ကြောင့် ကောင်မလေးနောက်သို့ လိုက်ရန် စိတ်ကူးလိုက်သည်မို့ ခြေလှမ်းတွေက ကောင်မလေးနောက်သို့ ခပ်သွက်သွက် လှမ်းခဲ့လိုက်၏။

"ဟင် ဘယ်ရောက်သွားပြီလဲ"

မျက်ခြည်ပြတ်သွားသော ကောင်မလေးကြောင့် လရောင် လမ်းမှာ အူကြောင်ကြောင်ဖြင့် ကျန်ခဲ့သည်။ ကိုယ်က သဘောရိုးနှင့် လိုက်တာပါ။ သူက ဘယ်လိုမြင်သွား၍ လည်းမသိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"လရောင် လာဦး"

အပြင်မှ ပြန်လာသော လရောင် အိမ်ထဲဝင်သည်နှင့် ဧည့်ခန်းထဲတွင်ထိုင်နေသော ဦးမင်းသစ် ခေါ်သံကြောင့် လရောင် ဦးမင်းသစ်ရှေ့သို့ လျှောက်လာပြီး ခပ်ရိုရို ရပ်လိုက်သည်။

"ဦးဦး ကျွန်တော့်ကို ဘာခိုင်းမလို့လဲ"

"မင်းကို မေးစရာရှိလို့"

ဦးမင်းသစ် အသံသည် အရင်ကလောက် နူးညံ့ခြင်းမရှိ။ အသံက အနည်းငယ် တင်းမာနေသယောင်။

"ဟုတ်ကဲ့ မေးပါ ဦးဦး"

"ပြီးခဲ့တဲ့အင်္ဂါနေ့က တောင်ကြီးက လိမ္မော်ခြံက ငွေသိန်းတစ်ရာ လွှဲတယ်ဆို၊ မင်း ဘာကြောင့် ငါ့ကိုလက်မှတ် လာမထိုးခိုင်းတာလဲ"

"ဗျာ"





ကိုယ် အမှားမလုပ်မိပေမယ့် မလွှဲသာမရှောင်သာ ကိစ္စတစ်ခုကြောင့် ကြန့်ကြာသွားခြင်းသည် ကိုယ့်အပြစ်မဟုတ်ပေမယ့်. .

"ကျွန်တော် ဦးဦး နေမကောင်းဖြစ်နေတဲ့အချိန်မို့လို့ လာမထိုးခိုင်းဘဲနဲ့ ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးပေးလိုက်ပြီး ဦးဦးရဲ့ဘဏ်အကောင့်ထဲကို လွှဲလိုက်ပါတယ်"

အမှန်တော့ ထိုငွေသည် ဘုံ အနိုင်ကျင့်ပြီး လရောင်ဆီက ဖြတ်ယူထားခြင်း ဖြစ်သည်။ လရောင် ငြင်း၍မရသဖြင့် ဘုံ့ဘဏ် အကောင့်ထဲ ထည့်ပေးလိုက်ရခြင်း ဖြစ်သည်။ သို့သော် အမှန်အတိုင်းပြောလျှင်လည်း ဘုံက ပြဿနာရှာဦးမည်။ ထို့ကြောင့် အရဲစွန့်ပြီး ညာလိုက်ရခြင်း ဖြစ်၏။

"မင်းက ဒီလုပ်ငန်းစုကြီးရဲ့ ဘယ်အဆင့်မှာရှိနေသေးလို့ ခုလိုကိုယ့်သဘောနဲ့ကိုယ် လုပ်ရတာလဲ လရောင်"

"ကျွန်တော် မှားသွားပါတယ် ဦးဦး။ အဲဒီနေ့က ကျွန်တော် ဦးဦးကိုတင်ပြဖို့ စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ နေမကောင်းဖြစ်နေတဲ့အချိန်မှာ အလုပ်ကိစ္စတွေနဲ့ ခေါင်းမရှုပ်စေချင်လို့ပါ"

"အေး နောက်တစ်ခါဆိုရင် ဘာပဲလုပ်လုပ် မင်းငါ့ကို အသိပေးဦး"

"ဟုတ်ကဲ့ပါ ဦးဦး"

"အေး သွားတော့"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လရောင် အနားမှ ခပ်ကုတ်ကုတ် ထွက်လာလိုက်၏။ ရင်ထဲမှာလည်း ဘုံအတွက် မောလျသွားရသည်။ သူ ဒီငွေတွေကို သူ့အကောင့်ထဲ ထည့်နိုင်းပြီး ဘာတွေ သုံးနေတာလဲ။

ကိုယ့်မှာသာ ဦးဦး၏ ယုံကြည်မှုတွေ ကင်းမဲ့သည့်အကြည့်တွေဖြင့် အကြည့်ခံရပြီး ထွက်ပေါက်ပိတ်နေသလို စိတ်တွေ ကျဉ်းကျပ်သွားရသည်။

"လရောင် မင်း လိမ်မှော်ခြကငွေကိစ္စ ဘယ်လိုရှင်းလိုက်လဲ"

အခန်းထဲဝင်မည့် ခြေလှမ်းတွေ ကိုယ့်အနောက်မှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော အန်ကယ်နိုင့်အမေးကြောင့် အနောက်ကို လှည့်ကြည့်လိုက်သည်။

"ဩော် အန်ကယ်နိုင် ဟို ကျွန်တော် မညာချင်ဘဲ ညာလိုက်မိတယ် အန်ကယ်နိုင်"

"အေးလေ လူဆိုတဲ့အမျိုးက သေပေါက်သေဝရောက်နေပြီဆိုရင် ဒီလိုပဲ လွတ်ရာလွတ်ကြောင်း ရှန်းထွက်ကြရတာပဲလေ၊ ခုကိစ္စမှာ မင်းအပြစ်မှမရှိတာ၊ ဒီလိုနည်းလမ်းနဲ့ ဖြေရှင်းပေးခဲ့တဲ့ မင်းကိုတောင် အန်ကယ်နိုင် ဘုံ့ကိုယ်စား ကျေးဇူးတင်တယ်"

အန်ကယ်နိုင် ဘုံ့အစား တောင်းပန်နေသဖြင့် လရောင် ပြန်ပြီး အားနာမိသည်။ တစ်လက်စတည်းမှာပင် ဘုံ ဘာကြောင့် သိန်းတစ်ရာကို သူ့ရဲ့အကောင့်ထဲ ဘာကြောင့်လွှဲရသည်ဆိုတာကို မေးလိုက်သည်။





"အန်ကယ်နိုင် ဘုံက အဲဒီသိန်းတစ်ရာကို ဘာလုပ်မှာမို့လဲ"

လရောင်အမေးကြောင့် အန်ကယ်နိုင် သက်ပြင်းကို ဟင်းခနဲချကာ

"ပြောရမှာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းပဲ လရောင်ရေ သူ့ချစ်သူကို ကားတစ်စီး ဝယ်ပေးမလို့တဲ့"

"ဟင် ကျော့်မင်းထင်ကို"

"ဟုတ်တယ် အစ်ကိုကြီး မသိလို့သာပေါ့၊ သိသာသိရင်တော့ ကျော့်မင်းထင်ကို ဘယ်လိုတုံ့ပြန်မလဲ မသိဘူး၊ အရင်ဆုံး မင်းနဲ့ငါက နံပါတ်တစ်တရားခံပေါ့ကွာ အလိုတူ အလိုပါဆိုပြီးတော့"

"ဒီကောင် ဘုံဆီက သိက်တူးနေတာများလား အန်ကယ်နိုင် ကျွန်တော် ရှင်းမှဖြစ်မယ်ထင်တယ်"

"ငါလို ဦးလေးတောင် လူရာမသွင်းတာ၊ မင်းဆိုရင်တော့ သူက စာတောင်ဖွဲ့ပါတော့မလားကွာ၊ ထားလိုက်ပါလေ အချိန်တန်တော့ သူ့ဟာသူ အမှားအမှန် ခွဲခြားတတ်သွားပါလိမ့်မယ်"

"ဩော် ဒါနဲ့ မင်းကို ငါပြောစရာရှိတယ်"

"ဘာများလဲ အန်ကယ်နိုင်"

"အစ်ကိုကြီးအတွက် နာ့စ်တစ်ယောက်လောက် ခေါ်မလားလို့ မင်းနဲ့ငါကလည်း အလုပ်ကိစ္စတွေကများတော့ အိမ်မှာရှိချိန် နည်းတယ်၊ ဒေါ်ကြိုင်ကလည်း အိမ်မှုကိစ္စတွေနဲ့ မအားရတော့ အစ်ကိုကြီးအတွက် နာ့စ်တစ်ယောက်တော့ လိုမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်နိုင် ကောင်းသလို စီစဉ်ပါ။ အဓိကက ဦးဦး အခြေအနေပါပဲ၊ ကျွန်တော်ကတော့ ဦးဦးကို ပြန်ပြီး ကျန်းမာရေးကောင်းစေချင်ပြီ၊ ဒါမှ လုပ်ငန်းတွေကို ပြန်ပြီး ဦးစီးနိုင်မှာလေ"

"အေး ဒါဆိုရင် ဒေါက်တာ ခင်မောင်လွင် ချိတ်ပေးတဲ့ နာ့စ်ကိုပဲ ခေါ်လိုက်တော့မယ်"

"ဟုတ်ကဲ့ ကောင်းပါပြီ ကျွန်တော် ဒီတစ်ရက်နှစ်ရက်အတွင်း စီစဉ်လိုက်မယ် အန်ကယ်နိုင်"

"အေး အေး မင်းလည်း နားလိုက်ဦး၊ တအောင့်နေရင် ထမင်းဝိုင်းမှာ ဆုံမယ်"

"ဟုတ်ကဲ့"

အန်ကယ်နိုင် ထွက်သွားတော့ လရောင် အခန်းထဲဝင်ပြီး ရေချိုးရန် ကိုယ်ပေါ်မှ တီရှပ်အင်္ကျီကို ချွတ်လိုက်သည်။ ဒီအိမ်မှာ ဘုံကလွဲပြီး ကျန်သူအားလုံးသည် ကိုယ့်တာဝန်တွေနှင့်ကိုယ် အချိန်အားမရှိကြ။

ဘုံကတော့ ခုချိန်လောက်ဆို ကျော်မင်းထင်နဲ့ ကော်ဖီဆိုင်တစ်ဆိုင်လောက်မှာ အကြည်ဆိုက်နေလောက်ပြီဟု တွေးလိုက်သည်။

ဖခင်၏ကျန်းမာရေးသည် သူနှင့်လုံးဝမဆိုင်သလို တာဝန်တွေကင်းမဲ့နေ၏။ လရောင်အတွက်ကတော့ တာဝန်ဆိုတာ သိလေ ပိုကြီးလေပါပဲ။

■ ■ ■



## အခန်း (၁၄)

"ဟင်"

လရောင်၏အံ့သြခြင်းတွေသည် ဦးဦးအခန်းထဲ ဝင်လိုက်သည်နှင့် မျက်လုံးအစုံကို ပြူးကျယ်ဝိုင်းစက်ကာ ဆံပင်မွှေးတွေပင် ထောင်ထသွားရလောက်အောင် ထိတ်လန့်သွားစေသည်။

"ဘုံ"

မြင်လိုက်ရသော မြင်ကွင်းက ဦးဦး၏ ဗီရိုကို ဖွင့်ကာ အထဲမှ ငွေတွေကို ယူနေသည့် ဘုံ့ကိုတွေ့လိုက်ရခြင်း ဖြစ်သည်။

ရှော့ခံစံ အသံကြား၍ လှည့်ကြည့်သည်။ လရောင်ကို တွေ့တော့ မျက်နှာပျက်ယွင်းကာ

"နင် ဘာလာကြည့်နေတာလဲ၊ လရောင် သွား အခန်းအပြင်မှာစောင့်နေ ဒယ်ဒီလာရင် ငါ့ကိုအသံပေး"

"ဦးဦး ဘုရားခန်းထဲမှာ တရားထိုင်နေတယ်"

"အေးလေ ဒါကြောင့် လာရင်ပြောလို့ ပြောနေတာပေါ့"

ဖျူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီ ဒီငွေတွေ ဘာလုပ်မလို့လဲဟင်"

ဘုံဘောမှာ ရှိနေသော တစ်သောင်းတန်အုပ်တွေကို လရောင်ကြည့်ပြီး ဘုံကို မသက်သာသလို မေးလိုက်သည်။ ဘုံ လရောင်ကို မလိုလားစွာ စွေစောင်းကြည့်သည်။

"နင် အသုံးလိုရင် ဦးဦးဆီက တောင်းသုံးပါလား"

"နင့်ပါးစပ်ပိတ်စမ်း လရောင်၊ ငါ့ကို ဆရာလာမလုပ်နဲ့၊ ငါ့မိဘဆီက ငါယူတာ နင်နဲ့ဘာဆိုင်လဲ၊ သွား ငါပြောသလိုလုပ်"

ရွှေဘုံစံ ကိုယ့်အပြစ်ကိုယ် မမြင်ဘဲ လရောင်ကိုသာ ရင့်သီးစွာ ပြောဆိုလွှတ်နေ၏။ လရောင် စိတ်ပျက်စွာ ခေါင်းကိုခါရမ်းပြီး အခန်းအပြင်သို့ ထွက်၍ ရှောင်နေလိုက်သည်။ ငွေကို ရေလိုသုံးနေရသော ဘုံ ဘာကြောင့် ခုလို ဗီရိုထဲကငွေတွေကို ဦးဦး မသိအောင် ယူနေရသနည်း။

"လရောင်"

ဘုံအကြောင်း တွေးပြီး စိတ်တွေရှုပ်ထွေးနေတုန်းရှိသေးသည် အနားရောက်လာသော ဘုံခေါ်သံကြောင့် အတွေးစတို့ကို ဖြတ်တောက်ကာ လှည့်ကြည့်လိုက်သည်။

"ဒီကိစ္စကို နင် ဘာမှမသိသလို ပါးစပ်ပေါက်ပိတ်နေနော်၊ ဒယ်ဒီကို ပြောလို့ကတော့ နင်အသေပဲ"

"အေးပါ ငါမပြောပါဘူး၊ ဘုံ နင်သာ နောက်တစ်ခါ အဲဒီလို ထပ်မလုပ်ပါနဲ့တော့၊ နင် ဒီငွေတွေကို ကျောင်းထင်အတွက် သုံးနေတာ





မဟုတ်လား၊ ဒီကောင်ရဲ့ရာဇဝင်က သိပ်မကောင်းဘူး ဘုံ၊ နင့်ဆီက သူလိုချင်တာ အကုန်ရလို့ နင့်ကို လိုက်ကပ်နေတာ၊ ငါ သူ့သတင်းကို စုံစမ်းပြီးသွားပြီ နာမည်ကောင်းသိပ်မရှိဘူး"

"ဒီမှာ လရောင် နင်က မစားရတဲ့အမဲ သဲနဲ့ပက်တာလား၊ ဟွန်း ကိုကို့ကို နင်က မကောင်းဘူးလို့ဝေဖန်ရအောင် နင်ကရော ဘယ်လောက် စာရိတ္တတွေကောင်းနေလို့လဲ၊ နင်က သူ့ရှိုးဆိုတာကိုရော မေ့သွားပြီလား၊ ဒယ်ဒီက လမ်းဘေးဇရပ်က ကောက်မွေးစားလိုက်လို့ ဒီလို အခြေအနေနဲ့ ဘဝင်မြင့်ပြမနေနဲ့၊ နင့်ကိုနည်းနည်းမှကို အထင်မကြီးဘူးရှင်းလား"

ဘုံ ပြောချင်တာကို အနိုင်ပိုင်းပြောပြီး လရောင်ရှေ့မှာ ငွေအထပ်လိုက်ကိုင်ကာ ချာခနဲ လှည့်ထွက်သွားသည်။

ပြဿနာ၏မြားဦးသည် မည်သို့ဦးတည်နေသည်ဆိုတာကို လရောင် မခန့်မှန်းမိသေး။ မာနတွေဖြင့် ခက်ထန်နေသော ဘုံ့နောက်ကျောကို စိတ်မောစွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သူက လရောင်ပင်ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဦးဦး ကျွန်တော် ရောက်ပါပြီ"

လရောင် ဦးမင်းသစ်ရှေ့မှာ ခပ်ရှိုရှို ရပ်လိုက်သည်။

"မင်း မနေ့က ငါ့ခေါင်းအုံးအောက်က ဗီရိုသော့ကို ယူပြီး ငွေတွေနှိုက်ယူတယ်ဆို၊ ငါ စစ်ကြည့်လိုက်တော့ ငွေဆယ်သိန်း လျော့နေတယ်"

ဦးမင်းသစ် အမေးကြောင့် လရောင် ထူပူသွားရလောက်အောင် ခေါင်းနပမ်းကြီးသွားရသည်။

"ဗျာ မ မယူပါဘူး ဘဘကြီး"

"မင်း ငါ့ကို ညာမယ်တော့ မကြံနဲ့နော်၊ ငါ အတိအကျ သတင်းရပြီးသွားပြီ လရောင်၊ မင်းက ကြောင်သူတော် ကြွက်သူခိုးပဲ ငါ မင်းကို တစ်လတာ အသုံးစရိတ် လုံလုံလောက်လောက် ထုတ်ပေးနေရဲ့သားနဲ့ မင်းခုလို ထပ်လုပ်တာ ငါ အံ့သြတယ်၊ ငါ အထင်ကြီးခဲ့တဲ့





မင်းရဲ့စိတ်တွေက တိရစ္ဆာန်တစ်ကောင်လောက်တောင် မမြင့်မြတ်တော့ပါလား"

ဦးမင်းသစ် ဒေါသကြောင့် တစ်ခါမှ မမြော်စဖူး လရောင်ကို ဆဲပစ်ခါခါ ပြော၏။ လရောင် စိတ်လှုပ်ရှားလွန်း၍ ရပ်နေသော ခြေအစုံ ပင် အားပြတ်သလို ခံစားလိုက်ရ၏။

"မ မဟုတ်သေးဘူး ကျွန်တော် လုံးဝ မယူပါဘူး၊ ဗီရိုထဲက ငွေယူဖို့မပြောနဲ့ ဦးဦးပေးထားတဲ့ လစဉ်အသုံးစရိတ်တွေတောင် ကျွန်တော် မသုံးဘဲ ဘဏ်ထဲ အမြဲထည့်နေတာပါ"

ကျေးဇူးရှင်တွေ၏ ဗီရိုဖွင့်ဖို့မပြောနှင့် ဤအိမ်ကြီးမှ အပ်တို တစ်ချောင်းပင် ကိုယ်ပိုင်သည့်ပစ္စည်းဟု သတ်မှတ်ခဲ့ဖူးသူ မဟုတ်။ သိအောင် ခိုးယူဖို့ဆိုတာတော့ ဝေးစွ။

တကယ်တမ်း ဦးဦးအခန်းထဲက ဗီရိုကိုသော့ဖွင့်ပြီး ငွေတွေ ယူခဲ့သူက လရောင်မှမဟုတ်တာ။ ဘုံ ယူခဲ့တာပဲ၊ သို့သော် ဘုံယူပါတယ် ဟု ဦးဦးကို အမှန်အတိုင်းဖွင့်မပြောရက်ပြန်။ ပြောလည်း မပြောရဲ ယုံခဲ့လျှင်ကိစ္စမရှိ မယုံခဲ့လျှင် လရောင်အပေါ်ထားသည့် သံသယတွေ ပို၍ ကြီးထွားကာ ပြဿနာက ပို၍ရှုပ်ထွေးသွားနိုင်၏။

ဒီတော့ ကျွန်တော် မယူပါဘူးဟုသာ ငြင်းဆန်ခွင့်ရှိသည်။ ဒီထက်ပိုပြီး လရောင်မှာ စောဒက တက်ခွင့်မရှိ၊ အပြစ်ကို လရောင်အနေ နှင့် ကျူးလွန်သည်ဖြစ်စေ မကျူးလွန် သည်ဖြစ်စေ ဦးမင်းသစ် ပေးသော အပြစ်ဒဏ်ကိုတော့ ကူကယ်ရာမဲ့စွာနှင့် လည်စင်းခံနေရဦးမှာပင်။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



လရောင့်အတွက်သီးသန့် ချမှတ်ထားသည့် ဤအိမ်ကြီး၏ စည်းကမ်း

လရောင် ထိုသို့ ချောင်ပိတ်မိနေစဉ် ရှေ့ဘုံစံ ရောက်လာသည်။ ဘုံ့မျက်နှာသည် ခက်ထန်နေသည်။ လရောင်ကိုကြည့်သော အကြည့်တွေက ခုတော့ နင် ဘာတတ်နိုင်သေးလဲဟု အဓိပ္ပါယ်ပေါ်သောအကြည့်မျိုးဖြင့် ခပ်ထေ့ထေ့ ပြုံးသည်။ ဘုံ့အပြုံးသည် လရောင်ကို ပို၍သွေးပျက်စေ၏။ စိတ်လှုပ်ရှားလွန်း၍ လရောင် ကိုယ်မှာ ချွေးတွေ ရွှဲနစ်လာသည်။

"နင် ဘာဖြစ်လို့ ပြောင်လိမ်နေတာလဲ၊ လရောင် မနေ့ညက ဒယ်ဒီဘုရားခန်းဝင်နေတုန်း ဗီရိုသော့ကို ဖွင့်နေတာ၊ ငါ အသေအချာ မြင်ခဲ့တာပဲ"

ဘုံ့စကားကြောင့် လရောင် တွင်းနက်နက်ကြီးတစ်ခုထဲ ကျသွားသလို ခံစားလိုက်ရသည်။ ဘုံမှာ ဒီလိုကောက်ကျစ်စဉ်းလဲတဲ့စိတ်ဓာတ်တွေ ဘယ်အချိန်ကတည်းက ရှိနေခဲ့တာလဲ။ လရောင် ခေါင်းကို ခါရမ်းလိုက်ပြီး

"ဘုံ ကျေးဇူးပြုပြီး ငါ့ကိုချောက်မတွန်းပါနဲ့၊ ငါ ပြောင်လိမ်နေတာ မဟုတ်ဘူး၊ ဦးဦး ကျွန်တော် တကယ်မယူပါဘူး ဦးဦးရယ်"

"မင်း ငါ့ကိုမလိမ်နဲ့"

ဦးမင်းသစ် မျက်နှာမှာ တင်းမာနေသည်။ ဦးမင်းသစ် အနေနှင့် သူ သိပ်ချစ်သော သမီး၏စကားကိုပဲ လရောင်ရဲ့ငြင်းဆန်မှုထက် ပိုပြီး ယုံကြည်တော့မှာပေါ့။

လရောင် ဦးဦးကိုလည်း အပြစ်မတင်ချင်တော့။ ထို့ကြောင့် လရောင် ဦးမင်းသစ်၏ခြေသလုံးကိုဖက်၍ တောင်းပန်ငြင်းဆန်၏





…ဘာကြီး မယုံကြည့်သော အရိပ်က လရောင်၏ ငြင်းဆန်တောင်းပန်ခြင်းတွေကို လက်မခံလို။

ဦးမင်းသစ် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ လက်ထဲမှာ ကိုင်ထားသော တုတ်ကောက်ဖြင့် လွှဲရိုက်တော့၏။ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာမည့် နာကျင်သောဝေဒနာကို အံတုနိုင်ဖို့သာ စိတ်ကို တင်းလိုက်သည်။ နှုတ်ခမ်းတွေ ပြတ်လုမတတ် ကိုက်ထားလိုက်၏။

"ဖုန်း ဖုန်း ဒုတ်"

"ခိုးချင်ဦးကွာ ခိုးဦး"

"အား"

"ဒယ်ဒီရိုက် တအားလွှဲရိုက် ဒီသူခိုးကို သေအောင်သာရိုက်"

နာကျင်ခြင်းတွေက သည်းခြေပြတ်မတတ် ပြင်းထန်နေသော်လည်း ဘုံကတော့ အပြုံးတွေဖြင့် လရောင် နာကျင်နေရသည့် မြင်ကွင်းကို အရသာရှိရှိ ထိုင်ကြည့်နေပြီး ဦးဦး ရိုက်ချက်တွေကို ဘေးကနေ အားသံပေး၍ အားပေးနေသေးသည်။

ဘုံ၏ရယ်မောသံတွေက ဦးဦး၏ရိုက်ချက်တွေနှင့်အပြိုင် သူ့နှလုံးသားထဲကို နာကျင်မှုတွေအဖြစ် တဆစ်ဆစ် တိုးဝင်လာကြသည်။

ဘုံ၏နှုတ်ထွက်စကားတိုင်းကို ဦးဦး ယုံကြည်နေမှတော့ လရောင် ဆက်ပြီး ငြင်းဆန်ဖို့မှ မလိုတော့တာ။ စိတ်တိုင်းကျ ရိုက်ပါစေတော့။ ဘုံလည်း စိတ်တိုင်းကျ ကျေနပ်ပါတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘုံ ဒီနေရာကြီးက ဘယ်လိုနေရာကြီးလဲဟာ၊ နင့်ချစ်သူက လည်း ချိန်းစရာရှားလို့ ဒီလိုရှေးဟောင်းအိမ်ကြီးမှာ ချိန်းရလားလို့"

ရွှေဘုံစံ သူငယ်ချင်း ဝတ်ရည်သည် ခြောက်ချားစရာကောင်း သော အိမ်အိုအိမ်ဟောင်းကြီးကိုကြည့်ကာ စိတ်ထဲမှာ မသိုးမသန့် ဖြစ်နေ သည်။

"အဟင်း ဟင်း ရှင်က ဘုံ့ချစ်သူအကြောင်းမှ မသိသေးတာ ဘုံချစ်သူက သိပ်ပြီး စိတ်ကူးယဉ်ဆန်တယ်၊ သူ့ရဲ့အတွေးစိတ်ကူးတွေက သာမန်ယောကျ်ားတွေနဲ့မတူဘူး၊ အရမ်းကို ရိုမန့်ဖြစ်လွန်းတယ်ဟ"

"ဟွန်း ငါတော့ အဲလို မထင်ဘူး၊ အကြံအဖန်ကြီးလို့ပဲ ထင် တယ်"

ဝတ်ရည်စကားကြောင့် ဘုံ မျက်နှာပျက်သွားသည်။

"ငါ့ချစ်သူကို အဲလိုမပြောပါနဲ့ဟာ၊ သူက ရိုးသားပါတယ်





ဘုံ့ကိုလည်း အရမ်းချစ်တယ်"

ဝတ်ရည် မသိမသာ မဲ့လိုက်သည်။

"နင့်ချစ်သူက ဘယ်မှာလဲ၊ အရိပ်အယောင်တောင် မတွေ့ပါ လား"

"အဲဒီအထဲမှာရှိတယ်၊ ငါ သွားတွေ့လိုက်ဦးမယ်၊ နင် ဒီမှာ ခဏစောင့်နေဦး"

ဘုံ ပြောပြောဆိုဆိုဖြင့် ကားတံခါးဖွင့်ပြီး ဆင်းလိုက်သည်။

"ဟဲ့ ဒီမှာ အိတ်ကျန်ခဲ့ဦးမယ် ရော့"

"ဩော် အေး မေ့နေတယ်"

ဘုံ ဝတ်ရည်လှမ်းပေးသော အိတ်ကိုလှမ်းယူပြီး အိမ်ကြီးထဲသို့ ခပ်သုတ်သုတ် ဝင်သွားသော ဘုံ့ကျောပြင်ကိုကြည့်ပြီး ဝတ်ရည် ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်သည်။

ကျော်မင်းထင်၏အကျင့်စရိုက်ကို သိထားသော ဝတ်ရည်မှာ ဘုံ့ကို ကျော်မင်းထင်နှင့်အဆက်ဖြတ်စေချင်ပေမယ့် ဘုံကိုယ်၌က ကျော် မင်းထင်ကို စွဲနေလေတော့ ပြောလည်း အပိုပင်။

ကိုယ့်မိဘဂုဏ် ကိုယ့်အဆင့်အတန်းနှင့် ဒီလိုနေရာမျိုးမှာ ချစ် သူနှင့်လာချိန်းတွေ့သော ဘုံကို ဝတ်ရည် ဘယ်လိုနားလည်ရမှန်းပင် မသိတော့။

■ ■ ■

"ဘုံ မျှော်လိုက်ရတာကွာ၊ ကိုယ်က လာတောင် လာမိတော့



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ စိတ်ပူနေတာ''

"လာမယ်လို့ ပြောထားပြီးမှတော့ လာမှာပေါ့ ကိုရယ်၊ ဒီနေ့ ကို မလာရဲလို့ ဘုံ့သူငယ်ချင်းကိုတောင် အဖော်ခေါ်လာခဲ့ရသေးတယ်"

ဘုံ့လက်ကို တယုတယ ဆုပ်ကိုင်ရင်း သူငယ်ချင်းပါလာသည် ဟု ပြောသော ဘုံ့စကားကြောင့် ကျော်မင်းထင် မျက်လုံးတွေ ဂနာမငြိမ် စွာဖြင့် အိမ်ကြီး၏အပြင်ကို လှမ်းကြည့်သည်။

"ဒါဆို ကိုယ်လိုတဲ့ငွေကို ဘုံ လာပို့မှန်း ဘုံ့သူငယ်ချင်း သိနေ ပြီပေါ့"

"ဟင့်အင်း မသိပါဘူး၊ ကိုယ့်ချစ်သူရဲ့ပြဿနာကို ဘုံက ပြော မလားလို့၊ ကဲ ရော့ ဆယ်သိန်းတိတိ နောက်ဆိုရင် ကားကို သတိထား ပြီးမောင်းပါကွယ်၊ ခုတောင် ကို တိုက်လိုက်တဲ့ကားက ဆယ်သိန်းလောက် နဲ့ ကျေအေးလိုက်လို့ပေါ့၊ မကျေနပ်လို့ ထောင်ပါချမယ်ဆိုရင် ဘုံတော့ ရင်ကျိုးရချည်ရဲ့"

စလင်းဘတ်အိတ်ထဲမှ ငွေဆယ်သိန်းအုပ်ကို ကျော်မင်းထင် လက်ထဲထည့်ပေးလိုက်ရင်း စိတ်ပူစွာ သတိပေး၏။

"အင်းပါ ကိုယ် သတိထားပြီး မောင်းပါ့မယ်၊ ကိုယ့်ချစ်သူ ဝယ်ပေးထားတဲ့ကားလေးကို ကိုယ်လည်း အတတ်နိုင်ဆုံး မထိခိုက်အောင် မောင်းပါတယ်ကွာ၊ ခုဟာက ဟိုဘက်က စပြီးမှားတာကွ"

"ဟုတ်ပါတယ် ဘုံကလည်း ကို့ကို အပြစ်တင်နေတာ မဟုတ် ပါဘူး၊ ဒီကားကို ဘုံ ဝယ်ပေးထားရလို့ ကားကိုနှမြောပြီး ပြောနေတာ





လည်း မဟုတ်ဘူး၊ ကို့ကို စိတ်ပူတာပါ"

"ဘုံ့စေတနာ မေတ္တာကို ကိုယ် နားလည်ပါတယ် အချစ်ရယ်၊ ကိုယ်ကလေ ဘုံ့ကိုအားနာနေတာ၊ ကိုယ် ကားဝယ်တုန်းက ဘုံ့ဆီက ချေးလှည့်ထားတဲ့ငွေကိုလည်း ပြန်ပေးချင်နေတာ၊ မာမီတို့က ခုထိ ငွေမလွှဲသေးလို့ ရှေ့လလောက်တော့ လွှဲမယ်ထင်ပါတယ်"

ကျော်မင်းထင် ဘုံ့လက်ကလေးကို ဆုပ်ကိုင်ထားရာမှ ဘုံ့ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ ဘုံကလည်း ကျော်မင်းထင် ၏ရင်ခွင်ထဲ အလိုက်သင့် တိုးဝင်မှီတွယ်လိုက်သည်။

အပြင်ဘက်မှာ နေရောင်ခြည်တို့သည် ထိန်တောက်နေပေမယ့် ဘုံ ရောက်ရှိနေသော အိမ်အိုကြီး၏အတွင်းပိုင်းကိုတော့ အလင်းရောင် ကောင်းစွာ မပေးနိုင်ချေ။ ဘုံ ကျော်မင်းထင်ကို မျက်စောင်းခပ်လက်လက် ထိုးရင်း

"ကြည့် ကိုနော် ဘုံနဲ့ကို့ကြားမှာ ကျေးဇူးတရားတွေ ပြန်ဆပ် တာတွေ လိုလို့လား၊ သိပ်ပြီး စိမ်းချင်နေတယ်ပေါ့လေ"

"ဩော် အချစ်ရယ် မလိုပေမယ့်လည်း ဒီငွေတွေကို ပြန်ပေး မှာပဲ ဘုံရယ်၊ ဘုံနဲ့ပတ်သက်လာရင် ကိုယ်ဟာ သိုက်တူးသမားဗီလိန် အဖြစ်မခံနိုင်ဘူး"

"ဟင့်အင်း ဘုံကတော့ ကို့ကို အဲလိုမထင်ပါဘူး၊ ကို့အခက်အခဲ တွေ ဖြေရှင်းပေးရတာကိုပဲ ပီတိဖြစ်မိတယ်၊ ဘုံက ကို့ကိုချစ်တာကိုး"

"ဒါဆို ညကျရင် ကိုယ် ဘုံ့ဆီကို လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ဘာမှလည်း မဆိုင်ဘူး''

''ဆိုင်တာပေါ့လို့ အဲဒီပိတ်တွေကို ဘုံတစ်ယောက်တည်း တား သုံးလို့မရဘူးလေ၊ အတူတူ မျှဝေစားကြမယ်''

ဘုံ ရှက်ရဲသောမျက်နှာလေးက ကျော်မင်းထင် ရင်ခွင်နှင့်မျှာ တမ်းကို အပ်ထားလေသည်။

ကျော်မင်းထင်က ဘုံ့မေးစေ့လေးအား လက်ဖြင့်ပင့်တင်ကာ ဘုံ နှုတ်ခမ်းကိုနမ်းသည်။ ဘုံ အလိုက်သင့် ကျော်မင်းထင်လည်တိုင်ကို လက်ဖြင့်ဆွဲယူလှမ်းဖက်လိုက်၏။

လေတိုးသံကြောင့် သစ်ရွက်စိမ်းများ ပွတ်တိုက်လှုပ်ခတ်သံ ကြားရသည်။ ခနစ်လွှာ ကချေသည်၏ဝတ်လဲတော်တို့ ခယဝပ်စင်းသွား ၏၊ အပွင့်ဝေသော နှင်းဆီပန်းတစ်ခင်းလုံး မုန်တိုင်းက သိမ်းပိုက်သွား ခဲ့သည်။

ထိုတဒင်္ဂလေးတွင် ဘုံသည် အရာရာကို မေ့လျော့၍နေခဲ့သော သည်။

■ ■ ■



## အခန်း (၁၇)

လရောင်သည် အန်ကယ်နိုင်ပေးသည့် လိပ်စာအတိုင်း အိမ် တစ်အိမ်ရှေ့တွင် ကားကိုရပ်လိုက်သည်။ ဦးမင်းသစ်ကို ပြုစုဖို့ ငှားထား သော နာ့စ်ကို အန်ကယ်နိုင့်ကိုယ်စား လာကြိုရခြင်း ဖြစ်သည်။

လူရိပ်လူခြေ မတွေ့သဖြင့် အိမ်ပေါ်သို့ တက်ခဲ့လိုက်သည်။ အိမ်၏အပေါက်ဝနား မရောက်ခင်မှာပင် မိန်းမတစ်ယောက်၏ စကား ပြောသံနှင့် ရယ်သံ ထွက်ပေါ်လာသည်။

အိမ်ထဲမှာ လူရှိနေတာ ကျိန်းသေသွားပြီမို့ လရောင် ဖွတ်ဝင်ဖို့ မသင့်တော်သဖြင့် ချောင်းတစ်ချက် ဟန့်လိုက်သည်။

''အမလေး ငါ့မောင်ရယ် ငါ့မောင်တစ်ယောက်ထဲ မမကို လှ တုန်း ချောတုန်းလို့ ပြောမယ့်လူရှိတာယ်၊ ကဲပြော ငါ့မောင် ဘာစားမလဲ မမကို လှတုန်းပဲလို့ ပြောတဲ့အတွက် မမက စားချင်တာကျွေးမယ် အဟင်း ဟင်း ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



လရောင်၏ခေါင်းဟန့်လိုက်သံသည် ချိအိအိရယ်သံကို မထိုးဖောက်နိုင်။

"မလိုပါဘူး မမရာ၊ ဩော် ဒါနဲ့ လေချိုသွေးရော"

"ရှိပ့်ါ အရည်မရ အဖတ်မရ အလုပ်ကို သွားလုပ်မလို့တဲ့လေ၊ မမလည်း မပြောချင်ဘူး၊ ကိုယ့်သားသမီးအရင်း မဟုတ်တော့လည်း ပြောရခက်သား ငါ့မောင်ရယ်"

"လေချိုက ဘာအလုပ်လုပ်မှာမို့လဲ"

လရောင် လေ့ကားအတက်အဆင်းတွင် ရပ်နေသည်။ အိမ်ရှင်တွေကို လှမ်းခေါ်ဖို့အတွက် သူတို့ဟာသူတို့ ပြောနေလိုက်ကြတာ လေမတိုး။

"နာ့စ်အလုပ်လေ၊ လစာလေး နှစ်ပဲခြောက်ပြားကို မက်ပြီးသွားလုပ်ဦးမယ်၊ သူ့အဖေက နာ့စ်သင်တန်းကို တက်ခိုင်းထားတော့ အဲဒီလက်မှတ်နဲ့ လုပ်စားလို့ရတယ်လေ၊ ပထမတုန်းက အထည်ဆိုင်က အဘိုးကြီးကို သွားပြုစုရတာ၊ ခု အဲဒီအဘိုးကြီးဆုံးသွားတော့ အိမ်မှာ ငုတ်တုတ်၊ ခုလည်း လာပြန်ပြီ အဘိုးကြီးတစ်ယောက်ကို ပြုစုရဦးမယ့် အလုပ်ပေါ်လာပြန်ပြီ၊ သူပဲ အဘိုးကြီးတွေနဲ့ အကျိုးပေးနိုင်လွန်းတယ်၊ ဟွန်း အမေလုပ်တဲ့သူက ပိုက်ဆံသုံးနိုင်တဲ့ငွင်လေးတွေနဲ့ စပ်ပေးတော့လည်း အသက်သာအသေခံမယ် ယောကျ်ားတွေနဲ့ တွဲရမယ့်အလုပ်ကို မလုပ်ဘူးတဲ့လေ၊ ကိုယ့်စေတနာကို စော်ကားတာ၊ နောက်ဆုံး မိတွေးနဲ့ လို့ လင်ပါသမီးကို မကောင်းတဲ့လမ်းပေါ်တင်ပေးတယ်လို့ အပုတ်ခတ်





ခံရရော"

"ဟင် ဒါနဲ့ ဟိုတလောက မမပဲ သူ့ကိုရွှေဆိုင်ပိုင်ရှင်နဲ့ စပ်ပေးလိုက်တယ်ဆို ငြိမသွားဘူးလား"

"အမလေး ငြိမသွားပါဘူးတော်၊ ကိုယ်ပဲ ကြားထဲက မျက်နှာပျက်ရတယ်၊ ကောင်မက သူချစ်တဲ့သူနဲ့ပဲ လက်ထပ်မှာတဲ့လေ၊ မချစ်တဲ့သူနဲ့တော့ တစ်ဘဝလုံး ဆင်းရဲဒုက္ခခံပြီး မပေါင်းနိုင်ဘူးဆိုပြီး ငါ့ကို မျက်နှာဖျက်လိုက်တယ်လေ၊ ပါးစပ်ထဲရောက်ခါနီးမှ ပုတ်ထုတ်ခံလိုက်ရတာ"

လရောင် မစောင့်နိုင်တော့၊ ပြောနေသော စကားတွေကလည်း စည်းလွတ်ဝါးလွတ်တွေ၊ ဘယ်လိုစရိုက် ဘယ်လိုအဆင့်အတန်းတွေလည်း မသိပါဘူးဟု စိတ်ထဲက ခပ်ချဉ်ချဉ် တွေးလိုက်မိသေး၏၊ သူတို့ပြောနေတာတွေကိုလည်း ဆက်ပြီး နားမထောင်ချင်တော့၊ ထို့ကြောင့် ချောင်းထပ်ဟန့်လိုက်သည်။

"အဟမ်း အဟမ်း"

လရောင်၏ချောင်းဟန့်သံ ခပ်ကျယ်ကျယ်ကြောင့်စကားစ ပြတ်သွားသည်ထင်သည်၊ အိမ်ပေါက်ဝသို့ လျှောက်လာသော ခြေသံကို ကြားရသည်။

"ဩော် ဘယ်သူနဲ့တွေ့ချင်လို့လဲ မောင်လေး"

ချိုကြည်သောအသံကို သာမန်ထက် ပိုပြီးနွဲ့အောင် ပြောနေသော ထိုမိန်းမကြီးကို လရောင် ဝတ္တရားအရ ပြန်ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆရာမ လေချိုသွေးကို လာကြိုတာပါ"

လရောင် ထိုမိန်းမကြီး၏အပြုံးကို သတိထားမိသွားသည်။ စိတ်ထဲမှာ အမေနှင့်တူလိုက်တာဟုလည်း တွေးလိုက်မိသေးသည်။ ရင်ထဲမှာ ဘာမှန်းမသိသော အရိပ်တစ်ခု ဖြတ်ပြေးသွားပြီး အမေများဖြစ်နေမလား ဟူသော ခံစားမှုက လူတစ်ကိုယ်လုံးကို စိတ်နှင့်ကိုယ်နှင့်မကပ်လောက်အောင် အာရုံတွေ ထွေပြားသွားသည်။ ဆံပင်တွေကောက်ကွေး လိမ်တွန့်ကာ မိတ်ကပ်အဖွေးသားနှင့် အရွယ်နှင့်မလိုက်အောင် ပြင်ဆင်ထားသော ထိုမိန်းမကြီးသည် အနှစ်နှစ်အလလက တမ်းတရှာဖွေနေသော အမေနှင့် ရုပ်ချင်းဆင်တာလား။ ဒါမှမဟုတ် လရောင်၏အမေပဲလား။

"ဟော့ ဝင်ထိုင်ပါဦး အဟင်း လူကို ဘာလို့အဲလောက် စိုက်ကြည့်နေရတာလဲ"

လရောင် ဒီတော့မှ သတိလက်လွတ် ငေးမောနေမိသော ကိုယ့်အဖြစ်ကို ပြန်ပြီး ကိုယ်ရှိန်သတ်ကာ

"ဩော် ဟုတ်ကဲ့ အန်တီ"

လရောင် ဧည့်ခန်းထဲရှိ သူတို့ ထိုင်နေရာ ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"လေချိုရေ ဒီမှာ နင့်ကိုလာကြိုတဲ့ သူဌေးအိမ်ကလူ ရောက်နေတယ်"

လေချိုသွေးကို လှမ်းခေါ်နေပေမယ့် ထိုအမျိုးသမီးကြီး၏ အကြည့်က လရောင်ဆီသို့ အကဲခတ် ရှုစမ်းသော အကြည့်တွေ တနင့်





တပိုး ကျနေသည်။ လရောင် မကြည့်ရဲတော့ဘဲ ခေါင်းကို ငုံ့ထားလိုက်သည်။ အခန်းထဲမှ လေချိုသွေး ထွက်လာသည်။ လရောင်ကို မြင်တော့ လေချိုသွေး ခြေလှမ်းတွေ တွန့်ဆုတ်သွားသည်။

"ရှင် ရှင်လား ကျွန်မကို လာကြိုတာ"

"ဟုတ်ပါတယ်"

"ညည်းတို့က သိနေကြလို့လား လေချို"

အမျိုးသမီးကြီး၏အမေးကြောင့် လေချိုသွေး အံ့ဩရိပ်ပါသော မျက်နှာကို ထိန်းလိုက်ပြီး

"ဟင့်အင်း မသိပါဘူး အမေ ဒါ လေချို ပြုစုရမယ့် အန်ကယ်ကြီးအိမ်ကလားလို့ မေးတဲ့သဘောပါ"

ဝတ္တရားအရ ဖြေရှင်းပြနေပေမယ့် လေချိုသွေးမျက်နှာက ခနွဲ့တွေးမှုနှင့် လေးနက်မှု သိပ်မရှိ။ မိခင်နှင့်သမီး ဆက်ဆံရေးလိုရင်းနှီးမနေဘဲ စိမ်းတောက်နေ၏။ လုပကြော့ရှင်းသော မျက်နှာလေးပေါ်မှာ နူးညံ့ခြင်းတွေ မရှိသလောက်ကို သွေးအေးခြင်းတွေ ပြည့်နေ၏။

ထိုမိန်းမကြီးနှင့်စကားပြောနေသောလူ၏ မျက်လုံးအကြည့်တွေသည်လည်း လေချိုသွေးအပေါ်မှာ ရှိနေသားမှုမရှိ။ လိုချင်တပ်မက်ခြင်းတွေနှင့် ဂနာမငြိမ်။

"လေချိုရယ် ကိုယ့်ရုပ်ကိုယ်ရည်လေးနဲ့ သက်သက်သာသာအလုပ်ကလေး ရွေးလုပ်ပါလား၊ သေခါနီးလူမမာကြီးကို ပြုစုရတဲ့အလုပ်ကြီးကို လေချိုမို့ လုပ်တယ်၊ ကိုယ်တော့ တွေးကြည့်ရုံနဲ့တင် အော်ဂလီ



www.burmeseclassic.com

www.burmeseclassic.com



ဆန်တယ်''

မျက်နှာလို မျက်နှာရ ပြောဆိုစွက်ဖက်နေသော ထိုလူ့ကို လေချို မနှစ်မြို့စွာကြည့်လိုက်ပြီး

''လူဆိုတာ သေမျိုးချည်းပါပဲ ကိုရန်နိုင်ရယ်၊ မွေးလာကတည်းက သေမယ့်အချိန်ကို အာဟာရဖြည့်တင်းပြီး စောင့်နေကြရတာ မဟုတ်ဘူးလား၊ လေချိုကတော့ လူမှာ ပြုစုရတဲ့အလုပ်ကို အော်ဂလီဆန်စရာ အလုပ်လို့ မထင်ဘူး။ သိပ်ကို မြင့်မြတ်စင်ကြယ်တဲ့အလုပ်ဆိုပြီး ကိုယ့်ကိုကိုယ် ဂုဏ်ယူမိတယ်၊ လောကမှာ ကိုယ်ကျင့်တရား မကောင်းတဲ့အလုပ်ကို လုပ်နေတဲ့သူတွေကမှ တကယ့် အော်ဂလီဆန်စရာ လူတန်းစားတွေပါ''

လေချို အားမနာတမ်း ပြတ်သားစွာပြောပြီး သူ့အဝတ်အိတ်ကိုဆွဲကာ အိမ်ပေါ်မှ ဆင်းခဲ့လိုက်သည်။ ကိုရန်နိုင်ဆိုသည့်လူ မျက်စိမျက်နှာပျက်ကာ ကျန်ခဲ့၏။ လရောင် ဒီအတိုင်း ပြန်ထွက်ခဲ့လျှင် ရှိုင်းရာကျမည်စိုး၍

''အန်တီ ကျွန်တော် သွားလိုက်ပါဦးမယ်''

''ကောင်းပါပြီ''

လရောင် ထိုအိမ်ထဲမှ ပြန်အထွက်တွင်တော့ လေချိုမိတွေးဖြစ်သော ထိုအမျိုးသမီးကြီးနှင့်ပတ်သက်ပြီး ရင်မှာ ဖဝေဖဝါ ဖြစ်ခဲ့ရသည်။

■ ■ ■



## အခန်း (၁၈)

''ဦးဦး နာ့စ်ရောက်ပါပြီ''

အရင်ရက်က ဗီရိုသော့ဖွင့်ပြီး ငွေယူသည့်ကိစ္စနှင့်ပတ်သက်၍ ဦးမင်းသစ် လရောင်ကို သိပ်စကားမပြော။ လရောင်ကိုမြင်တော့ အည်တင်းသော မျက်နှာဖြင့် ကြည့်ပြီး အနောက်မှ လေချိုသွေးပါလာသည်ကို မြင်မှ မျက်နှာကြော နည်းနည်းလျှော့ကာ ခေါင်းဆတ်ပြ၏။

''ဝင်ခဲ့ကြ''

''လာ ဆရာမ၊ ကျွန်တော် ဦးဦးနဲ့ မိတ်ဆက်ပေးမယ်''

လရောင် ဦးဆောင်၍ ဦးမင်းသစ် အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

''ဒါ ဆရာမ ကျွန်းမာရေးစောင့်ရှောက်မှုပေးရမယ့် ဦးမင်းသစ်ပါ''

''ဟုတ်ကဲ့ အန်ကယ် ကျွန်မနာမည် လေချိုသွေးပါ''

ဦးမင်းသစ် ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်က ဘယ်မှာလုပ်ဖူးလဲ"

"ရွှေဗဟို အထူးကုဆေးခန်းမှာ လုပ်ပါတယ်၊ အဲဒါအပြင် အချိန်ပိုင်းကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ အလုပ်လည်း လုပ်ပါတယ်"

ဦးမင်းသစ် လေချိုသွေးကို အကဲခတ်သလိုကြည့်ပြီး

"လူနာတစ်ယောက်ကို ပြုစုရတော့မယ်ဆိုရင် မင်းအနေနဲ့ အရင်ဆုံး ဘယ်လိုဝန်ဆောင်မှုမျိုး စပေးမလဲ"

"အရင်ဆုံး Treatment chart ကိုကြည့်ပြီး ဆရာဝန် ညွှန်ကြားထားတဲ့ဆေးတွေကို တစ်နေ့ အကြိမ်ရေ ဘယ်နှကြိမ် ဘယ်အချိန်မှာ တိုက်ရမယ်ဆိုတာကို အရင်ဆုံး သိအောင် လုပ်ရပါမယ်၊ လူနာရဲ့တစ်နေ့တာ ကျန်းမာရေးမှတ်တမ်းကိုလည်း ရေးရပါမယ်"

ဦးမင်းသစ် လေချိုသွေး၏အဖြေသည် လက်ခံနိုင်လောက်သည့် အဖြေမို့ သဘောကျသည့် အနေဖြင့် ခေါင်းတညိတ်ညိတ်လုပ်သည်။

"ဒီမှာကတော့ အချိန်ပိုင်းထက် အချိန်ပြည့်တာဝန်ယူရမယ့် တစ်ပတ်ကိုတစ်ရက်တော့ အပြင်ထွက်ခွင့်ပေးမယ်၊ လစာအနေနဲ့လည်း မနစ်နာစေရပါဘူး ဘယ့်နှယ်လဲ မင်းလုပ်နိုင်ပါ့မလား"

မေးဆတ်၍မေးလိုက်သော ဦးမင်းသစ်အမေးကို လေချို ပေါ့ပေါ့ပါးပါးပင် ဖြေလိုက်၏။

"ဟုတ်ကဲ့ လုပ်နိုင်ပါတယ် အန်ကယ်"

"နောက်ပြီး မင်းကို တစ်ခုမှာချင်တယ်၊ ဒီအခန်းဟာ မင်းအတွက် လူနာတစ်ယောက်ရှိတဲ့အခန်းမို့ လူနာခန်းပဲ၊ ဒီလူနာခန်းမှာ





အရာရာကို စေတနာအပြည့်အဝ ဖွဲ့ရှိရှိနဲ့ ယူသင့်တဲ့အပိုင်းကို တာဝန်ယူပေးပါ၊ ဒါမှ ကျန်းမာရေးဝန်ထမ်းကောင်းအဖြစ် အောင်မြင်မှာပေါ့"

"ဟုတ်ကဲ့ အန်ကယ် ဆုံးမတာတွေကို ကျွန်မ လိုက်နာပါ့မယ်"

"အခု အန်ကယ့်မှာ ဘာရောဂါတွေဖြစ်နေလဲဆိုတာ မင်း အန်ကယ့်ရဲ့ chart ကိုကြည့်ရင် သိလိမ့်မယ်၊ ခုထိုင်နေတဲ့ အနေအထားကို လူကောင်းအတိုင်းလို့တော့ မထင်လိုက်နဲ့၊ ခန္ဓာကိုယ်ထဲမှာ ရောဂါတွေက များလွန်းလို့ စိတ်တောင်ပျက်မိပါရဲ့၊ ကဲပါ ခု လောလောဆယ် မင်း အခန်းမှာ နေရာချလိုက်ပါဦး လရောင် လိုက်ပို့လိုက်"

"ဟုတ်ကဲ့ ဦးဦး"

လရောင် လေချိုသွေး နေရမည့်အခန်းကို လိုက်ပို့ပေးရန် ဒေါ်မြိုင့်ကို သွားခေါ်လိုက်သည်။

"ဒေါ်မြိုင် ဆရာမ လိုအပ်တာတွေကို အားလုံး စီစဉ်ပေးပါ၊ အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေရော အသစ်လဲပေးထားသေးလား"

"လဲပြီးပြီ လရောင်၊ ဒေါ်မြိုင် အခန်းသန့်ဆေးပါ တစ်ခါတည်း ဖြန်းထားလိုက်တယ်လေ"

"ရပါတယ် ကိုလရောင်ရယ် လေချိုက ဒီမှာ အလုပ်လာလုပ်တာပါ၊ ညှိသည်လို မဆက်ဆံလည်း ရပါတယ်၊ အားလုံး ပွင့်ပွင့်လင်းလင်းပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဆရာမရယ်"

လရောင်နှင့် လေချိုသွေးအနားသို့ ဘုံရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လရောင် နင် ဒီမှာ ဘာလာပြီး နှမ်းဖြူးနေတာလဲ၊ ခေါ်မြှင်လုပ်ပေးရမယ့်ကိစ္စကို နင် ဘာဝင်ပါနေတာလဲ"

"ဒီ ဒီလိုလည်း မဟုတ်ဘူးလေ"

"တော် ဘာမှထပ်ပြီး မထွန့်နဲ့၊ နင့်ကိုငါ ခိုင်းထားတဲ့ကိစ္စပြီးပြီလား၊ ငါ ဂဏန်းပျော့စားချင်တယ်လို့ ပြောတာ ဘယ်နှစ်ခါရှိနေပြီလဲ"

ဘုံ့အကြည့်တွေက ခက်ထန်သလို ဘုံ့မျက်ဝန်းရိပ်တွေမှာ လေချိုနှင့် လရောင်၏ဆက်ဆံရေးအပေါ် မနာလိုမှုတွေ ရောပြွမ်းကာ အထင်မြင်သေးရိပ်တွေနှင့် နှစ်မြို့ခြင်းမရှိ။ မျက်နှာ မသိမသာ ညှိုးသွားသော လေချို့ကိုကြည့်ပြီး လရောင် ကြားထဲက အားနာမိသည်။

"မလုပ်ရသေးဘူး ဘုံ၊ ဦးဦးအတွက် ဒီက ဆရာမကို သွားကြိုပေးနေရလို့"

"နင်က ခိုင်းလိုက်ရင် ဒီအတိုင်းပဲ၊ ဘာမှကို အသုံးမကျဘူး"

"ငါ ခုပဲ သွားဝယ်ပေးမှာပါ ဘုံ၊ ဒီနားမှာ ပင်လယ်စာဆိုင်ကောင်းကောင်း ရှိတယ်"

"တော်ပြီ ဘာမှမဝယ်နဲ့တော့၊ မစားတော့ဘူး၊ နင်ဟာလေ နင့်ရှေ့မှာ မိန်းကလေး လှတပတလေးတွေများ မြင်လို့ကတော့ အားလုံးကို မေ့တော့တာပဲ"

ဘုံ ပြောလိုက်သည့်စကားသည် လရောင် အတွက်တော့ ယောကျ်ားတစ်ယောက်၏ သိက္ခာတွေကို ရှုတ်ချလိုက်သလို အရှက်ရစေ





း အမှန်ဆို လရောင်က ဘုံပြောသည့် ယောကျ်ားမျိုးမှမဟုတ်တာ။ ဘုံ လေချိုရှေ့မှာ ဘာရည်ရွယ်ချက်နှင့် ပြောထွက်ခဲ့ရတာလဲ လရောင် တွေးစား၍မရ။

"ကဲ ကိုလရောင် ကျွန်မ အခန်းထဲဝင်တော့မယ်နော်"

လေချိုသွေး ကိုယ်နှင့်မဆိုင်သော ကိစ္စမို့ လရောင်နှင့်ဘုံရှေ့မှာ အကြောင်းမဲ့သက်သက် ဆက်မနေချင်တော့၍ လရောင်ကို နှုတ်ဆက်စကားဆိုပြီး ဘုံကိုပြုံးပြကာ အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

လေချိုသွေး ပြုံးပြသလို ဘုံက ပြန်ပြုံးပြခြင်းမရှိဘဲ နှုတ်ခမ်းကို ကွန့်ကွေးကာ မဲ့လိုက်ပြီး လေချိုသွေး နောက်ကျောကို ခပ်စွေစွေ လှမ်းကြည့်၏။

"ဟွန်း ရုပ်ကတော့ ယောကျ်ားတွေ ငမ်းငမ်းတက်မယ့်ရုပ်မျိုးပဲ၊ နောက်တည်းက ကြိုပြောထားမယ်နော် ဒီအိမ်မှာ နင်ကဘာလဲဆိုတာလည်း နင့်ကိုယ်နင် သိတယ်၊ ဒီတော့ ငါ့ရှေ့မှာ မျက်စိနောက်အောင် လာမလုပ်နဲ့ နင့်ရဲ့အချိန်တွေအားလုံးကို ငါတို့ပဲ ပိုင်တယ်၊ နင့်ရဲ့လုပ်ပိုင်ခွင့်တွေအားလုံးဟာ ငါတို့ရဲ့လောင်းရိပ်အောက်မှာပဲ ရှိရမယ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ဟာ နင့်ချစ်သူ ဒါမှမဟုတ် နင့်ရဲ့အိမ်ထောင်ဖက်တောင် နင့်ရဲ့ဘဝကို အကုန်လုံးမပိုင်ဘူး၊ ဒါကို နင့်စိတ်ထဲ မြဲမြဲမှတ်ထား"

သတိပေးချက်တွေဖြင့် လရောင်၏လွတ်လပ်ပိုင်ခွင့်တွေကို လောဘတကြီးသိမ်းယူချင်နေသော ဘုံကို လရောင် တအံ့တဩ ကြည့်လိုက်သည်။ ဘုံ ဘာဖြစ်နေတာလဲ၊ လေချို ရောက်လာမှ ဒီလို စကား



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေရွေးပြီး ပြောနေခြင်းဟာ အံ့သြစရာတော့ ကောင်းနေပြီ။ ဘုံ့ရင်ထဲမှာ ဘာတွေဖြစ်ပေါ်နေလို့ လေချို့ကို ရန်လိုနေရခြင်းလဲ၊ သဝန်တိုနေတာများလား မဖြစ်နိုင်။ ဘုံ့ဆီမှ အမုန်းတွေ အနိုင်ကျင့်မိုလ်ကျတာတွေသာရရှိခဲ့သည့် လရောင်အဖို့ ထိုသို့အတွေးဝင်နေတာဟာ ကြောင်တောင်တောင် နိုင်လွန်းပါ၏။

"ငါနဲ့လေချိုနဲ့က ဘာမှပတ်သက်နေတာမှ မဟုတ်တာ၊ သူက ဦးဦးကို ပြုစုဖို့လာတဲ့ နာ့စ်လေ"

"အေးပါ ငါကလည်း ငါ့ဒယ်ဒီကို ခုတုံးလုပ်ပြီး နင်တို့ ဇာတ်လမ်းတွေလုပ် ဖြစ်သမျှကို ငါ့ဒယ်ဒီ လိုက်ရှင်းနေရမှာစိုးလို့ သတိပေးတာ၊ နင့်ကို နမြောလို့ပြောနေတာလို့တော့ မထင်လိုက်နဲ့"

ပြောပြီးပြီးချင်း ချာခနဲ လှည့်ထွက်သွားသော ဘုံ့ခြေသံတဒုန်းဒုန်းက ကလေးဆန်လွန်းစွာ တမူထူးခြားနေသည်ကို လရောင် သတိထားမိသည်။ ထို့အတူ စိတ်ခံစားမှုတို့သည်လည်း ဦးတည်ချက်မဲ့စွာ မော့ရှသွားသည်။

ဘုံ့ပြောသလို ကိုယ့်ဘဝကို ဒီမိသားစုထဲမှာပဲ ဟိုးအရင်အချိန်တွေကတည်းက မြှုပ်နှံထားပြီးသားပါ။

■ ■ ■



အခန်း (၁၉)

"ဩော် ဆရာမလည်း အစောကြီး နိုးနေတာပါလား"

မနက်တိုင်း ဦးဦးကို ခြေဆုပ်လက်နှယ်ပြု နှိပ်ပေးနေကျမို့ ...ရောင် ဦးဦး အခန်းထဲသို့ ဝင်ရန် ခြေလှမ်းစလိုက်စဉ် လေချိုသွေးနှင့် ...ဆုံ၏။

"အင်း ဟုတ်တယ် ကိုလရောင်၊ အန်ကယ်များ အစောကြီး ...နေမလားလို့ လာကြည့်ရုံသက်သက်ပါ"

"ဦးဦးက အစောကြီးနိုးတတ်ပါတယ်၊ နိုးတာနဲ့ ကျွန်တော်ပဲ ...ဝေယျာဝစ္စကို လုပ်ပေးနေကျမို့ ဆရာမ ပြန်အိပ်ချင် အိပ်လိုက်ပါ၊ ... မနက်လေးနာရီပဲ ရှိသေးတာ"

"ကျွန်မ လုပ်ပေးစရာ ထွေထွေထူးထူး မရှိသေးဘူးဆိုရင်တော့ ...ခန်း ခဏဝင်ချင်တယ် ရမလား"

ယဉ်ကျေးစွာ တောင်းဆိုနေသော လေချိုသွေး၏ မနက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲက မျက်နှာဖောင်းဖောင်းလေးကို လရောင် ငေးမောလိုက်သည်။

မိန်းမတစ်ယောက်၏ အိပ်ရာထဲက အလှသည် ယောကျ်ားတစ်ယောက်ကို ဖွဲ့ဆောင်နိုင်စွမ်းရှိသည်ဟု လရောင် ယခင်က ဘာကြောင့်များ မတွေးမိခဲ့ပါလိမ့်။

လရောင် စိတ်ထဲမှာ လေချိုသွေးသည် တော်တော်လေးကို လှကြောင်း ယခု အရုဏ်ဦး မနက်ခင်းလေး ပို၍သေချာသွားသည်။

"ကိုလရောင်"

သတိလက်လွတ် ငေးမောနေမိသော လရောင်သည် တိုးသက်စွာ ခေါ်လိုက်သော လေချိုသွေးကြောင့် အိပ်ရာမှ ဖျတ်ခနဲ နိုးလာသူကို ဆတ်ခနဲ ထုန့်သွားကာ လေချိုသွေးကို မလုံမလဲ ကြည့်လိုက်သည်။

"ကျွန်မပြောတာ ပြန်ဖြေဦးလေ"

လေချိုသွေး မေးသာ မေးနေသည်။ သူမ မျက်နှာမှာ ရယ်ချင်စိတ်ကို ထိန်းချုပ်ထားဟန်ဖြင့် ပြုံးစစလေး ဖြစ်နေသည်။

"ဩော် အင်း ဟုတ် ဟုတ်ကဲ့ သုံးပါ၊ အဲ ဝင် ဝင်ပါ ဘုရား ရှိခိုးတာပဲ ကျွန်တော့်ကို ခွင့်တောင်းစရာလား ဆရာမရယ်၊ ကျွန်တော် တို့အိမ်အတွက် ဆရာမ ဘုရားရှိခိုးလို့ ပိုပြီးတောင် ကျက်သရေတိုးသေး တယ်"

"ဒါဆိုရင်တော့ ကျေးဇူးပဲ၊ ကျွန်မက အိမ်မှာလည်း မနက် ဆိုရင် အမြဲဘုရားရှိခိုး ... အဓိဋ္ဌာန်ပုတီးစိတ်နေကျလေ"

"ကောင်းတာပေါ့၊ ဒါဟာ ကျွန်တော်တို့လူငယ်တွေရဲ့ အနာဂတ်





ဖြတ်နိုင်တဲ့ စိတ်ကျင့်စဉ်လေးတစ်ခုပါပဲ"

လရောင် စိတ်ထဲတွေ့ရာ စကားလုံးကို နားထောင်ကောင်းအောင် သီကုံးပြီး ချီးမွမ်းလိုက်သည်။ လေချိုသွေးကို စတွေ့တုန်းက ဒီလောက် ယဉ်ကျေးသိမ်မွေ့သော မိန်းကလေးတစ်ယောက်ဖြစ်လိမ့်မည် ဟု ထင်မထားခဲ့မိ။

"ဟိုလေ ကျွန်မကို ဆရာမဆိုတဲ့ အသုံးအနှုန်းမျိုး မသုံးပါနဲ့ လား၊ ကျွန်မကို လေချိုလို့ ခေါ်လည်း ရပါတယ်၊ ကျွန်မကို ဆရာမလို့ ခေါ်ရင် ကျွန်မ အနေခက်လို့ပါ"

"ဟုတ် ဟုတ်ကဲ့ ဒါဆိုလည်း လေချိုလို့ ခေါ်ပါမယ်၊ နောက်ပြီး ဆရာမ အဲ လေချို့အပေါ် ကျွန်တော် တောင်းပန်စရာရှိတယ်"

လေချို့မျက်ဝန်းလေး ဝိုင်းစက်သွားကာ

"ဘာကို တောင်းပန်မှာလဲ ကိုလရောင်"

"လေချိုနဲ့ကျွန်တော် စပြီးဆုံတဲ့နေ့က ကျွန်တော့်ကြောင့် လေချို့ ထမင်းချိုင့် မှောက်ကျသွားတာကိုလေ"

လေချို ပြုံးလိုက်သည်။

"ရှင် တမင်သက်သက် လုပ်ခဲ့တာမှ မဟုတ်တာ၊ အဲဒီတုန်းက လေချိုလည်း ရှင့်အပေါ် ပြောဆိုတာ နည်းနည်းရိုင်းသွားတယ်၊ အဲဒီနေ့ က အိမ်မှာ အမေနဲ့ကလည်း စကားများလာလို့စိတ်က နည်းနည်းတိုနေ တာနဲ့ ကိုလရောင်က ထမင်းချိုင့်ကိုဝင်တိုက်တော့ လမ်းလယ်ခေါင်မှာ အဲဒီလေးနစ်ခြမ်းက ယက်ကန်ယက်ကန် ဖြစ်နေတဲ့ပုံလေးကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွားတာလည်းပါတယ်၊ ဒါကြောင့် လေချို စိတ်တိုပြီး ပြောမိပြောရာ ပြောခဲ့မိတာ၊ အဟင်း ခုပြောရင် ခုတောင် ပြန်ရယ်ချင်တယ် သိလား အဟင်း ဟင်း''

လေချို ခပ်သဲ့သဲ့ ရယ်သည်။ လေချိုရယ်တော့ လရောင်ပါ ဘာရယ်မဟုတ် လိုက်ရယ်လိုက်သည်။ တိတ်ဆိတ်နေသေးသော အိမ်ကြီး အတွင်းမှာ ရယ်သံနှစ်သံက ခပ်တိုးတိုး သာယာနေ၏။

■ ■ ■



## အခန်း (၂၀)

''ဝါး ကားလေးက အရမ်းမိုက်တယ် ဒယ်ဒီရာ၊ ဒီနှစ် မွေးနေ့ လက်ဆောင်က ဘုံ့ကို တော်တော်လေး ရင်ခုန်စေတာပဲ''

ခဲပုတ်ရောင် အမိုးပွင့်ကားလေးကိုကြည့်ပြီး ဘုံ ကလေးတစ်ယောက်လို မြူးတူးခုန်ပေါက်နေသည်။ ဘုံ ဒီလို ကားမျိုးလေးလိုချင်နေတာ ကြာလှပေါ့။ ဒယ်ဒီ့ကို ပူဆာချင်ပေမယ့် ဒယ်ဒီမသိအောင် လုပ်ငန်းသုံးငွေတွေကို လရောင်ဆီမှ ဖြတ်ခုတ်ပြီး ယူသုံးထားတာများနေ၍ ကိုယ့်အပြစ်ကိုယ် ပြန်ဆင်ခြင်ကာ မပူဆာရဲ။

နူတ်က ပေါ်တင်မပူဆာပေမယ့် အင်တာနက်ပေါ်မှာတွေ့ရသည့် ထိုကားလေးကို တော်တော်လေး ခရေဇီဖြစ်ကြောင်း ဒယ်ဒီသိစေရန် ထိုကားလေးကို ဘုံ ဖုန်းထဲမှာပင် ထည့်ထားပြလိုက်သည်။ ဒယ်ဒီကိုလည်း ထိုကားလေးကို အရမ်းကြိုက်ကြောင်း မကြာမကြာ

www.burmeseclassic.com



သိစေခဲ့သည်။

ဒီတော့ ဘုံ အရိပ်အခြေကို ကြည့်နေသော ဒယ်ဒီ ဘယ်နေတော့မလဲ။ နောက်ဆုံး မြန်မာပြည်မှာတောင် မရှိသလောက် ရှားသည့် ထိုကားမျိုးလေးကို ဒယ်ဒီ့မိတ်ဆွေ အီတလီက ကားကုမ္ပဏီမှ မှာယူရသည်။ ဒယ်ဒီက ဘုံ့ကို အဲလောက်ချစ်တာ။

"ဘုံ လိုချင်တဲ့ကားလေးကို ဒယ်ဒီ ဝယ်ပေးပြီးပြီနော်၊ ဒီတော့ ကားကို အရမ်းမမောင်းပါဘူးလို့ ဒယ်ဒီ့ကို ကတိပေးစမ်း သမီး"

ကားမောင်းအရမ်းကြမ်းသော ဘုံ့ကို ဦးမင်းသစ် စိတ်မချ၍ ကတိတောင်းရခြင်း ဖြစ်သည်။

"ရက်စ် ဒယ်ဒီ ဘုံ ဒီကားလေးကို မောင်းတဲ့နေ့ကစပြီး လုံးဝကို ကားမောင်းမကြမ်းတော့ပါဘူး၊ ကတိပေးတယ် ဟုတ်ပြီလား၊ အဲ ဒယ်ဒီဆီက နောက်ထပ် မွေးနေ့လက်ဆောင်တစ်ခု ထပ်တောင်းချင်သေးတယ်"

ဘုံ လက်ညှိုးလေးတစ်ချောင်း ထောင်ပြကာ မျက်နှာငယ်လေးဖြင့် အသနားခံဟန် လုပ်ပြ၏။ ဦးမင်းသစ် ကလေးဆန်လွန်းနေသော သမီးကိုကြည့်ပြီး မျက်ခုံးနှစ်ဖက်ကို နည်းနည်းရှုံ့လိုက်ပြီး

"ဘာထပ်လိုချင်သေးလို့လဲ သမီးဘုံ၊ ဒီကားရဲ့တန်ဖိုးက ကြီးတယ်နော်"

"အင်းပါ ဒယ်ဒီရဲ့၊ ဘုံ သိပါတယ်၊ ခုဟာက ဘုံမွေးနေ့ညနေပိုင်းမှာ ပါတီပွဲလေးသေးသေးလုပ်ချင်လို့ သူငယ်ချင်းလေး ဆယ်ယောက်





ဆယ့်ငါးယောက်လောက်ဆို ရပြီ"

"ဘယ်မှာလုပ်မှာလဲ ဟိုတယ်မှာလား"

"မဟုတ်ပါဘူး၊ အိမ်မှာပဲ လုပ်မှာပါ ဒယ်ဒီရယ် နော်၊ ခွင့်ပြုမယ်မဟုတ်လား၊ သူငယ်ချင်းတွေက ဘုံ့မွေးနေ့ပါတီကို လာဖို့ အဝတ်အစားချုပ်သူကချုပ် မွေးနေ့လက်ဆောင် ဝယ်ပြီးတဲ့သူဝယ်နဲ့ လုံးဝကို တက်ကြွနေကြတာ"

ဦးမင်းသစ် ပခုံးလေးကို ရီးလေးခိုနွဲ့ရင်း ဘုံ မရမက ပူဆာသည်။

"အင်းလေ ဒါဆိုရင်လည်း လုပ်ပေါ့၊ ဒါပေမဲ့ ဟော့ဟော့ရမ်းရမ်း သူငယ်ချင်းတွေကိုတော့ ဖိတ်ခွင့်မရှိဘူးနော်၊ ဒယ်ဒီက အရင်လို ကျန်းမာရေးသိပ်ကောင်းတော့တာ မဟုတ်ဘူး၊ သမီးတို့လူငယ်တွေရဲ့ ရန်ပွဲကို လိုက်မရှင်းပေးနိုင်ဘူး"

"အင်းပါ ဒယ်ဒီရဲ့ စိတ်ချ၊ ဒယ်ဒီ့ကို စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး"

ဘုံဘဝမှာ ဖြစ်ချင်သောဆန္ဒ လိုချင်တောင့်တမိသော အရာမှန်သမျှသည် ဘုံ့ဆီသို့ မလွဲမသွေ ရောက်လာကြရတာပင် ဖြစ်သည်။

လောကကြီးက ဘုံ့ကို အကောင်းစား အခွင့်အရေးတွေပဲ ပေးနေတာ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဘုံ မွေးနေ့ပွဲလေးသည် သူငယ်ချင်းများနှင့် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာဖြင့် အသက်ဝင်လျက် ဆူညံကခုန်နေကြ၏။

"ဟက်ပီးဘတ်ဒေး ဘုံ"

ကျော်မင်းထင် အသည်းပုံကတ္တီပါဘူးလေးကို ဘုံ လက်ထဲ ထည့်ပေးလိုက်သည်။

ဘုံ ချစ်သူကို အပြုံးလှလှဖြင့် ရွှန်းစားစွာကြည့်ပြီး

"သင့်ခယူ ကိုကို"

"ဝေး ဟေး ဟေး ဟက်ပီးဘတ်ဒေး"

ဘုံနှင့်ကျော်မင်းထင်၏ ကြည်နူးခန်းလေးကို သူငယ်ချင်းတွေက လက်ခုပ်သံ တဖြောင်းဖြောင်း အားပေးကြသည်။ ပြီးနောက် ညနေခင်း၏ မြူးကြွသော တေးသွားအောက်တွင် လွတ်လပ်စွာ ကခုန်နေကြ၏။

အားလုံးအပျော်တွေလွှမ်းနေကြချိန်တွင် လရောင်နှင့်အန်ကယ်





နိုင်တို့ တစ်ဖွဲ့လုံး အလုပ်တွေရှုပ်နေကြသည်။ ဘုံ သူငယ်ချင်းတွေကို ဘုမေးနှင့်ညှိခံဖို့ ပြင်ဆင်နေကြရသည်။

"ဘုံ့ မင်းရဲ့ကိုယ်ရံတော်လေးက ကြာလေ ပိုချော ပိုသန့်လာ သလိုပဲ၊ ငါတို့နဲ့ မိတ်ဆက်ပေးလေဟယ်"

သူငယ်ချင်းတွေ၏လရောင်အပေါ် အာရုံကျသွားမှုအပေါ် ဘုံ ခနစ်မြို့စွာဖြင့် မဲ့လိုက်ပြီး

"ဟွန်း နင်တို့ကလေ ယောကျ်ားမြင်တာနဲ့ မျက်နှာပိုးကို မ သတ်တော့ဘူး။ အဟင်း နင်တို့ထဲက သူ့ကိုကြိုက်တဲ့သူရှိရင် ငါ ချိတ်ပေးမယ်လေ၊ လရောင်က ငါသေဆိုသေ ရှင်ဆိုရှင်ပဲ အဲ တစ်ခုတော့ရှိတယ်၊ သူ့ကိုယူတဲ့သူက ဘုံရဲ့အစေခံ ဖြစ်မှာနော်၊ ဘယ်လိုလဲ ငါ့အိမ်မှာ အစေခံ အလုပ်နိုင်ကြမလား"

ဝတ်ရည်တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးတူမဲ့လိုက်ကြပြီး

"အဲလိုကြီးဆိုရင်တော့ နင့်ကိုပဲ ပြန်ပေးလိုက်တော့မယ်၊ ငါတို့က အကြင်နာပဲပေးတတ်တာ အစေခံတော့ မလုပ်တတ်ဘူး၊ မျိုးရိုးလည်း မရှိဘူးလေ"

လရောင်အနားမှ ဖြတ်သွားတော့မှ လေသံတွေမြှင့်ပြီး မကြားကြားအောင် ရိနေကြမှန်း လရောင်ကလည်း သိသည်။ လေချိုလည်း အသားကင်ဗန်းကြီးကိုင်ပြီး သူတို့နားမှ ဖြတ်သွားသဖြင့် လရောင် လေချို့ အတွက် စိတ်ပူသွားသည်။ သူတို့ လေချိုကိုလည်း အလွတ်ပေးကြမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

"ဩော် လေချိုသွေး ဒီကို ခဏလာပါဦး"

လရောင် အတွေးတောင် မဆုံးလိုက်။ ဘုံ လေချိုသွေးကို လှမ်းခေါ်၏။

"ဘာလုပ်ပေးရမလဲ ဘုံ"

"အဟင်း ဘာမှထွေထွေထူးထူး မလိုတော့ပါဘူး၊ ဒီမှာလေ သူငယ်ချင်းတွေကို လေချို့အကြောင်း ပြောနေတာ၊ ဒယ်ဒီ့ကို အရမ်းပြုစုကောင်းတယ်လို့၊ နောက်ပြီး မိန်းမချင်းသာ ထေမိဖာတ်ခင်းတာ ယောက်ျားတွေနဲ့ဆိုရင် စကားတွေအများကြီး ဖောင်ဖွဲ့အောင် ပြောတတ်လို့"

ပေါ်တင်ကြီး နှိပ်ကွပ်နေသဖြင့် လေချို့မှာ မျက်နှာမထားတတ်အောင် သိမ်ငယ်ရှက်ရွံ့သွားမိသည်။

"ဩော် ဒါနဲ့ ဝတ်ရည် မင်းရဲ့အစ်ကိုတစ်ယောက် အိတ်ရှိ ရောဂါဖြစ်နေတယ်ဆို၊ နင့်အစ်ကိုအတွက် နာ့စ်လိုရင် လေချိုကို ခေါ်နော်"

"ဟယ် တကယ်လား ခေါ်ရင်လိုက်သလား"

ဝတ်ရည်ကလည်း အတိုင်အဖောက်ညီညီ လေချို့ကို နှိပ်ကွပ်၏။

"လိုက်တာပေါ့ နင်တို့ သူ့ကိုစျေးချိုချိုသာပေး သူက အရွယ်သုံးပါးမရွေး လိုက်ပြီးသားပဲ"





"ဟယ် ဟုတ်လား၊ တတ်လည်းတတ်နိုင်တယ်နော်၊ ထင်တောင် မထင်ရဘူး အဟင်း ဟင်း ခစ် ခစ် ခစ်"

အားလုံး လေချိုကို ဝိုင်းလှောင်ကြသည်။ လေချို သူတို့ရှေ့မှာ ဆက်ရပ်နိုင်စွမ်း မရှိတော့၍ ဘာမှပြန်၍တုံ့ပြန်ပြောဆိုခြင်း မရှိတော့ဘဲ လှည့်ထွက်ခဲ့လိုက်၏။ ရင်ထဲမှာတော့ တဆစ်ဆစ်နဲ့ ခံရခက်လိုက်တာ။

"လေချို"

လရောင်၏ ခေါ်သံကြောင့် လေချို ဝေ့နေသော မျက်ရည်တို့ကို ပုတ်ခတ်ထိန်းလိုက်ပြီး လရောင်ကို ဝမ်းနည်းစွာ ကြည့်လိုက်သည်။

"သူပြောတာတွေကို စိတ်ထဲမထားပါနဲ့ သူ့အစား ကျွန်တော်တောင်းပန်ပါတယ်"

ဝေ့နေသော မျက်ရည်ကြည်တွေကို ပုတ်ခတ်ထိန်းလိုက်ရင်း ဘာမှမဖြစ်သလို ပြုံးလိုက်သည်။

"ရတယ် ကိုလရောင်၊ ကျွန်မစိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး"

"ကျေးဇူးတင်ပါတယ် လေချိုရယ်"

လူကြတာချင်းအတူတူ ဘာဖြစ်လို့ ဘုံ့ဆီမှာ ဒီလိုစိတ်ဓာတ်ဆိုး [illegible] ရှိနေရတာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"လရောင်ရေ ဘုံ ခေါ်နေတယ်"

ရေချိုးပြီး၍ ရေချိုးခန်းထဲမှ ထွက်လာသော လရောင်ကို အန်ကယ်ခိုင် အခန်းဝမှ လှမ်းအော်ပြောသွားသည်။

"ဟုတ်ကဲ့ အန်ကယ်ခိုင်၊ ကျွန်တော် သွားလိုက်ပါမယ်"

လရောင် ကိုယ်ပေါ်မှ ရေစက်တွေကို ကပျာကယာသုတ်ပြီး ဗီရိုထဲမှ စွပ်ကြယ်ချိုင်းပြတ်နှင့် ခပ်ပွပွဘောင်းဘီတစ်ထည်ကို အလျင်လိုစွာ ယူဝတ်လိုက်ပြီး ဘုံ အခန်းရှိရာသို့ ခြေလှမ်းခပ်သွက်သွက်လှမ်းလိုက်သည်။ စေ့ရုံ စေ့ထားသော ဘုံအခန်းဝတွင်ရပ်ပြီး

"ဘုံ ငါရောက်ပြီ၊ ဘာခိုင်းမလို့လဲ"

"ဝင်လာခဲ့"

လရောင် အခန်းတံခါးကို တွန်းဖွင့်ပြီး ဘုံ့အခန်းထဲ ဝင်ခဲ့လိုက်





သည်။ ဘုံလည်း လရောင်လို ရေချိုးပြီးစထင်သည်။ သူ့ကိုယ်မှာ မွှေးပွ ဘောက်ကြီး ပတ်ထား၏။ ပြစ်မျိုးမဲ့မထင် လှလွန်းသော ဘုံ၏ ထိုပုံစံကို ရောင် ရဲရဲမကြည့်ရဲ။ မျက်နှာလွှဲ၍နေရသည်။

"နင့်ကိုငါ ခေါ်ခိုင်းလိုက်တာ ကြာပြီ၊ ဘာကြောင့် ခုမှ လာရ တာလဲ"

"ငါ ရေချိုးပြီး အင်္ကျီထုတ်ဝတ်နေလို့ပါ၊ နင် ငါ့ကို ဘာခိုင်းမလို့ လဲ ဘုံ၊ ငါ ဘာလုပ်ပေးရမလဲ"

"ငါ့မျက်နှာကို ပေါင်းလာတင်ပေး"

ဒါဟာ လရောင် မကြာ မကြာ လုပ်ပေးနေကျမို့ မခက်လှပေမယ့် ဒီတစ်ခါတော့ လရောင်စိတ်ထဲ မဝံ့မရဲ ဖြစ်မိသည်။ အရာရာကို သူ့စိတ် တိုင်းကျ သူ့အလိုလို ဖန်တီးပေးရသော လရောင်သည် ဘုံ့အတွက်တော့ သံပတ်ပေးထားသော ကျွန်ရုပ်ကလေး တစ်ရုပ်လိုပင်။

သူ စိတ်မထင်လျှင် မထင်သလိုမျိုး တစ်နေ့တစ်မျိုး မရိုးရ အောင် ခိုင်းတတ်သော ဘုံသည် လရောင် စိတ်အနှောင့်အယှက်ဖြစ်နေရ ပြီဆိုလျှင် သူ ပျော်ရွှင်နေတတ်သည်။ ဒါဟာ သူ့ရဲ့တစ်နေ့တာ ပျော်ရွှင်မှု တွေဟု ပြောရမလိုပင်။

ဒီလိုပုံစံမျိုးနှင့် လရောင် ဘုံ့ကို ဘယ်လို မျက်နှာပေါင်းတင် ပေးရမလဲ။ ကိုယ့်အတွက်ဆိုတာထက် ဘုံ့အတွက်တော့ မည်သို့မှ မသင့် တော်။ ဦးဦး မြင်သွားလျှင်လည်း ကိုယ်သာလျှင် အပြစ်တင်ခံရဦးမည်။

"ဟိုလေ ဘုံ အင်္ကျီတွေဘာတွေ ဝတ်ပြီးမှ လိမ်းလိုက်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒီ ဒီပုံစံအတိုင်း ပေါင်းတင်ရင် ဘဘကြီးတို့ အနက်ကယ်နိုင်တို့မြင်ရ
တစ်မျိုးထင်သွားကြမယ်''

လရောင်၏အကြောင်းပြချက်ကြောင့် ဘုံ့မျက်နှာပေါ်မှာ တင
မာသော ဒေါသရိပ်တို့ လှစ်ခနဲ ပေါ်လာ၏။

''ဘာ နင်ကများ ငါ့ကိုမသင့်တော်ဘူး ဟုတ်လား''

''ငါ ငါက ဘုံ့အတွက်ပြောတာပါ''

''တော်စမ်းပါ နင်ကများ ဒီလို ပြောထွက်ရဲတယ် ဟုတ်လား
ဒီအိမ်မှာ နင်က ဘာအဆင့်လဲ၊ ဒယ်ဒီက ဘွဲ့လေးတစ်လုံးရအော
ပညာသင်ပေး လုပ်ငန်းတွေထဲထည့်သုံးထားတာနဲ့ နင့်ကိုယ်နင် ဘဝမြ
အောက်ခြေလွတ်သွားပြီပေါ့ ဟုတ်လား''

''အဲလို မဟုတ်ပါဘူး ဘုံရယ်၊ ကဲပါ နင့်အတွက် စိတ်အနှော
အယှက်မဖြစ်ဘူးဆိုရင် ငါ လုပ်ပေးပါ့မယ်၊ စိတ်မဆိုးပါနဲ့တော့ဟာ
နော်''

လရောင် ဘုံ ဒီထက်ဒေါသတွေ ထွက်မလာခင် ဘုံ့ဆန္ဒ
လိုက်လျောရန် စိတ်ကိုလျှော့ချလိုက်သည်။

''တော်ပြီ မလုပ်ပေးနဲ့တော့''

''ဘုံရယ် စိတ်မဆိုးပါနဲ့၊ ငါ တောင်းပန်ပါတယ်''

လရောင် ကိုယ်မမှားဘဲနှင့် ဘုံ့ကိုတောင်းပန်တိုးလျှိုးလိုက်သည်
တောင်းပန်တယ်ဆိုတာ လရောင်ဘဝမှာ ခေါက်ရိုးကျိုး၍ပင်နေသည်

''တော်ပြီ ဘာမှလာမလုပ်ပေးနဲ့တော့၊ နင် ခုချက်ချင်း





အခန်းထဲက ထွက်သွားတော့၊ နင့်ကို ဒယ်ဒီနဲ့လည်း တိုင်မယ် သိလား။
ကျွန်စုတ် သူခိုးဂျပိုး အင်းဟာ သွား နင့်မျက်နှာကို ငါ မကြည့်ချင်ဘူး''

လရောင်ကို ဘုံရှေ့မှာရှိနေသော မှန်တင်ခုံပေါ်က မိတ်ကပ်
ဗူလင်းတွေ ဆိုးရှင်းဘူးတွေနှင့် ပိတ်ပေါက်သဖြင့် လရောင် ဇရောင်ရင်း
တိမ်းရင်း ဘုံရှေ့မှ ထွက်ခဲ့လိုက်သည်။

ဘုံ အခန်းထဲမှာ အော်ဟစ်သောင်းကျန်းရင်း ကျန်ခဲ့သည်။

''ဘာတွေဖြစ်နေတာလဲ လရောင်''

အခန်းအပြင်အရောက် ဆီး၍မေးလိုက်သော ဦးဦး အမေး
ကြောင့် လရောင် ဘယ်လိုဖြေရမှန်းပင် မသိတော့။ အမှန်အတိုင်း
ဖြေဖို့လည်း မသင့်တော်။

''ဘုံလေး အကျီရှာမတွေ့လို့ ကျွန်တော့်ကိုသာပိုင်းရှာခိုင်းတာပါ''

''အေး ပြီးရင် ဒေါက်တာကို သွားကြိုရဦးမယ် မဟုတ်လား''

''ဟုတ်ကဲ့ ကျွန်တော် သွားကြိုလိုက်ပါမယ်''

ဦးဦး မျက်နှာပေါ်မှ ဘယ်လိုသံသယမျိုးမှ ရှိမနေ၍ လရောင်
ပင် အသက်ရှူချောင်သွားတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

''လေချို ဦးဦးအတွက် နွားနို့သွားပို့မလို့လား''

လေချို့လက်ထဲမှ ကိုင်လာသော နွားနို့ဖန်ခွက်ကိုကြည့်ပြီး မေးလိုက်သော လရောင်အမေးကြောင့် လေချို ခေါင်းဆတ်ပြ၏။

''ထမင်းရော စားပြီးပြီလား''

''မစားရသေးပါဘူး ကိုလရောင်''

''ဒါဆို သွားစားတော့လေ၊ အချိန်တောင် အတော်လင့်နေပြီ ပေး ကျွန်တော်ပဲ ဦးဦးကို နွားနို့နဲ့ဆေး သွားတိုက်လိုက်မယ်''

လရောင် လေချိုသွေးလက်ထဲမှ နွားနို့ဗန်းကို လှမ်းယူဖို့ ဟန် ပြင်သည်။

''ဟင့်အင်း ရပါတယ် ကိုလရောင်၊ လေချို ဘဘကြီး ဆေးတိုက်ပြီးမှ ထမင်းစားတော့မယ်''





''မဟုတ်တာ အားမနာပါနဲ့ လေချိုရယ်၊ တော်ကြာ လေချို အဆာလွန်နေမှာပေါ့၊ ခုပဲ ညကိုးနာရီ ထိုးတော့မယ်၊ ဒီအလုပ်တွေက လေချိုမလာခင်ကတည်းက ကျွန်တော်လုပ်နေကျ အလုပ်တွေပါ၊ အား နာပါနဲ့၊ အိမ်သားအချင်းချင်း ဒီလိုပဲ ကိုယ့်အလုပ်သူ့အလုပ် ခွဲခြား နေလို့မှမရတာ''

''ရှင်လည်း ကျွန်မကိုကြည့်ပြီး အားနာမနေပါနဲ့၊ ဒီအချိန် လေချို ထမင်းစားချိန် မဟုတ်သေးလို့ပါ၊ အဟင်း သူများကိုကျတော့ ညစာထမင်းစားခိုင်းနေတယ်၊ ရှင်ကရော စားပြီးပြီလား''

''ခုပဲ ဒေါက်တာ့ကိုပို့ပြီး ပြန်လာတာ၊ မစားရသေးဘူး''

''ဒါဆို အတူတူပဲလေ၊ ရှင်လည်း မစားရသေးသလို ကျွန်မ လည်း မဆာလို့ မစားရသေးဘူး၊ အဟင်း အခန့်မသင့်ရင်တောင် ထမင်းဝိုင်းမှာ သွားဆုံကြဦးမလား မသိဘူးနော်''

''အင်း ဟုတ်တယ် မထူးပါဘူး၊ ကျွန်တော် လေချို့ကို ထမင်း စားစောင့်နေမယ်၊ ပြီးရင် အတူတူစားကြတာပေါ့''

နှစ်ယောက်သား မတိုင်ပင်ဘဲနှင့် ထမင်းအတူတူ စားရန် အခွင့်အရေး ကြုံသွားသည်။

''ဒါဆိုလည်း ခဏတော့စောင့်၊ ကျွန်မ အန်ကယ့်ကို ဆေး သွားတိုက်လိုက်ဦးမယ်''

လရောင်အနားမှ လေချိုသွေး ထွက်သွား၏။ လရောင် လေချို သွေး၏နောက်ကျောပြင်ကိုကြည့်ကာ ခပ်ပြုံးပြုံးရပ်ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် သိပ်အူမြူးနေပါလား"

"ဟင် ဘုံ ငါ့ကို ဘာနိုင်းစရာရှိလို့လဲ"

"ငါ ညဘက်အဆာပြေစားဖို့ ငါ့အခန်းထဲ တစ်ခုခုလာပို့ဖို့ ပြောမလို့၊ နင်တို့အကြည်စိုက်နေတာကိုကြည့်ပြီး ရင်ထဲမှာ အော်ဂလီ ဆန်သွားသလိုပဲ"

ဘုံထံမှ ထေ့လုံးငေါ့လုံးတွေ စတင်ပြီ။

"ငါတို့က ရိုးရိုးသားသားပါ ဘုံရယ်"

"ရိုးသားတာတွေ ဆန်းပြားတာတွေ ငါ စိတ်မဝင်စားဘူး လရောင်၊ ဒီအိမ်မှာသူက ဘာမို့လို့လဲ၊ နင်က ငါ့ရဲ့ကျွန်လေ၊ ငါ့အလုပ်ကိုပဲ နင်လုပ်ပေးရမှာ၊ ငါ နိုင်းတာကိုပဲ လုပ်ရမှာ၊ ငါ့အလုပ်ကလွဲပြီး ဒီလို အခကြေးငွေပေးပြီး နိုင်းထားတဲ့ နာ့စ်တစ်ယောက်ရဲ့အလုပ်ကို နင် လုပ်ပေးစရာမလိုဘူး"

ရင့်သီးသော စကားလုံးတွေက လရောင်၏ရင်ဘတ်ကို အင် စစ်ရှည်တွေနှင့် ဖျန်းပက်နေသလို နာကျင်ရသည်။ ထိုနာကျင်မှုတွေထက် ပို၍ အနေခက်စေသည်က လေချိုသွေး ဘုံ့အနောက်မှာ ရောက်လာသဖြင့် လရောင် မျက်စိမျက်နှာပျက်၍သွားသည်။ ဘုံကတော့ လေချိုသွေး ရောက် နေမှန်းမသိဘဲ ပြောမြဲတိုင်း ဆက်ပြောနေ၏။

"ဦးဦးကို လာပြုစုတဲ့ နာ့စ်တစ်ယောက်ကို ငါက နွေးနွေးထွေး ထွေး ဆက်ဆံတာပါ"

"ဘယ်လို နွေးနွေးထွေးထွေး ဟုတ်လား၊ နွေးသွားအောင်





တစ်ခါတည်း ထွေးပွေ့ထားလိုက်ပါတော့လား၊ ဟွန်း ဒယ်ဒီ့ဆန္ဒကြောင့် သာ ဒီမိန်းမ ဒီအိမ်မှာ လာနေတာကို ငါ ဘာမှမပြောတာ၊ ငါ့အလိုဆိုရင် ဒီလိုမိန်းမမျိုး လုံးဝ မခေါ်ဘူး၊ ဒယ်ဒီ့ကို ချိန်နေသလိုလို နင့်ကိုမြူဆွယ် နေသလိုလိုနဲ့ ရုပ်ကိုက ဂနာကိုမငြိမ်ဘူး"

လေချို ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့သလို သည်းခံ နိုင်စွမ်းလည်း မရှိတော့၊ ဘဝမှာ အမည်းစက်မရှိအောင် နေလာရဲ့သား နှင့် ခုလို အပြောခံရတဲ့ လေချို့အဖို့ ဘယ်လောက် ဒေါသထွက် ခံပြင်း ရောကောင်းလိုက်ပါသလဲ။ ခြေလှမ်းတွေကို ဘုံ့အနားသို့ ရဲဝံ့စွာ တိုး ဝင်လိုက်ပြီး

"စကားကို အဲလို လက်လွတ်စပယ် မပြောပါနဲ့ ဘုံ၊ ကျွန်မာ ဆောင်ထမ်းအဖြစ် ခုလို အိမ်တွေမှာ လူနာကို လိုက်ပြုစုပေးနေရတာဟာ ကျွန်မရဲ့ဝါသနာနဲ့ ဝမ်းစာရေးအတွက်ပါ၊ လေချိုသွေးဆိုတဲ့ ကျွန်မဟာ ငွေကြောင့် ကိုယ့်ဂုဏ်သိက္ခာကို ဘယ်နှစ်ပြားဖိုးမှ မထိပါးသေးပါဘူး၊ ဒီနိုင်မှာ ငွေတွေအထပ်လိုက် ပုံပေးရုံမကလို့ ကျွန်မ တစ်ကိုယ်လုံးကို ရွှေတွေကွပ်ပေးပါ့မယ်ဆိုရင်တောင် ကျွန်မရင်ထဲက ခံစားမှုမပါဘဲ ပစ္စည်း ထင်ရုံသက်သက်နဲ့ ခန္ဓာကိုယ်ကို မရင်းဘူး"

"တောက် အောက်တန်းစား ပေါက်လွှတ်ပဲစားမကများ"

ရင့်သီးရိုင်းပျသော စကားလုံးရင့်ရင့်တွေနှင့်အတူ လေချိုသွေး ပါးပေါ်သို့ ဘုံလက်တစ်ဖက်က အရှိန်ဖြင့် ဖြတ်ရိုက်ချလိုက်သည်။

လွန်လွန်းအားကြီးလာသော ဘုံရဲ့အရိုင်းအစိုင်းစိတ်နှင့် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ချပ်ကြောင့် လရောင် စိတ်ထဲ ဒေါသထောင်းခနဲ ဝေသွားရ၏။

"ဟာ ဘုံ ဒါ ဒါ ဘယ်လိုလုပ်လိုက်တာလဲ၊ အဲဒီလောက် ရှိုင်းစိုင်းရလား"

လရောင် ဘုံ့လက်ကို ဆောင့်ဆွဲလိုက်သည်။ အားနာသော စိတ်တွေက ခန္ဓာကိုယ်ထဲရှိ သွေးကြောထဲမှာတောင် တဖျဉ်းဖျဉ်းနှင့် လူက သတိလက်လွတ်ဖြင့် ဘုံ့ကို လေသံမာမာဖြင့် ပြောမိသွား၏။

ဘုံ သိပ်ကိုမောက်မာလွန်းနေသည်။ ကိုယ်ကိုယ်၌က ဦးဦး၏ သမီးအရင်းဖြစ်လျက်နှင့် ကိုယ့်အဖေအခန်းထဲဝင်ပြီး နေကောင်းလား ဒယ်ဒီဟု မေးဖို့နေနေသာသာ နေသာနေသော ကိုယ့်အမှားကိုပင် ကိုယ် ပြန်ဆန်းစစ်ခြင်းမရှိဘဲ စေတနာနှင့် လာရောက်ပြုစုနေသော လေချို သွေးကို ခုလို ဆက်ဆံနေတာတော့ လုံးဝလက်မခံနိုင်။

"လရောင် နင် နင် ငါ့ကိုဘာလုပ်တာလဲ ကဲဟာ"

"ဖြန်း ဖြန်း ဖြန်း"

ဘုံ ရိုက်ချက်ကြောင့် လရောင်ပါးနှစ်ဖက် ထူပူသွားသည်။ သို့သော် လရောင် တစ်စက်ကလေးမျှ ပြန်ချေပခြင်းမရှိ။ ဘုံ အချက်တ ရာမက ရိုက်လည်း ထိုရိုက်ချက်တွေကို ကျေနပ်စွာ ခံယူရမှာပင်။ လရောင် မှာ ပြန်လည်ချေပနိုင်သည့်အင်အား မရှိ။

လေချိုသွေး လရောင်ကို ရိုက်လိုက်သဖြင့် ဘုံ့ကိုအခဲမကြေ လေချိုသွေးက ပြန်လည်ရိုက်လိုက်သည်။ ဖြူဖွေးနေသော ဘုံ့မျက်နှာပေါ် မှာ ရဲခနဲ ဖြစ်သွားသည်။ မထင်မှတ်ဘဲ အရိုက်ခံလိုက်ရသဖြင့် နီရဲကျ





စပ်သွားသောမျက်နှာကို အယောင်ယောင်အမှားမှား ပွတ်လိုက်ပြီး လရောင်ကို အခဲမကြေစွာကြည့်ပြီး

"လရောင် နင့်ကြောင့် နင့်ကြောင့် ငါ့ကို ဒီလိုအောက်တန်းစား မက ခုလိုစော်ကားရဲတာ"

ဘုံ အခဲမကြေသော ကျားသစ်မလေးတစ်ကောင်လို လရောင် ကို အခဲမကြေကြည့်ပြီး အနီးတွင်ရှိနေသော အလှပန်းအိုးကိုယူပြီး လရောင်၏ခေါင်းကို ခွပ်ခနဲ ရိုက်ချလိုက်ပြန်သည်။

"အင်းဟာ ကိုယ်နဲ့မဆိုင်ဘဲ ငါ့ကိုအာပြန်ခံဦး"

"အား"

ဖြာခနဲ ထွက်ကျလာသော သွေးတွေကိုကြည့်ပြီး လရောင် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ လေချိုသွေး ထင်မှတ်မထားသော မြင်ကွင်းကြောင့် စိတ်တွေလှုပ်ရှားသွားကာ လရောင်၏လဲကျမတတ် ယိုင်ထိုးသွားသော ခန္ဓာကိုယ်ကို ဝင်ထိန်းလိုက်သည်။

"ကိုလရောင် သတိထားနော်၊ ကျွန်မကြောင့် ဖြစ်ရတာပါ ဒါ ကျွန်မကြောင့်ပါရှင်"

လေချိုသွေး သူ့ကိုယ်သူပင် အပြစ်တွေပြန်၍ တင်၍မဆုံးတော့။ ရင်ထဲမှာ တစ်ခါမျှ မခံစားဘူးသော ခံစားမှုတွေနှင့်အတူ မျက်ရည်တို့ နှင့်သီးစွာ ကျလာသည်။

ဒီပွဲမှာ လေချိုသွေး ထပ်ပါလိုက်လျှင် အခြေအနေက ပိုဆက် ပင် ပိုဆိုးသွားမလားပင်။ ရင်ထဲမှာ လရောင်ကို သနားလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



စာဖွဲ့လို့ပင်မမီနိုင်။ စိတ်သဘောထားဖြူစင်မွန်မြတ်ပါလျက်နှင့် မိန်းမတစ်ယောက်ထံ ကျေးကျွန်တစ်ယောက်လို ခေါင်းငုံ့ခါးကိုင်း အလိုရှိသည့်အတိုင်း အခစားဝင် အနှိပ်စက်ခံနေရသော လရောင်၏ကံကြမ္မာကို ဘယ်လိုသုံးသပ်ရမှန်းတောင် မသိတော့။

■ ■ ■

## အခန်း (၂၄)

တံခါးခေါက်သံကြောင့် လရောင် ခုတင်ထက်မှထကာ တံခါးဆီသို့ လျှောက်သွားပြီး ဖွင့်ပေးလိုက်သည်။

"ဪ လေချို"

"ရှင့်ဒဏ်ရာကို ဆေးထည့်ပြီး ပတ်တီးအသစ်လဲရမယ်လေ"

"လေချို အားလို့လား၊ နောက်မှထည့်လည်း ရပါတယ်"

"အန်ကယ် ဘုံ့ကိုအခန်းထဲခေါ်ပြီး ရှင့်ကိုခေါင်းကွဲအောင်လုပ်လိုက်ရမလားဆိုပြီး ဆူနေလို့ ကျွန်မလည်း အခန်းထဲမဝင်ချင်တာနဲ့ ရှင့်ဆီ ထွက်လာလိုက်တာ"

"ဘုံကို ဆူနေတယ် ဟုတ်လား၊ ဦးဦးက ဘုံကို တစ်ခါမှ ဆူဖူးတာမဟုတ်ဘူး"

"ဒီတစ်ခါ သူ တော်တော်လွန်တာကိုး၊ တကယ်ဆို ရှင်ဘာအမှားမှမလုပ်တာ၊ ဘာပဲဖြစ်ဖြစ် ကျွန်မနဲ့စကားပြောတာကို သူ မနှစ်မြို့

www.burmeseclassic.com



ဖြစ်ပြီး ခုလို အခြေအနေမျိုးဖြစ်သွားရတာ ကျွန်မ စိတ်မကောင်းဘူး ကိုလရောင်"

"လေချို့ကြောင့် မဟုတ်ပါဘူး။ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော့်အတွက် ပထမဆုံးအကြိမ်မှ မဟုတ်တာ၊ ဟိုးငယ်စဉ် ကလေးဘဝကတည်းက ဘုံ့ရဲ့အနိုင်ကျင့်တာကို ခံခဲ့ရတော့ အဲဒီနာကျင်မှုတွေက ကျွန်တော့်ဘဝနဲ့ တစ်သားတည်းဖြစ်နေပါပြီ"

လေချိုသွေး လရောင်၏ခေါင်းမှ ပတ်တီးစကို တစ်လှာချင်း ဖြည်ချရင်း စိတ်မကောင်းဖြစ်လွန်း၍ သက်ပြင်းခပ်လေးလေး ချလိုက်သည်။ ခေါင်းမှဒဏ်ရာက လေးချက်ချုပ်လိုက်ရ၍ အနာသင် မကျက်သေးသဖြင့် ဒဏ်ရာကို စပရစ်စွတ်ထားသော ဂွမ်းစနှင့်သန့်ရှင်းရေးလုပ်လိုက်ပြီး ဆေးထည့်လိုက်သည်။

"ရှင် အရမ်းနာနေသလားဟင်၊ အနာသက်သာအောင် ဆေးတစ်လုံးလောက် ထိုးလိုက်မယ်လေ"

ဆေးထိုးမည်ဆို၍ လရောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာ နေ ရ ရပါတယ် လေချိုရယ်၊ ကျွန်တော် သောက်ဆေးတွေလည်း သောက်နေတာပဲ၊ အခုလည်း ဆေးတွေထည့်ထားတာဆိုတော့ မကြာခင် ပျောက်သွားမှာပါ၊ ကျွန်တော် အမှန်အတိုင်း ပြောရရင် ကျွန်တော့်အနားမှာ လေချိုရှိနေလို့လားမသိဘူး၊ ဒဏ်ရာက အနာကိုတောင် ကျွန်တော် သတိမထားမိတော့ဘူး၊ ဖြစ်နိုင်ရင် အဲဒီဒဏ်ရာကို တစ်သက်လုံး မပျောက်စေချင်တော့ဘူး"





"ဟော့တော် ရှင်ကလည်း တစ်မျိုးပါလား၊ ထူးဆန်းတယ်နော်၊ ဒါဆိုလည်း ဘုံ့ကို နောက်ထပ်တစ်ကြိမ် ခေါင်းရိုက်ခွဲခိုင်းလိုက်လေ"

လေချိုသွေး ရွဲ့ပြောမှန်းသိတော့ လရောင် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ရယ်နေရင်းမှ ရယ်သံနှောသော အသံဖြင့်

"ကျွန်တော်က ကျွန်တော့်ဘေးမှာ လေချိုကို ခုလိုပုံစံမျိုးရှိစေချင်တာလေ"

လိပ်ပြာအနမ်းခံရသော ပန်းတစ်ပွင့်လို လေချို့မျက်နှာလေးမှာ ရှက်သွေးဖြာသွားလေ၏။ ထိုတဒင်္ဂမှာ လရောင်ရော လေချိုရော အကြည့်ချင်းဆုံ အပြုံးချင်းဖလှယ်ပြီး ပွင့်လင်းလွတ်လပ်စွာ ရယ်မောလိုက်ကြသည်။

လောကကြီးထဲမှာ လရောင်အပေါ် စာနာဖေးမနိုင်မည့်သူ မရှိတော့ဘူးဟု တွေးထင်ထားခဲ့မိတာ ခုတော့ တက်တက်စင်အောင် လွဲ၍နေပြီ။

လေချို၏ရင်းနှီးနွေးထွေးသော လိုက်လျောမှုတွေသည် လရောင်၏ အင်အားမဲ့နေသော စိတ်အစဉ်ကို ပြန်လည်လန်းဆန်းလာစေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ခြံဝမှာ လူခေါ်ဘဲလ်သံကြောင့် ကုမ္ပဏီသွားခါနီးဆဲဆဲ အိမ်အပြင်ကို ထွက်လာသော လရောင်သည် ခြံအပြင်တွင်ရပ်နေသောသူကို လှမ်းကြည့်လိုက်သည်။

ခြံဝတွင် အမျိုးသမီးတစ်ဦး ရပ်ပြီး အိမ်ထဲကို လှမ်းကြည့်နေ၏။ အဝေးကမို့ မည်သူမည်ဝါ မသဲကွဲ။ လရောင် ခြံတံခါးသွားဖွင့်ဖို့ ခြေလှမ်းပြင်တုန်းရှိသေးသည်။ အန်ကယ်ခိုင် အိမ်ထဲမှ ထွက်လာပြီး

"လရောင် နေ နေ အန်ကယ်ခိုင် သွားမေးလိုက်ဦးမယ်"

"နေပါ ကျွန်တော်လည်း အပြင်ထွက်မှာပဲ၊ မထူးပါဘူး"

"အေးလေ ထူးမှမထူးတာ မင်း ကားခြံထဲကထွက်ရင် ခြံတံခါးကို ငါပဲ လာပိတ်ရမယ့်ဟာ တာမှမထူးဘူး"

လရောင် အန်ကယ်ခိုင့်စကားကြောင့် ရယ်လိုက်ပြီး ကားထဲဝင်ထိုင်ကာ စက်နှိုးပြီး မောင်းထွက်ခဲ့လိုက်သည်။





အန်ကယ်ခိုင် ခြံတံခါးဖွင့်ပေးပြီး ကားကို ခြံအပြင်မောင်းထွက်လိုက်ဘည်နှင့် ထိုအမျိုးသမီးကြီးက လရောင်ကို လှမ်းမေးသည်။

"မောင်ချိုသွေး ရှိလား"

"ဪ အန်တီပါလား၊ လေချို မရှိပါဘူး၊ ဦးဦးအတွက် လိုအပ်တဲ့ဆေးတွေ သွားဝယ်ပါတယ်"

"ပြော် အရေးထဲ သူက မရှိပြန်ဘူး၊ အရေးကြီးပါတယ်ဆိုမှ"

"ဘာများ အရေးကြီးလို့လဲ အန်တီ၊ ကျွန်တော် ဘာကူညီရမလဲ"

စကားလမ်းကြောင်းလိုက်သော လရောင်၏စကားကြောင့် ထိုအမျိုးသမီးမှာ မျက်စိမျက်နှာပျက် ညည်းတွားနေရာမှ ပြန်၍ အားတက်သွားကာ

"မင်း တကယ်ကူညီမှာလား"

"ဟုတ်ကဲ့ ပြောပါ အန်တီ"

"အန်တီ့ကို ငွေငါးသိန်းလောက် ပေးစမ်းပါ၊ လေချို့အဖေ ညက ဖဲဝိုင်းမှာ အဖမ်းခံရလို့"

"ဗျာ"

"မဗျာနဲ့ အရမ်းအရေးကြီးနေတယ်၊ မင်းပေးနိုင်မှာလား၊ မပေးနိုင်ရင်လည်း ငါ့သမီးကို ဖြစ်တဲ့နည်းနဲ့ ရှာခိုင်းရမှာပဲ"

"ဟုတ် ဟုတ်ကဲ့ ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကိုယ်ပိုင် ငွေကိုပေးရမှာမို့ ဘဏ်ကနေ ထုတ်ပေးမှ ရမယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



လရောင်မှ မကူညီလျှင် မဖြစ်သော အခြေအနေမို့ ကိုယ့်စကားနှင့်အညီ ထုတ်ပေးရတော့မှာပင်။

"ဒါက မင်းအပိုင်း မင်းကြိုက်သလိုလုပ်၊ အဓိကက ငွေငါးသိန်း ရဖို့ပဲ"

"ဒါဆို ကျွန်တော်နဲ့ဘဏ်ကို လိုက်ခဲ့လိုက်ပါလား၊ အန်တီလိုတဲ့ ငွေငါးသိန်းကို ဘဏ်ကနေ ထုတ်ပေးလိုက်မယ်"

BURMESE CLASSIC

"အင်းလေ မင်းကြိုက်သလို လုပ်ပေါ့"

"ဒါဆို ကားပေါ်တက်ပါ အန်တီ"

လေချို့ မိထွေး ကားပေါ်ကို တက်ထိုင်လိုက်သည်။ လရောင် ကားမောင်းနေရင်းမှ လေချို့မိထွေးကို မကြာခဏ ခိုးကြည့်မိသည်။

ဒါကို လေချို့မိထွေး သတိထားမိသွားသည်။

"မင်း ငါ့ကို ဘာလို့ ခဏခဏကြည့်နေတာလဲ"

"စိတ်မရှိပါနဲ့ အန်တီ၊ ငယ်ငယ်ကတည်းက ကွဲကွာခဲ့ရတဲ့ ကျွန်တော့်အမေနဲ့ တူလို့ကြည့်မိတာပါ"

"ဘယ်လို မင်းက အမေနဲ့ ငယ်ငယ်ကတည်းက ကွဲသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် လေးနှစ်သားလောက်မှာ အမေက ကျွန်တော့်ကို အဘိုးနဲ့ထားခဲ့ပြီး ရန်ကုန်ကို ထွက်သွားတယ်"

"ဒါဆို မင်းအဖေကရော ခု ဒီအိမ်မှာရှိနေတဲ့ အဘိုးကြီးက မင်းအဖေမဟုတ်ဘူးလား"





"မဟုတ်ပါဘူး၊ ဒီအိမ်က ဦးဦးက ကျွန်တော့်ကိုမွေးစားခဲ့တာပါ၊ အဘိုးနဲ့ရန်ကုန်တက်ပြီး အမေ့ကိုရှာရင်း အဘိုးလည်း ရန်ကုန်မှာပဲ ဆုံးသွားတယ်လေ၊ ကျွန်တော်လည်း အမေ့ကိုရှာဖွေရင်း ဒီအသက် ဒီအရွယ်ထိ ရောက်လာတာပေါ့"

လေချို့မိထွေး မျက်နှာပေါ် အရိပ်တစ်ခုဖြတ်ပြေးသွားပြီး လရောင်ကို အသေအချာ ပြန်ကြည့်သည်။ သူ့မျက်နှာပေါ်မှာယခင်က မှင်သီးစိမ်းကားသော အရိပ်တွေမရှိတော့ဘဲ နူးညံ့သိမ်မွေ့သလိုဖြစ်လာသည်။

"မင်း အမေကို မင်းက ခုမြင်ရင် မှတ်မိသေးတယ်ပေါ့ ဟုတ်လား"

"မှတ်မိနေတယ် ဒါကြောင့်လည်း အန်တီဟာ ကျွန်တော့်အမေများ ဖြစ်မလားဆိုပြီး စတွေ့တွေ့ချင်းကတည်းက မျှော်လင့်ခဲ့ရတာပါ"

"အဟင်း မင်းက မအေပျောက်ရှာပုံတော် ဖွင့်နေရတာကိုး၊ အေးလေ အန်တီကလည်း မင်းလို လူချမ်းသာလေးတစ်ယောက်ကို သား တော်ချင်ပါတယ် အဟင်း ဟင်း"

"ဒါနဲ့ အန်တီ့နာမည် ဘယ်လိုခေါ်သလဲ၊ ရိုင်းတယ်လို့တော့ မထင်ပါနဲ့၊ ကျွန်တော့်အမေနဲ့တူတဲ့အတွက် နာမည်လေးတော့ သိထားချင်တယ် ထင်လို့ပါ"

"အန်တီ့နာမည် ဒေါ်ကေသီပါကွယ်"

"ဟုတ်ကဲ့ ကျွန်တော့်နာမည်က လရောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်လို လရောင် ဟုတ်လား"

ဒေါ်ကေသီ ကိုယ်ခန္ဓာ ဆတ်ခနဲ မတ်သွားသည်။ တိုက်ဆိုင် တာလို့ ထင်ထားခဲ့တာ၊ ခုတော့ ဒါဟာ တကယ့်တိုက်ဆိုင်မှုမှ မဟုတ် တော့တာ။

ဒေါ်ကေသီ ရွာက ထွက်ခဲ့တုန်းက အမေ့နှင့်ထားခဲ့သည် သားလေး နာမည်ကလည်း လရောင် ဖြစ်သည်။ ဒါ ဒါဆို အဖေလည်း ဆုံးပြီပေါ့။ ဒေါ်ကေသီ ချက်ချင်းပင် စိတ်လှုပ်ရှား တုန်လှုပ်သွားသည်။ သို့သော် လရောင် မရိပ်မိစေရန် ကိုယ့်အမူအရာကို မသိမသာ ပြန်ဆည် လိုက်သည်။ စီးတက်လာသော မျက်ရည်တွေကို တစ်ဖက်ကိုလှည့်ပြီး ကပျာကယာ ပုတ်ခတ်သိမ်းသွင်းလိုက်သည်။

"အန်တီ ကျွန်တော့်နာမည်ကြောင့် အံ့သြသွားတာလား အဟင်း၊ အဲဒါ ကျွန်တော့်အမေကိုယ်တိုင် ပေးခဲ့တဲ့နာမည်လို့ အဘိုးက ပြောတယ်၊ အဘိုးက အရမ်းသနားစရာကောင်းတယ်၊ ရန်ကုန်ကိုလာ တော့ အဘိုးနေမကောင်းဘူး၊ အမေ့ကို တွေ့ချင်တဲ့ဇောနဲ့မို့သာ ရောက် အောင်လာခဲ့တာ၊ ရန်ကုန်ရောက်တော့ လမ်းစရိတ် စားစရိတ်ပြတ်ပြီး အဘိုးမှာ တည်းစရာအိမ်မရှိတော့ ဇရပ်တစ်ခုမှာ တည်းရတယ်၊ သိပ် မကြာပါဘူး အဘိုးဆုံးတာပါပဲ"

ဒေါ်ကေသီ ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့။ လရောင် ရှေ့မှာ ဆက်ပြီးနေလျှင် ဟန်ဆောင်ထားတာတွေ ပေါ်သွားနိုင်၏။

"မောင်လရောင် ကားရပ်လိုက်တော့၊ ကားမြန်မြန်ရပ်လိုက် 





တော့"

"ဗျာ ဘာဖြစ်လို့လဲ အန်တီ"

"ဘာမှမဖြစ်ဘူး အန်တီ အရေးကြီးကိစ္စတစ်ခုလုပ်ဖို့ မေ့နေလို့ အန်တီသွားမှဖြစ်မှာ"

လရောင် ကားကိုလမ်းဘေးချ ရပ်ပေးလိုက်သည်။ ဒေါ်ကေသီ ကားရပ်လိုက်သည်နှင့် ကပျာကယာ ကားပေါ်မှ ဆင်းလိုက်သည်။

သားတစ်ယောက်ကို ပြန်တွေ့ရသော မိခင်တစ်ယောက်အနေ နှင့်ကိုယ့်သားကိုအားရပါးရ ဖက်ပြီး အလွမ်းသယ်ချင်ပေမယ့် ကိုယ့်လို သိက္ခာမရှိသော အမေနှင့် သားကို မဆုံစည်းစေချင်တော့။ သူ့ဘဝ သားနှင့်သူသာ ငြိမ်းချမ်းပါစေတော့။

လရောင် နားမလည်သော အမူအရာဖြင့် ကားမောင်းထွက် သွားတော့မှ ဒေါ်ကေသီ ကားလမ်းဘေး တစ်နေရာတွင် ဟန်မဆောင်နိုင် ဘဲ ချုံးပွဲချ ငိုလိုက်မိတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

''ဟင် ကျွန်မအမေ လာသွားတယ် ဟုတ်လား ကိုလရောင်''

''ဟုတ်တယ် လေချို့အဖေ ညက ဟို ဖဲဝိုင်းမှာ အဖမ်းခံရ ဆိုပဲ၊ အဲဒါ ငွေငါးသိန်း အရေးတကြီးလိုတယ်ဆိုလို့ ကျွန်တော်တော ဘဏ်မှာ လိုက်ထုတ်ပေးမလို့ပါပဲ လာတုန်းကတော့ လေချို့ဆီက လာတောင်းတာ ထင်တယ်''

လေချို မျက်စိမျက်နှာပျက်စွာဖြင့် ကျွတ်ခနဲ စုတ်သတ်လို သည်။

''ကျွန်မလည်း ဒီဝဋ်ကြွေးတွေ ဘယ်တော့များမှ ကုန် မသိဘူး ကိုလရောင်ရယ်၊ အဖေ ဆုံးပြီးကတည်းက ယူချင်တဲ့ယော ကောက်ယူလား၊ ပြီးရင် လေချို့အဖေပါလို့ နာမည်တွေတပ်၊ သိပ်စိတ် ဖို့ကောင်းတယ်''





''ဟင် ဒါဆို ဖဲဝိုင်းမှာ အဖမ်းခံရတယ်ဆိုတာ လေချို့အဖေ မဟုတ်ဘူးပေါ့''

''ဘယ်ကလာ ဟုတ်ရမှာလဲ''

''အဲ့လေ ကျွန်တော့်စိတ်ထဲ လေချို့အတွက်တောင် စိတ်မ ကောင်းဖြစ်နေမိတာ''

''ရှင် ငွေငါးသိန်း ထုတ်ပေးလိုက်သေးလား''

''မထုတ်ပေးဖြစ်လိုက်ဘူး၊ ကျွန်တော့်အပြုအမူ ရိုင်းသွားလို့ များလား မသိပါဘူး''

''ဘုရားရေ ရှင်က သူ့ကို ဘာလုပ်လိုက်လို့လဲ''

လေချိုသွေး မျက်လုံးအဝိုင်းသားဖြင့် တအံ့တသြ မေးတော့ လရောင် ခပ်ကြဲကြဲလေးရယ်ကာ

''ကျွန်တော်က ကျွန်တော့်အမေနဲ့ ရုပ်ချင်းဆင်လို့ သတိလက် လွှတ် ငေးကြည့်မိလိုက်တယ်၊ အဲဒါနဲ့ နာမည်ပါ မေးလိုက်ပြီး ကျွန်တော့် ဘဝအကြောင်းလေးကို ပြောပြလိုက်မိရုံလေးပါ၊ အဲဒါနဲ့ပဲ ကားအတင်း ဆိုင်းပြီး ဘဏ်ကငွေငါးသိန်းတောင် မယူတော့ဘဲ လမ်းမှာဆင်းပြီး ကျန်ခဲ့တယ်''

''အို ဒါများ စိတ်ဆိုးသွားစရာလား၊ သူ့မှာတခြားအကြောင်း ပေါ်လာလို့နေမှာပေါ့၊ ဒါနဲ့ ကိုလရောင်အမေက ဒေါ်ကေသီနဲ့ နာမည်တူ သလား''

''မတူပါဘူး၊ ကျွန်တော့်အမေနာမည်က ဒေါ်နုနုရီပါ''



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ဟုတ်လား၊ ဒါဆို နာမည်တူတာပေါ့၊ ဒေါ်ကေသီရဲ့ အရင် နာမည်က ဒေါ်နုနုရီပဲ၊ အဖေမဆုံးခင်ကတော့ ကျွန်မ ဒေါ်ကေသီ မှတ်ပုံတင်မှာ တစ်ခါကြည့်ဖူးတယ်၊ ဒေါ်နုနုရီပဲ၊ နောက်ပြီး ဒေါ်နုနုရီက ရန်ကုန်ဇာတိမဟုတ်ဘူး၊ သူ့မှာ သားတစ်ယောက်ရှိတယ်လို့ အဖေ ပြောပြဖူးတယ်"

လရောင်မျက်နှာမှာ မျှော်လင့်ချက်တွေဖြင့် အရောင်တောက် သွားသည်။

"ဟင် တကယ်လား ဒါတကယ် ပြောနေတာလား လေချို"

"ဟုတ်တယ် ကျွန်မ တကယ်ပြောတာ၊ အမေ့ဆီမှာ သူ့သားနဲ့ သူ့အဖေနဲ့သူနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံလေးတစ်ပုံကို တွေ့ဖူးတယ်"

လရောင် အတွေးတစ်ခု လှစ်ခနဲ ဝင်လာသည်။ သူ့အင်္ကျီအိတ် ကပ်ထဲမှာ အမေ့ဓာတ်ပုံ အမြဲပါနေကျပဲ။

"ဒီ ဒီဓာတ်ပုံထဲက ကျွန်တော့်အမေနဲ့တူသလား လေချို"

လရောင် လက်ထဲမှ ဓာတ်ပုံကို လေချို ယူကြည့်လိုက်သည်။ လေချို့မျက်နှာလေးမှာ အံ့ဩထူးဆန်းရိပ်တို့ တရိပ်ရိပ် တက်လာ၏။ တိုက်ဆိုင်လိုက်တာ လရောင်အမေဆိုတဲ့ အမျိုးသမီးပုံနှင့် လေချို မိခင် မှာရှိနေသော အမျိုးသမီးနှင့်တစ်ယောက်တည်းပင်။

"လေချို ပြောပါဦး ဟုတ်လား အဲဒီထဲက ကျွန်တော့်အမေနဲ့ ရုပ်ချင်းတူလားဟင်"

"အင်း ဟုတ်တယ် ရှင့်အမေပဲ၊ ကျွန်မမိထွေး ဒေါ်နုနုရီက





အမေပဲ ကိုလရောင်၊ လုံးဝ မမှားနိုင်ဘူး၊ ဒီတစ်ခါ ကျွန်မ အိမ်ပြန် သူ့သေတ္တာထဲကဓာတ်ပုံကို သူမသိအောင် တိတ်တိတ်လေး ယူလာ ယ်"

"ဟ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ လေချိုရယ်၊ တော့်ဘဝမှာ ဒီနေ့ဟာ အပျော်ဆုံးပါပဲ"

လရောင် ဝမ်းသာလွန်း၍ လေချို့လက်တွေကို သတိလက်လွတ် ကိုင်လိုက်သည်။

"ကျွန်မလည်း ကိုလရောင် ပျော်နေတာကိုကြည့်ပြီး ဝမ်းသာ တယ်"

အမှန်ပင် မျက်ရည်ဝေ့သည်အထိ ဝမ်းသာမိပါသည်။

"ကျွန်တော် အမေ့ကိုသွားတွေ့မယ်၊ အမေနဲ့အတူနေမယ်၊ မေ့ကို တစ်သက်လုံး ပျော်ရွှင်အောင် ထားမယ်"

လရောင် စိတ်ကူးတို့နှင့်ပင် မျက်နှာမှာ ချိုမြိန်၍နေသည်။

"လေ လေချို ကျွန်တော့်ကို လာခွင့်ပြုမှာလား"

"ရှင်"

လေချို့မျက်ဝန်းလေး နားမလည်ဟန်ဖြင့် ရှန်းလက်ဝိုင်းစက် သည်။

"အမေနဲ့လေချို့ဘဝထဲကို ကျွန်တော် ဝင်လာချင်တယ်၊ ကျွန် တော့်ကို ခွင့်ပြုပါလား"

"အို ရှင်ကလည်း ကျွန်မနဲ့ ဘာဆိုင်လို့ ကျွန်မဆီက ခွင့်

www.burmeseclassic.com



တောင်းနေရတာလဲ''

တောက်ပသော မျက်ဝန်းများဖြင့် စွေကြည့်ကာ အရက်ပို ပြောသဖြင့် လရောင် မထူးတော့ပြီမို့ ရင်ဖွင့်တေး ဆိုလိုက်တော့မည်

''ဟို ဒါက ဒီလိုလေ အမေနဲ့လေချိုက တစ်အိမ်ထဲ အတူ ကြတာမဟုတ်လား၊ ကျွန်တော် အမေ့ဆီမှာ လာနေရင် လေချိုနဲ့တ အိမ်သားတည်း ဖြစ်သွားတော့မှာလေ၊ ဒါကြောင့် လေချို့ဆီမှာ ခွ တောင်းတာပါ''

''အို နေပါ၊ လေချို့ဆီက ခွင့်တောင်းစရာ မလိုပါဘူး''

လေချိုသွေး ရှက်အမ်းအမ်းဖြင့် ခေါင်းညိတ်လိုက်သည်။ ရောင် လေချို့ကို မြတ်နိုးသောအကြည့်တို့ဖြင့် နက်ရှိုင်းစွာ ကြည့်လိုက်

''အယ် ရှင်နော် ဘာတွေလာပြောနေမှန်းလဲ မသိဘူး၊ သွ အခွင့်အရေးကို ယူလွန်းတယ်''

လေချိုသွေး ရှက်ရိပ်စွန်းသော မျက်နှာဖြင့် ရယ်ကာ လရော ရှေ့မှ လှည့်ထွက်သွားသည်။

လေချို့ရင်ခုန်သံတွေကို လရောင် ကြားသွားမှာစိုးလို့လေ

■ ■ ■



## အခန်း (၂၇)

''အန်ကယ် ခြံထဲမှာ လမ်းလျှောက်ဖို့ အချိန်ရောက်ပါပြီ''

လေချိုသွေး၏သတိပေးစကားကြောင့် ဦးမင်းသစ် စာကြည့် စားပွဲမှ လေးပင်စွာ ထလိုက်သည်။ ခုတလော ဆရာမလေး၏ဂရုစိုက် စောင့်ရှောက်ပေးမှုကြောင့် ဝေဒနာတွေ တော်တော်လေး လျော့ကျသက် သာသွားသည်။

''လရောင် ပြန်လာပြီလား''

''မလာသေးပါဘူး အန်ကယ်၊ ဘာခိုင်းစရာရှိလို့လဲ ကျွန်မကို ခိုင်းပါ''

''ဒီည ဒေါက်တာခင်မောင်လွင်ကို သွားကြိုမယ့်ရက် မဟုတ် လား''

''သူ အချိန်မီ ပြန်လာလောက်မှာပါ''

လေချိုသွေး ဦးမင်းသစ်ကိုတွဲပြီး အခန်းထဲမှ ခြံထဲကို ဆင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဦးမင်းသစ် လရောင်ကိုမျှော်နေတာလားမသိ။ မြို့ဝကို ခဏ ခဏ လှမ်းကြည့်နေ၏။

ထိုစဉ် ဘုံ့ကား ခြံထဲမောင်းဝင်လာသည်။ ကားကိုပေါ်တီကို အောက်မှာရပ်ပြီး ဘုံ ကားပေါ်မှဆင်းကာ အိမ်ကြီးထဲကို စုင်၍ ခြေလှမ်း ပြင်စဉ်မှာပင်

"သမီးဘုံ"

"ဟာ ဒယ်ဒီ ခြံထဲလမ်းဆင်းလျှောက်နေတာလား"

"သမီး ဘယ်ကပြန်လာတာလဲ"

"Spa က ပြန်လာတာ ဒယ်ဒီ၊ ဒီနေ့ည ပါတီရှိတယ်လေ၊ ဒါကြောင့် နည်းနည်းသွားရှိုင်းလာတာ"

"ဒယ်ဒီ့ဆီကို ဒေါက်တာ ခင်မောင်လွင် လာကြည့်မယ့်ရက်မို့ အခုရရင် သွားကြိုပေးစမ်းပါကွာ"

ဘုံ လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး စိတ်မသက်သာဟန်ဖြင့် ခပ်တိုးတိုး ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"လရောင်ကရော"

"သူ ကုမ္ပဏီက ပြန်မလာသေးဘူးလေ"

"ဟွန်း ဒီကောင် အိမ်ကိုတန်းမပြန်တဲ့ ဘယ်ကိုအလေလိုက်နေ လည်းမှမသိတာ၊ ဆရာဝန်ကို ကြိုရမှာကို သူ သိနေရမှာလေ"

ဘုံ လရောင်ကို အကြောင်းမရှိ အကြောင်းရှာ၍ မြည်တွန် နေ၏။ လေချိုရှိနေ၍ ပိုပြီးပြောတာလည်း ဖြစ်နိုင်သည်။





"အလေလိုက်မယ်တော့ မထင်ပါဘူး သမီးရယ်၊ ဒီနေ့ အောင် မြန်မာကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဖို့ အလုပ်ရုံဆွေးနွေးပွဲရှိတယ်လေ၊ ဒါကြောင့် နောက်ကျနေတာဖြစ်မှာ"

ဘုံ မျက်နှာမှာ စိတ်ရှုပ်ထွေးဟန်ဖြင့် ညှိုမှောင်သွားသည်။

"ကျွတ် ဒယ်ဒီရယ် ဒါဆိုလည်း ဒေါက်တာ့ဆီကို ဖုန်းဆက်လိုက် လေ၊ ကိုယ့်ဟာကိုယ်ပဲ လာလိုက်တော့လို့၊ ဘုံ ပါတီသွားဖို့အတွက် ပြင်ရဆင်ရဦးမှာနဲ့ဆို ဘယ်လိုမှ အချိန်မရလောက်ဘူး"

ဘုံ၏အလိုက်မသိမှုတွေကြောင့် ဦးမင်းသစ် စိတ်မကောင်း ဖြစ်သွားသည်။ ကိုယ်ကသာ သမီးလေး တစ်ယောက်ထဲဆိုပြီး အချစ်တွေ ပို အလိုတွေလိုက် အရာရာကို ပြီးပြည့်စုံအောင် လိုတရဘဝမျိုးမှာ ထားခဲ့တာ၊ သူကကျတော့ မိဘအပေါ် တစ်စက်ကလေးမှ ဂရုမစိုက်။ တစ်နေ့နေ့လို့ ဒယ်ဒီရေ နေကောင်းလားဟု အခန်းရှေ့လာရပ်ပြီး တစ်ခွန်း မမေးဖူးဘူး။ ကိုယ့်သွေးသားနှင့်တည်ဆောက်ထားသည့်ကလေး မဟုတ် သည့် လရောင်ကမှ သားတစ်ယောက်၏မေတ္တာမျိုးဖြင့် ဖခင်တစ်ယောက် လို လိုလေသေးမရှိ ဂရုစိုက်မှုမျိုးတွေပေးသေးသည်။ အရာရာကို ကိုယ့် စိတ်တိုင်းကျနေပေး၏။ အပြစ်ဆိုဖွယ်ရာ တစ်စက်မရှိခဲ့။

အရင်ရက်က ဗီရိုထဲက ငွေတွေကို လရောင် ယူတာဟု ကိုယ့် သမီး ချောက်တွန်းတာကို တကယ်ထင်ခဲ့မိပြီး ရိုက်နှက်ဆုံးမခဲ့သည့် ကို ခုထိ စိတ်မကောင်း ဖြစ်၍မဆုံး။

တကယ်တမ်း အကျင့်ပျက် အလွဲသုံးစားလုပ်နေသူက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သမီး။ နိုင်ဖော် ပြောပြ၍ လုပ်ငန်းထဲကငွေတွေပါ သမီး ယူသုံးနေသည် ဆိုတာကို သိခဲ့ရသည်။ သို့သော် ဦးမင်းသစ် မဆူရက်သဖြင့် တမင်တကာ မသိချင်ဟန်ပင် ဆောင်နေခဲ့သည်။

ဦးမင်းသစ် တွေးရင်းနှင့် စိတ်မကောင်းဖြစ်ကာ သက်ပြင်းကို ဟင်းခနဲ ချလိုက်ပြီး

"အင်းလေ သမီး မအားရင်လည်း နေပါစေတော့၊ ဒီနေ့တော့ မလာနဲ့လို့ ဖုန်းလှမ်းဆက်လိုက်တော့မယ်၊ ဒေါက်တာခင်မောင်လွင်က မိုးချုပ်ရင် ကားမမောင်းဘူး၊ သူ့ဟာသူလာနိုင်းလည်း ဘာမှထူးမှာမှ မဟုတ်တာ"

အလိုက်မသိလွန်းသော သမီးနှင့် အလိုလိုက်လွန်းသောအဖေ ကိုကြည့်ပြီး ကြားထဲက လေချိုသွေး စိတ်မကောင်း ဖြစ်မိသည်။

ထိုစဉ် ခြံထဲသို့ လရောင်၏ကားဝင်လာသည်။ ကားရပ်လိုက်သည်နှင့် လရောင်နှင့်အတူ ဒေါက်တာ ခင်မောင်လွင်ပါ ကားပေါ်မှ ဆင်းလာသည်။

"အန်ကယ် ခြံထဲဆင်းပြီး လမ်းထွက်လျှောက်နေတာလား"

"ဟုတ်တယ် ဒေါက်တာရေ၊ ခုပဲ ဒေါက်တာ့ကိုကြိုဖို့ သမီးကို ပြောနေတာ"

"မောင်လရောင် တစ်ခါတည်း ဝင်ကြိုလာတာနဲ့ ကျွန်တော်လည်း တစ်ခါတည်း လိုက်လာဖြစ်လိုက်တာ"

"လရောင် နင် ဒေါက်တာ့ကို ကြိုလာမယ်ဆိုလည်း ဒယ်ဒီ့ဆီ





လှမ်းပြီး ဖုန်းဆက်လေ၊ ဒယ်ဒီက ငါ့ကိုသွားကြိုခိုင်းနေတာ၊ ငါသာ လာကြိုဖြစ်ရင် လမ်းမှာလွဲလောက်ပြီ၊ နင်သိပ်ပြီး လူတတ်ကြီးလုပ်လွန်း တယ် ဒယ်ဒီ့နေရာပေးမှန်း သိလို့ သိပ်ပြီး ကန်းတက်မလာနဲ့"

"သမီးဘုံ ဒေါက်တာရှေ့မှာ အားနာစရာကွယ်"

လရောင် ဘာတစ်ခွန်းမှ ခွန်းတုံ့မပြန် ငြိမ်၍သာ အပြစ်တင် သမျှကို နားထောင်နေ၏။

"ကြည့် ဒယ်ဒီတို့က ဒီကောင့်ကို ဆူရင် ရှေ့ကကာဆီး ကာဆီး နဲ့ ဟွန်း နောက်ဆို ဒီအိမ်မှာ သူ ဗိုလ်လုပ်တော့မှာ သိလား"

လူရှေ့မရှောင် သူရှေ့မရှောင် မောက်မာစွာ ပြောဆိုပြီး ထွက် သွားသော ဘုံကို ဒေါက်တာခင်မောင်လွင်နှင့် လေချိုသွေး တိတ်ဆိတ်စွာ ငှတ်ချနေမည်မှာ မလွဲ။

လရောင်၏ကျေးဇူးတရားသိမှုနှင့် စေတနာတွေသည် ဘယ် တုန်းကများ အရာထင်ပေါ်လွင်ခဲ့လို့လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မလုပသော အနာဂတ်သည် လရောင်ထံသို့ တစ်နေ့ချင်း ဝင်ရောက်လာခဲ့သည်။ ဒီနေ့ နံနက်စောစော အလင်းရောင်ပင် ကောင်းစွာမရသေးသည့်အချိန် ဦးဦး အခန်းဆီသို့ နိုပ်ပေးရန် ထအသွား ဘုံ အခန်းရှေ့မှအဖြတ်တွင် အခန်းထဲမှ ဟောက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

လရောင် ဖဝေဖဝါနားစွင့်ရင်း ခြေလှမ်းတွေ တန့်သွားသည်။ ဒီလို အိပ်မောကျ၍ ဟောက်သံမျိုး လရောင် တစ်ခါမှမကြားဘူး။ ဘုံကတော့ ထိုသို့ ဟောက်မည်မဟုတ်။

ထိုသို့ဆိုလျှင် ဘုံ့အခန်းထဲမှာ တစ်စုံတစ်ယောက် ရှိနေတာ ဖြစ်နိုင်သည်။ ထိုလူသည် ဘုံ့အား ဘယ်လိုအန္တရာယ်မျိုးကို ပေးလိုက်ပြီးပြီလဲ။

လရောင် စိုးရိမ်ထူပူသွားကာ အခန်းတံခါးကို တွန်းဖွင့်ကြည့်သည်။ လော့ခ်ချထား၍ တံခါးက တွန်းဖွင့်၍မရ။ ကိစ္စမရှိ ဒီအိမ်ကြီး





တစ်အိမ်လုံးမှာရှိသော အခန်းအားလုံး၏သော့တွေသည် ဦးဦး၏အခန်းထဲတွင် ရှိသည်။

လရောင် ဦးဦး အခန်းထဲမှ သော့တွဲတွေကို အမြန်သွားယူလိုက်ပြီး ဘုံ့အခန်းတံခါးကိုဖွင့်သည်။ ထိုအချိန်တွင် သူ့အတွေးနှင့် စိုးရိမ်စိတ်တွေသည် တကယ့်ကို ရိုးရိုးလေးပင် ဖြစ်သည်။ တခြား ဆန်းဆန်းပြားပြားလည်း မတွေးကြည့်မိ။ တွေးရကောင်းမှန်းလည်း မသိ။ လရောင်သည် အဲဒီလောက်ထိကို ရိုးသားသည်။

အခန်းတံခါးချပ်ကို ခပ်ဟဟ တွန်းဖွင့်လိုက်သည်။ အခန်းထဲတွင် ညအိပ်မီးအလင်းရောင် ပြာဖန့်ဖန့်လေးသာ လင်းသည်။ အမြင်တွေက ဘာမှကို သဲသဲကွဲကွဲမရှိ။ လရောင် မီးခလုပ်ကို ဖွင့်လိုက်သည်။ အခန်းထဲတွင် မီးအလင်းရောင် ဖျတ်ခနဲ လင်းလာသည်။ ထိုအလင်းရောင်အောက်မှ မြင်ရသော မြင်ကွင်းသည် လရောင်၏နှလုံးခုန်သံတွေကို အထွတ်အထိပ်သို့ ရောက်အောင် တွန်းပို့လိုက်လေသည်။

ခုတင်ထက်ရှိမွေ့ရာပေါ်တွင် ဘုံနှင့်သူ၏ချစ်သူ ကျော်မင်းထင်။ ခန္ဓာကိုယ် အောက်ပိုင်းအား နှစ်ယောက်ယှဉ်လျက် စောင်ခြုံ လွှမ်းထားသော်လည်း ဘုံ့ရင်သားတစ်ဖက်က ပေါ်နေသည်။

ရင်တွေတထိတ်ထိတ်ခုန်မှုနှင့်အတူ ရုတ်တရက် ပြန်လှည့်ထွက်သည်ပြုပြီးမှ ထိုအခြေအနေအတိုင်း ဦးမင်းသစ် သိသွားလျှင် မိုးမီးလောင်သွားမှာ သေချာသည်။

ဘုံ့ကိုတစ်ခါ ပြန်လှည့်ကြည့်ဖြစ်သည်။ ဟောက်သံပေးဝက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းထင် ကိုယ်ကိုတစ်ဖက်လှည့်လိုက်၍ ဘုံခန္ဓာကိုယ်တစ်ခြမ်း စောင်လွှတ်ထွက်သွား၏။

မိန်းမသားတစ်ဦး၏ ဖူးပွင့်နေသောအလှတရားက လရောင် တစ်ကိုယ်လုံး ပြာနှမ်းတိမ်းညွှတ်သွားစေသည်။

"ဘုရား ဘုရား ဘုံ တစ်ကိုယ်လုံး ဘာမှဝတ်မထားပါလား"

နှစ်ဦးစလုံး၏ကိုယ်ပေါ်တွင် စောင်ကလွဲပြီး ဘာမှရှိပုံမပေါ်။ ကျော်မင်းထင် ခြုံစောင်ကိုဆွဲယူလိုက်သလိုဖြစ်သွား၍ ဘုံ မျက်ဝန်းလေး ဖွင့်လာသည်။

ထင်မှတ်မထားဘဲ သူ့ကိုကြည့်နေသော လရောင်ကို ရုတ်တ ရက်တွေ့လိုက်ရသည့်အတွက် အောက်ခြေတွင်ရှိသော တခြားစောင် တစ်ထည်ကို ကမန်းကတန်းဆွဲယူကာ ရုတ်တရက် ထထိုင်လျက် ရင်ညွန့် အထိ ဆတ်ခနဲ ဆွဲဖုံးလိုက်သည်။

ပြီးမှ ခုတင်ပေါ်က အသံလုံလုံနှင့်ဆင်းကာ မီးဝင်းဝင်းတောက် နေသော မျက်လုံးဖြင့် လရောင်အနား မျက်နှာချင်းဆိုင် လာရပ်သည်။

"နင် နင် ငါ့အခန်းထဲကို ဘာဝင်လုပ်တာလဲ၊ လူယုတ်မာ ကောင်"

ဘုံ နှုတ်မှ ရှက်ရမ်းရမ်းပြီး ပြောနေသော်လည်း ခြုံစောင်ကို ပတ်ချိန်မရဘဲ ကွယ်ရုံသာ ကွယ်ထား၍ ဟိုတစ်စွန်းစ၊ သည်တစ်စွန်းစ ပေါ်နေ၏။

"နင် နင့်အခန်းထဲမှာ ထူးဆန်းတဲ့အသံကြားလို့ နင့်အတွက် စိုးရိမ်ပြီး ငါ ဝင်ကြည့်မိတာပါ ဘုံ၊ နင့်ကို ဒီပုံစံနဲ့မြင်ရလိမ့်မယ်လို့ ငါ





မထင်ဘူး"

"ဘာဖြစ်လဲ အဲဒါ ငါ့ချစ်သူ၊ နင် ဘာဖြစ်လို့ ဒီလောက် အောက်တန်းကျတဲ့စိတ်ဓာတ်နဲ့ ဝင်လာရတာလဲ၊ ဘာလဲ ငါတို့ချစ်သူနှစ်ဦး အခြေအနေကိုသိလို့ လာချောင်းတာလား"

"မဟုတ်ရပါဘူးဟာ နင့်မှာ ဒီလိုကိစ္စရှိလိမ့်မယ်လို့ ငါ လုံးဝ မထင်ထားဘူး။ ဒီကိစ္စ ဦးဦးသိရင် မလွယ်ဘူး။ အားလုံးပြဿနာတက်ကုန် မယ်"

"တက်တော့ ဘာဖြစ်လဲ၊ ကိုကိုနဲ့ငါက တကယ်လက်ထပ်ကြမှာ၊ နင် ဘာမှ ဆရာလာလုပ်စရာမလိုဘူး။ သွား နင် ငါ့အခန်းထဲက ခုချက် ချင်းထွက်သွား၊ အေး ဒယ်ဒီသိလို့ကတော့ နင် အသေပဲမှတ်"

ကျော်မင်းထင် မနိုးအောင် အသံခပ်အုပ်အုပ်ဖြင့် လရောင်ကို ပြောပြီး နှင်လွှတ်သည်။ လရောင်လည်း ထိုမြင်ကွင်းကိုကြည့်ဖို့ ကိုယ့် လိပ်ပြာကိုယ်တော့ မသန့်ပါ။

ထို့ကြောင့် အခန်းထဲက အမြန်ဆုံးထွက်ခဲ့သည်။ သို့သော် ခေါင်းသားဖြူဖြူဝင်းဝင်းဒဏ္ဍာရီကတော့ ပျောက်မသွား။

ဘုံသည် စိတ်ဓာတ်မာကျော ခက်ထန်ရုံတင်မဟုတ်တော့ဘဲ နှုတ်တရွတ်နိုင်လွန်းသော တစောက်ကန်းဆန်လွန်းသော အလုပ်တွေကိုပါ လုပ်နေပြီပဲ။

ဘုံ အတွေးအခေါ်တွေ ဘာဖြစ်လို့ ဒီလောက်အထိ ညံ့ဖျင်း သွားရတာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

လရောင် ဒီနေ့တစ်နေ့လုံး စိတ်နှင့်ကိုယ်နှင့်မကပ်တော့။ အလုပ်ထဲမှာလည်း ဘာလုပ်လုပ် အဆင်မပြေ။ ဘာတွေစိတ်တိုနေမှန်းကိုမသိ။

"လရောင် မင်း ဒီနေ့ ဘာဖြစ်လာလို့လဲ၊ မျက်နှာက လှည်းဘီးအနင်းခံရတဲ့ နွားချေးပုံကြီးကျနေတာပဲ"

မြတ်ကို ဖန်ခွက်ထဲကို ဘီယာငှဲ့ထည့်ပေးရင်း စူးစမ်းသောအကြည့်ဖြင့် မေး၏။ ဘုံကိစ္စကို ဖွင့်ပြောပြီး ဒေါသတွေနှင့်ပေါက်ကွဲပစ်လိုက်ဖို့ စဉ်းစားလိုက်သည်။ မဖြစ်။ ကိုယ့်အိမ်တွင်းရေးကို အပြင်သို့မပေါက်ကြားတာ အကောင်းဆုံးဟု သတိပြန်ကပ်ပြီး သူငယ်ချင်းတွေကို မပြောရန် နှုတ်စောင့်စည်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ အလုပ်တွေ အရမ်းပင်ပန်းလို့ပါ"

MD ဖြစ်တော့မယ့်ကောင် က အလုပ်ပင်ပန်းကြောင်း ဇာရှိုပြနေသေးတယ်"





"ဪ မင်းကလည်း စုံလည်ကုလားထိုင်ပေါ်ထိုင်ပြီး Laptop တစ်ခုနဲ့ လုပ်ငန်းတွေကို မှတ်ရဖတ်ရတာလည်း ပင်ပန်းတာပဲလေကွာ ဘုတ်တယ် မဟုတ်လား"

သန့်ဇော်နှင့်မြတ်ကို၏ ခပ်ထေ့ထေ့ စကားတွေကို လရောင်နှမ်မချေမှုအားလောက်အောင် စိတ်နှင့်လူနှင့်မကပ် ဖြစ်နေသည်။

"ဪ ဟော့ကောင် ဘုံ့အကောင်အကြောင်း မင်းကိုငါ ပြောဦးမယ်"

"ဘာပြောမှာလဲ ဒီကောင် ဘာတွေ မဟုတ်တာ လုပ်ပြန်ပြီလဲ"

အဆိုးဘက်ကပဲ အရင်စမေးလိုက်ခြင်း ဖြစ်သည်။

"ဒီကောင် ဇယားနည်းနည်းရှုပ်နေပြီကွ၊ မနေ့က ငါ သူ့ကို ကောင်မလေးတစ်ယောက်နဲ့ ပခုံးဖက်ပြီး သွားတာ တွေ့ခဲ့တယ်"

သန့်ဇော် စကားက ဒေါသတွေကိုထပ်တိုးအောင် ဆွပေးနေသလို

"ငါလည်း သူ့သောက်ကျင့်မကောင်းတာ သိရအောင် သွားနှုတ်ဆက်မလို့ပဲ၊ သူနဲ့သူ့ကောင်မလေး တည်းခိုခန်းထဲ ဝင်သွားကြတာနဲ့ သွားမနှုတ်ဆက်ဖြစ်တော့တာ"

လရောင် ခေါင်းနပမ်းကြီးသွားသည်။ ကျော်မင်းထင်ဆိုသောကောင်က နောက်ဆုံးတော့ တကယ့်ပန်းစားဘီလူးဖြစ်နေတာပဲ။ မနက်ကဘူတော့ ဘုံ့အခန်းထဲမှာ ဘုံ့ရဲ့အပျိုစင်ဘဝကို သိမ်းပိုက်ပြီးပြီ။

ဒီကောင် ခြေရှုပ်တာ ဘုံ သိအောင်လုပ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီကောင့်ဆီ ခဏသွားလိုက်ဦးမယ်"

"မင်းဘာသွားလုပ်မလို့လဲ၊ ကျိုင်မရှာစမ်းပါနဲ့ကွာ၊ မင်းရဲ့ဘုံ ဆီက မျက်နှာမရ ခြေထောက်ရမယ့်အဖြစ်မျိုးနဲ့ အခန့်မသင့်ရင် အိမ် ပေါ်ကနေ ခေါင်းနဲ့တောင် ဆင်းရမယ့်ကိန်း"

"ငါ ကာကွယ်မှုဖြစ်မယ် သန့်ဇော်၊ ငါ ဒီလိုဘဝမျိုးနဲ့နေရတာ ဦးဦးရဲ့ကျေးဇူးကြောင့်၊ ဒီတော့ ဦးဦးရဲ့သမီး ဘုံကိုလည်း ငါက ပြန်ပြီး ကာကွယ်ပေးရမှာပေါ့"

ကျေးဇူးတရားတွေနှင့် ဘဝကို ချုပ်နှောင်ပစ်လိုက်သော လရောင်ကို မြတ်ကိုရော သန့်ဇော်ရော ဆက်ပြီး တားမနေတော့။

■ ■ ■



## အခန်း (၃၀)

ကော်ဖီဆိုင်တစ်ဆိုင်ထဲသို့ ကျော်မင်းထင်နှင့်အတူ ဝင်သွားသော ဘုံကိုတွေ့လိုက်ရသဖြင့် လရောင် ကားကိုလမ်းဘေးမှာ ရပ်လိုက်ပြီး ကော်ဖီဆိုင်ထဲသို့ ကမူးရှူးထိုးဖြင့် ဝင်လာ၏။

ချစ်သူနှင့် စကားတွေဖောင်ဖွဲ့အောင် ပြောနေသော ဘုံမျက်နှာထားမှာ လရောင်ကို တွေ့တော့ တည်တင်းတင်း ဖြစ်သွားသည်။

"နင် ဘာလာလုပ်တာလဲ လရောင်"

"သစ္စာမရှိတဲ့ ဒီကောင့်ကို လာဆုံးမတာလေ"

လရောင် စကားကြောင့် ကျော်မင်းထင် ဆတ်ခနဲ မော့ကြည့်သည်။ သူက အမော့နှင့် လရောင်ကလည်း လက်အသွက်နှင့်

"ခွပ် ခွပ် ခွပ်"

"ဟင် နင် ဘာလုပ်တာလဲ ကဲဟာ ကဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုံ လရောင်ကို သူ့လက်ထဲမှာကိုင်ထားသော လက်ကိုင်အိတ်ဖြင့် တဘုန်းဘုန်း ထုသည်။

ကျော်မင်းထင်ကလည်း နှုတ်ခမ်းစပ်မှ သွေးတို့ကို သုတ်ပြီး လရောင်ကို အခဲမကြေ ပြန်ကြည့်ကာ

''မင်းလို သူခိုးဂျပိုးကျွန်စုတ်က ငါ့ကို လာချော်ကားရဲတယ် ဟုတ်လား၊ မင်းကိုသတ်မယ် ကဲကွာ သေစမ်း''

ကျော်မင်းထင်၏ လက်သီးချက်ကို လရောင် ရှောင်တိမ်းလိုက်သည်။ ကျော်မင်းထင် အရှိန်ဖြင့် ရှေ့ကိုဟပ်ထိုးလဲကျသွားသည်။

''ဝုန်း ဒုန်း''

''ဘုံ သူ နင့်အပေါ် သစ္စာမရှိဘူး၊ တခြားကောင်မတွေနဲ့ တည်းခိုခန်းမှာ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ဒီလိုကောင်မျိုးကို နင် မပတ်သက်ပါနဲ့''

''ငါ့ချစ်သူကို မဟုတ်တာ လာမပြောနဲ့ လရောင်၊ သူက ဒီလို အတန်းအစားမျိုး မဟုတ်ဘူး''

ကော်ဖီဆိုင်ကလေးထဲတွင် ရုန်းရင်းဆန်ခတ် အခြေအတင်တွေ ပြောဆိုနေကြသဖြင့် ဆိုင်ထဲမှ လူတွေဝိုင်းကြည့်နေကြသည်။ လရောင် ရှက်ပေမယ့် ဘုံ့အပေါ် သစ္စာမရှိသော ထိုကောင့်ကို ကိုယ်တိုင်တော့ ဆုံးမချင်သေးသည်။

''နင့် ငါပြောတာကို ယုံပါဟာ၊ သူ တကယ် သစ္စာမရှိဘူး၊ ဒီကောင် လူကောင်းမဟုတ်ဘူး သိုက်တူးသမား''





''ဘုံ သူပြောတာ မယုံနဲ့၊ ဟော့ကောင် မင်းယောကျ်ား မဟုတ်လား ဘုံ့ကိုတစ်ဖက်သတ် ချစ်နေတာနဲ့ ငါနဲ့ဘုံကို လမ်းခွဲအောင် လာပြီး ချောက်တွန်းမနေနဲ့''

''အို သွားစမ်းပါ ကိုကိုရယ်၊ ဒီလိုကျွန်စုတ်ကို ဘုံက စဉ်းစားမှာတဲ့လား၊ အော်ဂလီဆန်လွန်းလို့''

ကိုယ့်စေတနာ အရာမထင်သည့်အပြင် လူဘုံအလယ်မှာ အရှက်ပါ ကွဲခဲ့သဖြင့် လရောင်သူတို့ရှေ့မှာ ချာခနဲ လှည့်ထွက်ခဲ့သည်။

ခံပြင်းမှုတွေကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကျော်မင်းထင်ကို အခဲမကြေစွာ ကြည့်လိုက်သည်။

ဘုံ တစ်နေ့ ဒုက္ခလှလှကြီး တွေ့တော့မည်ဆိုတာ ကြိုမြင်နေ၍ အားဆီးပေမယ့် ဘုံမှ လက်မခံတာ။ အရာရာကို ကံစီမံရာလို့သာ သဘောထားလိုက်ရုံပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ညသည် လရောင်ဖြင့် ထိန်ထိန်သာနေသည်။

ခုတင်ထက်မှာ ဟိုလိုမှိန်ဒီလိုမှိန်နှင့် လူက ဂနာမငြိမ် ဖြစ်နေ၍ အိပ်မရမည့်အတူတူ လေသာဆောင်ဘက်ကို ထွက်လာခဲ့လိုက်သည်။

ညကောင်းကင်သည် ငွေမင်ရောင်သမ်းကာ ရှင်းသန့်ဝန်းပုံကာ သာယာနေသလောက် လရောင် ရင်ထဲမှာတော့ အမေ့ကို မတွေ့ရမချင်း မည်သို့မှ စိတ်ဖြောင့်နိုင်မည် မဟုတ်။

ရင်ထဲက စိုးရိမ်သောကတွေ ခဏမေ့ပျောက်နိုင်ရန် စိတ်တွေကို တည်ငြိမ်အောင် မနည်းကြိုးစားနေရသည်။

"ကိုလရောင်"

"ဟင် လေချို မအိပ်သေးဘူးလား"

"အင်း ဟုတ်တယ် အိပ်ခါနီးမှ ကော်ဖီဖျော်သောက်မလိုက်လို့





မျက်စိတွေကြောင်နေတယ်၊ ရှင် လေသာဆောင်ဘက် ထွက်လာတာတွေ့လိုက်လို့ ထွက်လာတာ"

"ရှင့်အမေဆီကို သွားတွေ့ပြီးပြီလား"

လေချို့အမေးကို လရောင် ခပ်လေးလေး ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် သွားတွေ့တယ်၊ ဒါပေမဲ့ အမေမရှိဘူး။ အိမ်တံခါးရော ခြံတံခါးရော သော့ခတ်ထားတယ်၊ အမေ ဘယ်သွားတာလဲ လေချို သိလား၊ အမေ တစ်ခုခုဖြစ်နေတာတော့ မဟုတ်လောက်ပါဘူးနော်၊ ကျွန်တော် စိတ်ပူလိုက်တာဗျာ"

"စိတ်မပူပါနဲ့ ကိုလရောင်၊ အမေ ဘာမှမဖြစ်ပါဘူး။ ရှင့်အမေက ပိုကာခရေဇီလေ၊ သူ့မိတ်ဆွေတွေရဲ့ ဖဲဝိုင်းတွေမှာ မိုးလင်းမိုးချုပ် ရှိနေတတ်တယ်လေ၊ ကျွန်မအဖေ ရှိစဉ်ကတည်းကပေါ့"

"ကျေးဇူးပြုပြီး အမေ့ကို အပြစ်မမြင်ပေးဖို့ ကျွန်တော် တောင်းပန်ပါတယ် လေချို၊ အမေ့ကြောင့် လေချို့အဖေ စိတ်ဆင်းရဲခဲ့ရတာတွေ လေချို့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရတာတွေအတွက် ကျွန်တော် အတိုးချပြီး ပြန်ပေးဆပ်ပါ့မယ်၊ အမေ့ကိုယ်စား ပြန်ပေးဆပ်ပါ့မယ် လေချို"

"မလိုပါဘူး ကိုလရောင်၊ ရှင့်အမေရဲ့စရိုက်ဆိုးတွေကို လေချိုတို့သားအဖ ရင်စည်းခံရတာ လေချိုတို့ရဲ့ အတိတ်က ဝဋ်ကြွေးကြောင့်ပါ၊ ရှင်နဲ့မှမဆိုင်တာ၊ နောက်ပြီး လေချိုကရော ရှင့်အမေကို အပြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



တင်နေလို့လား၊ အဟင်း ရှင်ကသာ လေချိုတို့သားအဖကို တောင်းပန်နေတာ၊ ရှင်ကရော ရှင့်အမေရဲ့ရက်စက်မှုကို ခံခဲ့ရတဲ့ သိပ်ကို သနားစရာကောင်းတဲ့ သားတစ်ယောက်ဖြစ်ခဲ့တာပဲ မဟုတ်လား။ ရှင့်အမေကို စိတ်မနာဘဲ ခုလို အကောင်းမြင်ပေးနေတဲ့ ရှင့်စိတ်ဓာတ်ကို လေချိုက လေးတောင်လေးစားသေးတယ်''

''ကျွန်တော်က လူမှန်းသိတတ်စကတည်းက မိဘမေတ္တာကို ငတ်မွတ်ခေါင်းပါးခဲ့ရတဲ့ ဒုက္ခသည်လေးတစ်ယောက်ပဲ၊ ဘဝမှာ အပြီးတိုင် ဆုံးရှုံးရတော့မယ့် မိခင်တစ်ယောက်ရဲ့မေတ္တာကို ပြန်ရတော့မယ့် ဝမ်းသာစိတ်က ဒီအချိန်မှာ ဘာနဲ့မှ အစားထိုးယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး လေချို၊ ပျောက်နေတဲ့ ကျွန်တော့်အနာဂတ်ကို ပြန်ရှာပေးတဲ့ လေချိုကိုလည်း ရင်ထဲမှာ ပြောမပြတတ်လောက်အောင်ကို ကျေးဇူးတင်ပါတယ်''

''မလိုပါဘူး ကိုလရောင်ရယ်၊ ရှင့်အမေနဲ့ ပြန်ဆုံရမယ့်ကံက ရှင့်ဆီမှာပါလာရင် ကျွန်မကြောင့်မဟုတ်လည်း ရှင်တို့သားအမိ ပြန်ဆုံရမှာပဲလေ မဟုတ်ဘူးလား''

''ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဒီလောက် မြန်မြန်တွေ့မှာမဟုတ်ဘူးလေ၊ ကျွန်တော့်အတွက်တော့ လေချိုဟာ ကျွန်တော့်ဆီကို ကံကောင်းခြင်းတွေ သယ်လာပေးတဲ့ နတ်သမီးလေးတစ်ပါးပဲ''

ကျေးဇူးတရားတွေဖြင့် ထုံမွှမ်းနေသော ညချမ်းသည် အေးမြသော လေပြည်တွေကြောင့် နှစ်ယောက်စလုံး၏ဝတဒဂ်သည် ငြိမ်းအေးချမ်းမြေ့၍နေသည်။





''ဟော့တော် ကိုလရောင် လုပ်ပါဦး''

''ဟင် ဘာဖြစ်လို့လဲ လေချို''

''ရှင်က အရမ်းမြှောက်ပြောနေလို့ ကျွန်မရဲ့ကိုယ် မိုးပေါ်မြောက်တက်တော့မယ်''

လေချို ရယ်ဟဟလေး ပြောတော့မှ စိတ်ပူသွားမိသော လရောင်စိတ်လွတ်ကိုယ်လွတ် ရယ်မိတော့သည်။

''လေချိုက မိုးပေါ်မြောက်တက်မှာပေါ့ နတ်သမီးလေးတစ်ပါးကိုး၊ ဒါကြောင့် ကျွန်တော့်အချစ်က လေချိုနဲ့မထိုက်တန်တာနေမှာ''

''ဟင် ရှင့်အချစ်နဲ့ကျွန်မက ဘာလို့ မထိုက်တန်ရမှာလဲ''

''လေချို ကျွန်တော့်ကိုချစ်တယ်လို့ မပြောသေးတာဟာ ကျွန်တော့်အချစ်က လေချိုနဲ့ မထိုက်တန်လို့ မဟုတ်ဘူးလား။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ လေချိုကို ကြိုစရာအိမ်လေးတစ်လုံးတောင် မပိုင်ဆိုင်ထားဘူးလေ၊ ခုချိန်ထိ အစေခံဘဝကနေ ရုန်းမထွက်နိုင်သေးတာ ကျွန်တော့်ရဲ့အရည်အချင်းပေါ့''

''အို ရှင်ကလေ လိုရာကို သိပ်ဆွဲပြောတာပဲ၊ လေချိုက မိန်းကလေးလေ ဒီလောက်တော့ မူခွင့်ရှိဦးမှပေါ့''

''ဟင် ဒါဆို လေချို ကျွန်တော့်ကို ချစ်ရဲ့သားနဲ့ မူပြီး အချိန်ဆွဲထားတာပေါ့ ဟုတ်လား''

''အင်းပေါ့''

'လေချို ရှက်မျက်စောင်းလေးထိုးကာ ခေါင်းငုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဝမ်းသာလိုက်တာ လေချိုရယ်၊ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ အထီးကျန်ညတွေထဲမှာ ဒီညဟာ အပျော်ဆုံးညပဲ၊ လေချိုက ကျွန်တော် စိတ်ကူးယဉ်လို့မရတဲ့ အရာတွေကို အမြဲတမ်း ပုံဖော်ပေးနေတဲ့ မှော်ဆရာမလေးပဲ"

လေချိုသွေး နှုတ်ခမ်းစုကာ မျက်ဝန်းကို စောင့်ကပ်ကြည့်ရင်း

"ကြည့် ရှင်နော် အလိုလိုနေရင်း ကျွန်မက ကဝေမ စုန်းမ ဖြစ်ရပြန်ပြီ၊ တင်စားရင်လည်း တခြားအရာနဲ့ တင်စားပါတော့လားလို့"

"ဟမ် ကျွန်တော် တင်စားတာ အဲဒီသဘောကို သက်ရောက်သွားသလား။ ဒါဆိုရင်တော့ ဆောရီးပဲ လေချိုရယ်၊ ကျွန်တော် လေချို ကျေနပ်အောင် အာဘွားပေးပြီး တောင်းပန်မယ်"

လရောင် လေချို့ကိုယ်လေးကို ဆွဲယူသိမ်းဖက်လိုက်သည်။ ကြည်နူးတိမ်မူးခြင်းများဖြင့် အခါခပ်သိမ်းအား တဒင်္ဂတော့ မေ့လျော့သွားကြ၏။

လရောင်ထိသော အနမ်းသည် ပို၍ ချိုမြိန်နေသည်ဟု . . .။

■ ■ ■

## အခန်း (၃၂)

"ဟာ မြတ်ကိုနဲ့သန့်ဇော်တို့ပါလား"

အန်ကယ်နိုင် ကားရေဆေးနေရင်းမှ ခြံဝတွင်ရပ်နေကြသော သန့်ဇော်နှင့်မြတ်ကိုကိုတွေ့ပြီး ခြံတံခါး အပြေးလာဖွင့်ပေးသည်။

"လာကြ ဝင်ကြ မင်းတို့လည်း ကျောင်းပြီးကတည်းက မတွေ့တော့ဘူး"

"ကျွန်တော်တို့လည်း မအားလို့ပါ အန်ကယ်နိုင်ရာ၊ အန်ကယ်နိုင်ကတော့ အရင်အတိုင်းပဲ၊ နုပျိုတုန်းပါလား"

သူ့ကို နုပျိုတုန်းဟုပြောလိုက်သဖြင့် အန်ကယ်နိုင် သဘောကျစွာ ရယ်လိုက်သည်။

"အေး ငါ့ကို နုပျိုတုန်းလို့ပြောလို့ မင်းတို့ကို သကြားလုံးတစ်ယောက်တစ်လုံး ကျွေးမယ်"

ရွှတ်နောက်နောက် ပြောလိုက်သော အန်ကယ်နိုင့်စကားကြောင့်





www.burmeseclassic.com

www.burmeseclassic.com



သဘောတကျ ရယ်ရင်း အန်ကယ်နိုင့်နောက်မှ လိုက်ဝင်လာပြီး ဧည့်ခန်းထဲဝင်ထိုင်လိုက်ကြသည်။ လရောင် အိမ်ပေါ်ထပ် လှေကားမှဆင်းလာသည်။

"မင်းတို့ ဘာလာလုပ်ကြတာလဲ၊ အချိန်အားနေလို့ လာဖြုန်းကြတာတော့ မဟုတ်လောက်ဘူး"

"ဟုတ်တယ်ဟေ့ ငါတို့လည်း မင်းလို အချိန်မအားဘူး၊ ဒါပေမဲ့ ပရဟိတအလုပ်တွေပေါ်လာတော့လည်း ကိုယ့်အချိန်တွေကိုဖဲ့ပြီး လိုက်လုပ်ရတာပေါ့ကွာ"

"အံမယ် စကားလုံးက အကြီးကြီးပါလား၊ ပြော ဘာပရဟိတလဲ"

"ဆရာ ကန်တော့ပွဲအတွက် ကျောင်းသားဟောင်းတွေကို အကြောင်းကြား ဆက်သွယ်ပြီး အလှူငွေလိုက်ကောက်နေတာ၊ မင်းရော ဘယ်လောက်ထည့်မှာလဲ"

လရောင် သူငယ်ချင်းတွေရှေ့ရှိ ဆိုဖာခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ငါတို့ကို ပညာတတ်တွေအဖြစ် မွေးထုတ်ပေးခဲ့တဲ့ ဆရာတွေ ဆရာမတွေပဲကွာ၊ ထိုက်ထိုက်တန်တန် ကန်တော့ရမှာပေါ့၊ ငါနဲ့ဘုံဘ သုံးသိန်းထည့်မယ်ကွာ"

သုံးသိန်းဆို၍ မြတ်ကိုနှင့်သန့်ဇော် ပျော်သွားကြသည်။

"အေး ကောင်းတယ်၊ ဟေ့ကောင် သန့်ဇော် စာရင်းမှတ်ထား





ဦး၊ လရောင်နဲ့ဘုံနဲ့က သုံးသိန်းလှူတယ်၊ မင်းကရော ဘယ်နှစ်သိန်းလှူမှာလဲ"

မြတ်ကို အမေးကြောင့် သန့်ဇော် ရယ်ဟဟလေးဖြင့်ကြည့်ကာ

"ငါက တစ်သိန်းလေ၊ မင်းကရော နှပ်ချေးငပိလုပ်စားနေတဲ့ ကောင်၊ ငါတို့လို သိန်းနဲ့ချီပြီး ထည့်ရင် ဝေါယာဉ်ပေါ်ပြီး မြို့တစ်ပတ်ဆောင် ပတ်လိုက်ဦးမယ်"

သန့်ဇော် စကားကြောင့် မြတ်ကို မချိသွားဖြဲ ရယ်ရင်း ခေါင်းကိုကုတ်ကာ

"ငါက အစိုးရဝန်ထမ်းကွ၊ တစ်လလုံး အလုပ်လုပ်ပြီး ရတဲ့လစာဆောင် တစ်သိန်းမရှိဘူး၊ နှယ်မှာရှိတဲ့ ငါ့မိဘတွေကိုလည်း လှမ်းပြီးဆိုတ်ထောက်ရသေးတယ်၊ နောက်ပြီး ငါ့ရဲ့အိမ်လခနဲ့ အသုံးစရိတ်နဲ့ဆိုတော့ မင်းတို့လို သိန်းဂဏန်းတော့ ဘယ်ထည့်နိုင်မလဲကွ"

မြတ်ကို၏အဆင်မပြေမှုတွေကို သိရတော့ လရောင်နှင့် သန့်ဇော်ဆက်ပြီးမနောက်တော့။

လူတိုင်း ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ။

"ငါတို့က အလကားစတာပါကွာ၊ မင်းဟာမင်း နိုင်သလောက်ထည့်ပေါ့ကွ၊ ကိုယ့်ရင်ထဲက စေတနာနဲ့ ဆရာသမားတွေရဲ့ ကျေးဇူးကိုဆိုရင် မင်းထည့်မယ့်အလှူငွေက နည်းတယ်များတယ် အဓိက မဟုတ်တော့ပါဘူး"

"အေးပါ ငါကစေတနာတွေအပြည့်နဲ့ တီချယ်တို့အတွက် ငါး



www.burmeseclassic.com

www.burmeseclassic.com



သောင်းထည့်မယ်''

''ဒါနဲ့ ဘုံရော မရှိဘူးလား''

''ငါ့ကို ဘာလို့မေးတာလဲ''

အနောက်မှ အသံကြောင့် စပ်စပ်စုစု မေးနေသော မြတ်ကို ဖော်ပုသွားသည်။

''ဩော် ဘုံ နေကောင်းတယ်နော်''

''ငါ့ရုပ်က လူမမာရုပ် ပေါက်နေလို့လား''

''အမ်''

ဘုဂလန့်ပြောလိုက်သော ဘုံ့စကားကြောင့် မြတ်ကို ပါးဆင် အဟောင်းသား ဖြစ်သွားသည်။ ဘုံ့ပုံစံက နည်းနည်းလေးမှ အားနာရ ကောင်းမှန်း မသိဟန်ဖြင့် လရောင်ကို ခပ်တင်းတင်း လှမ်းကြည့်ပြီး

''လရောင် ငါ့ကားထဲ ဆီဖြည့်ပြီးပြီလား''

''ဆီလည်းဖြည့်ပြီးပြီ၊ ရေလည်းဆေးပြီးသွားပါပြီ''

ညော့ခန်းထောင့် စားပွဲမှာ ဖုန်းမြည်လာသဖြင့် လရောင် ဖုန်း ထကိုင်လိုက်သည်။

''ဟယ်လို ခင်ဗျာ ဩော် ဟုတ်ကဲ့၊ သူ ဖုန်းပိတ်ထားလို့ဖြစ် မှာပါ၊ အခုဆက်နေတာ ဘယ်သူလဲ''

''ခင်ဗျာ ဘယ်လို''

လရောင် မျက်နှာအံ့သြရိပ်နှင့်အတူ ရွှေဘုံစံကို ဖျတ်ခနဲ ငေ့ ကြည့်လိုက်သည်။





''ဟုတ်ကဲ့ ပြောလိုက်ပါမယ်၊ ကျွန်တော်လည်း စိတ်မကောင်းပါ ဘူးခင်ဗျာ''

လရောင် ဖုန်းချလိုက်ပြီး ဘုံ့ကို လှမ်းကြည့်သည်။

''ဘုံ ကျော်မင်းထင် ညက ယာဉ်တိုက်မှုဖြစ်ပြီး ဆုံးပြီတဲ့''

''ဘာ''

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် ဘုံ့မျက်နှာမှာ မှန်တစ်ချပ်လို ကြေမွသွားသည်။ မျက်ဝန်းအစုံ ဝိုင်းစက်ကာ စိတ်လှုပ်ရှား မှုတွေဖြစ်ပြီး ခေါင်းကို တွင်တွင်ခါလိုက်သည်။

''ဟင့်အင်း မဖြစ်နိုင်ဘူး၊ လရောင် နင် နင် ငါ့ကို ညာပြော နေတာ''

''ငါ တကယ်ပြောနေတာ ဘုံ၊ မယုံရင် ခုဆက်တဲ့ဖုန်းနံပါတ် အတိုင်း နင် ပြန်ဆက်ကြည့်လိုက်''

''ဟင့်အင်း မဆက်ဘူး၊ နင် ဂွင်ဆင်ထားတာ ငါ သိတယ်၊ နင် ငါနဲ့ကိုကို့ကို ခွဲချင်လို့ တမင်လုပ်ကြံပြောတာ''

ဘုံ လက်သည်းတထိုးထိုးနှင့် မယုံကြည်နိုင်စွာ ပြောသည်။

''ငါ ညာမပြောဘူး၊ အခု ကျော်မင်းထင် အလောင်းကို ရေခဲ တိုက်ပို့ထားတယ်၊ နေ့လယ် တစ်နာရီ အသုဘချမယ်လို့ ပြောတယ်''

''တော်ပြီ ဆက်မပြောနဲ့''

ဘုံ အာခေါင်ခြစ်၍ အော်လိုက်သည်။ သန့်ဇော်နှင့်မြတ်ကို ထိုင်ရာမှ ထလိုက်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



"လရောင် မင်း မပြောနဲ့တော့၊ ဒီအချိန်မှာ မင်းပြောတဲ့အမှန်တရားကို သူ လက်ခံမှာမဟုတ်ဘူး၊ လာပါကွာ ငါတို့ အပြင်သွားကြမယ်"

လရောင်ကို ဖွတ်အတင်း ဆွဲခေါ်လာပြီး အိမ်အပြင်သို့ ထွက်လာခဲ့ကြသည်။ အန်ကယ်ခိုင် အဖြစ်အပျက်တွေကို အိမ်အပြင်မှနေ၍ အကုန်ကြားရပြီး သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

အရာရာဟာ လရောင်အပေါ်သို့ ပြားဦးလှည့်၍ ဆုံးပါတော့မလား။

■ ■ ■



## အခန်း (၃၃)

"လရောင် ဘုံ ထမင်းထွက်မစားဘူး။ ဆရာကြီးသိရင် ဘယ်လိုလုပ်မလဲ"

ဒေါ်ကြိုင် စစ်ကူတောင်းသည့်အနေနှင့် ပြောလာသဖြင့် လရောင်ပို၍ စိတ်ရှုပ်သွားသည်။ သူ့ဟာသူ အပူသောကနှင့် မစားတာမှန်ပေမယ့် ဒီကိစ္စတွေကို ဦးဦးမသိ။ သိလျှင် လရောင်က ဖုံးကွယ်ထားရကောင်းလားဟု အဆူခံရဦးမည်။

"လေချို သွားခေါ်ကြည့်လိုက်ရမလား ကိုလရောင်"

လရောင် သွားခေါ်လျှင် ပြဿနာအရှာခံရမည်စိုး၍ လေချိုဒါလိုက်ခြင်း ဖြစ်သည်။ ကိုယ်နှင့်မဆိုင်ဘူးဟု နေလို့မရအောင် လရောင်က လေချို့ချစ်သူ ဖြစ်နေမှတော့ လရောင်ပြဿနာက လေချို့ပြဿနာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ လေချို ကိုယ်ပဲ သွားခေါ်လိုက်ပါ့မယ်၊ အင်း အဲ့ မဟုတ် သူ့အတွက် ထမင်းပွဲပြင်လိုက်ပါလား၊ ဒေါ်ကြိုင် ကျွန်တော် သူ့အခန်းထဲကို သွားပို့လိုက်မယ်"

"ဒါဆို ခဏစောင့်၊ လရောင် ဒေါ်ကြိုင် အမြန်ပြင်လိုက်မယ်"

ဒေါ်ကြိုင် ဘုံ့အတွက် ထမင်းပွဲပြင်ရန် လရောင်နှင့်လေချို အနားမှ ပျာတိပျာယာ ထွက်သွား၏။

"ကို ဖြစ်ပါ့မလား၊ တော်ကြာ သူ့စိတ်ထွက်ပေါက် ရှာတဲ့အနေ နဲ့ ကို့ကို ပြဿနာရှာနေဦးမယ်"

"ဖြစ်ပါတယ် လေချိုရယ်၊ ကိုယ့်အတွက် စိတ်မပူပါနဲ့၊ ကိုယ်က ငယ်ငယ်လေးထဲက သူ့ဒေါသတွေ၊ အထက်စီးနင်းဆန်မှုတွေနဲ့ ယဉ်ပါး လာတဲ့သူမို့ သိပ်မဆန်းတော့ပါဘူး၊ လေချို ထမင်းစားနှင့်လိုက်တော့ နော်၊ ဦးဦးရော ထမင်းဆင်းစားပြီးပြီလား"

"အင်း စားပြီးပြီ၊ ဆေးလည်း သောက်ပြီးသွားပြီ၊ အခု ခြံထဲ မှာ လမ်းဆင်းလျှောက်နေတယ်၊ ဪ ကို့ကို ပြောရဦးမယ်၊ အမေ အိမ်မှာ ပြန်ရောက်နေပြီ သိလား"

အမေ ဆို၍ လရောင် အာရုံတွေ အမေ့ထံသို့ ဖျတ်ခနဲ ခုန်ကူး သွားပြန်သည်။

အမေ့ကို သွားတွေ့ရဦးမှာပေါ့။

■ ■ ■



## အခန်း (၁၄)

သော့မခတ်ဘဲ ပိတ်ထားသော အိမ်တံခါးကြောင့် အိမ်ထဲမှာ အမေရှိလိမ့်မည်ဟု ကျိန်းသေ တွက်ဆကာ ကားပေါ်မှ ဆင်းလိုက်သည်။

ရင်ထဲမှာ အမေ့ကိုတွေ့ရတော့မည်ဟူသော ပီတိတွေက ဘဝမှာ တစ်ခါမှ မပိုင်ဆိုင်ဖူးသော စိတ်ချမ်းမြေ့မှုတွေကို ခပ်ငြိမ့်ငြိမ့်လေး ပေးစွမ်းနေ၏။ လရောင်၏ မျက်နှာသည် သူ့အလိုလို ပြုံးရိပ်သမ်းနေ၏။

ခြံတံခါးကို တွန်းဖွင့်ဝင်လိုက်ပြီး အိမ်၏လှေကားထစ်ကလေး ပေါ်သို့ ခြေသံခပ်ဖွဖွနင်းပြီး တက်လာခဲ့လိုက်သည်။

နေ့ခင်းနေ့လယ်မို့ အိပ်စက်အနားယူနေတာပဲ ဖြစ်လိမ့်မည် ဟူသောအတွေးဖြင့် အမေ့ကို နှိုးရမှာပင် အားနာနေမိသည်။

ထို့ကြောင့် လှေကားထစ်မှာပင် အမေနိုးသည်အထိ ထိုင်စောင့်ရန် စိတ်ကူးလိုက်သည်။ တစ်နာရီနီးနီး ထိုင်စောင့်ပြီးချိန်မှာ အိမ်ထဲမှ စကားပြောသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရပြီး တံခါးချပ်ပွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင် အိမ်တံခါးကို ကျောပေးထိုင်နေရာမှ ထရပ်လိုက်ပြီး တံခါးဖွင့်လာမည့် အမေ့ကို ရပ်စောင့်နေလိုက်သည်။

အမေ လရောင်ကိုမြင်တော့ အိုးတိုးအမ်းတမ်းဖြစ်သွားသော အမူအရာဖြင့် ကြောင်ငေးစွာ ကြည့်ပြီး

"ဟင် မင်း မင်းက ဒီမှာ ဘာထိုင်လုပ်နေတာတုံး"

ဒေါ်ကေသီ မျက်စိပျက်မျက်နှာပျက်ဖြင့် အထစ်ထစ်အငေါ့ငေါ့ မေးလိုက်သည်။

"အမေ့ကိုတွေ့ဖို့ လာစောင့်နေတာပါ"

ဒေါ်ကေသီ မျက်လုံးအစုံ အံ့သြစိတ်ကြောင့် ပြူးကျယ်ဝိုင်းစက် သွားသည်။

"ဘယ်လို အမေ ဟုတ်လား"

"ဟုတ်ပါတယ် အမေ၊ ကျွန်တော်က အမေ့သား လရောင်လေ၊ ညောင်ကျေးပင်ရွာမှာ အဘိုးနဲ့အတူ ထားခဲ့တဲ့ အမေ့ရဲ့သားအစစ်ပါ"

ဒေါ်ကေသီ မတွေးနိုင်မအန်နိုင်သော အမူအရာဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်သည်။

"မဟုတ်ဘူး ငါက မင်းအမေမှ မဟုတ်တာ၊ မင်း လူမှားနေပြီ"

"မမှားပါဘူး၊ အမေက ကျွန်တော့်အမေမျှား ဖြစ်နေမလားဆို တဲ့စိတ်က အမေ့ကို ကျွန်တော် စတွေ့ကတည်းက ကျွန်တော့်ရင်ထဲမှာ ခိုဝင်နေတာဗ် အမေရယ်၊ အခုတော့ သွေးက စကားပြောတယ်လို့ပဲ ပြောရမလား၊ အခု အမေက ကျွန်တော့်အမေ တကယ်ဖြစ်နေတယ်





ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်သလဲ၊ အမေရော ဝမ်းမသာဘူး လား"

လရောင် ပြောရင်းဖြင့် မျက်ရည်တွေ ဝိုင်းတက်လာသည်။ သူ့အိပ်မက် တကယ်ကို မက်ခွင့်ရခဲ့ပြီပဲ။

"မမ ဘယ်သူရောက်နေတာလဲ"

အိမ်တွင်းခန်းထဲမှ ယောကျ်ားတစ်ယောက် ထွက်လာသဖြင့် ဒေါ်ကေသီ စိတ်လှုပ်ရှားနေရာမှ ပို၍ မျက်နှာပျက်ယွင်းသွားရသည်။ ထိုလူကလည်း လရောင်ကို အကဲခတ်သလို လှမ်းကြည့်ရင်း

"သူက ဘယ်သူလဲ မမ"

"ဩော် လေချို့ရဲ့အသိပါ၊ လေချိုရှိသလား လာမေးတာပါ"

ဒေါ်ကေသီ အဖြစ်မှန်ကို မသိစေချင်တာလား။ လရောင်ကို ကိုယ့်သားအဖြစ် အသိအမှတ်မပြုတာလား မသိ။ ထိုလူ့ကို ညာ၍ပြော လိုက်သည်။

"ကျွန်တော် လစ်တော့မယ် မမ၊ ပွဲစားတန်းမှာ ဘော်ဒါတစ်ယောက်နဲ့ ချိန်းထားလို့၊ မနက်ဖြန် ကျွန်တော် လာခေါ်မယ်နော်"

ထိုလူ ဒေါ်ကေသီနှင့်လရောင် ဘေးမှ ထွက်ကာ အိမ်ပေါ်မှ ဆင်းသွား၏။ ကိုယ့်အမေ၏ကာရိုက်တာကို လေချို ပြောပြ၍ သိထားပြီမို့ လရောင်အနေနှင့် အမေ့ကို ထူးပြီးတော့ အပြစ်မမြင်ရက်။

"ကျွန်တော့်ကို အိမ်ထဲ မဝင်ခိုင်းတော့ဘူးလား အမေ"

"မင်းက ငါ့သားမှ မဟုတ်တော့တာပဲ၊ ငါကမင်းကို အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်နိုင်းစရာမှ မလိုတာ''

ဒေါ်ကေသီ အသံက တင်းမာပြတ်သားနေသည်။

''ကျွန်တော်က အမေ့သား မဟုတ်ဘူးလို့ ဖွင့်မပြောပါနဲ့တော့ အမေ၊ ကျွန်တော့်မှာ အမေငြင်းလို့မရတဲ့ သက်သေတွေရှိပါတယ်''

''ဘာ ဘယ်လို သက်သေ ဟုတ်လား၊ ဒီမှာ မင်းအမေ ရှုံးရှုံးနေတိုင်း တွေ့သမျှ မင်းအမေပဲလို့ ထင်မနေနဲ့ကွ''

''ဟင်''

ဒေါ်ကေသီ မျက်နှာပျက်သွားသည်။ လရောင် အင်္ကျီအိတ်ကပ်ထဲမှ ဓာတ်ပုံနှစ်ပုံကို ထုတ်ယူလိုက်ပြီး တစ်ပုံကို ဒေါ်ကေသီဘက်ကိုလှည့်ပြီးပြလိုက်သည်။

''ဒီ ဒီပုံ မင်းဆီကို ဘယ်လိုရောက်နေတာလဲ''

''လေချို့ဆီကနေ ရတာပါ၊ ဒီဓာတ်ပုံထဲက ကလေးချီပြီး ရိုက်ထားတဲ့ အမျိုးသမီးကြီးကိုတော့ အမေ မဟုတ်ပါဘူးလို့ ငြင်းလို့မရတော့ဘူး အမေ၊ ဘာဖြစ်လို့လဲဆိုတော့ အမေ ချီထားတဲ့ ငါးနှစ်သားအရွယ် ကောင်လေးက ကျွန်တော် ဖြစ်နေလို့ပဲ''

''အို အဓိပ္ပါယ်မရှိတာ၊ ငါ့ဆီက ဓာတ်ပုံကို လေချို့ဆီက ရလိုက်ရုံနဲ့ မင်းက ငါ့သားတဲ့လား၊ အဟွန်း လုံးဝကို မဖြစ်နိုင်ဘူး''

ဒေါ်ကေသီ ငြင်းမြဲငြင်းနေဆဲ။ လရောင် အံ့ဩမိသည်။ အနှစ်နှစ်အလလက ခွဲခွာခဲ့ရတဲ့သားကို ပြန်တွေ့နေရတာ ဝမ်းသာရမယ့်ဟာ ဝမ်းမသာတဲ့အပြင် ဖွင့်ငြင်းနေရတယ်လို့၊ ရင်ထဲမှာ နာကျင်ဝမ်းနည်း





မိသည်။

''နေပါဦး အမေရယ်၊ ကျွန်တော့်ဆီမှာ အမြဲတမ်း ဘုရားလိုကိုးကွယ်ထားတဲ့ ဓာတ်ပုံလေးတစ်ပုံ အမေကြည့်ဖို့ ကျန်ပါသေးတယ် ဒီမှာ ကြည့်လိုက်ပါ အမေ''

ကျန်နေသေးသော ဓာတ်ပုံကို ပြလိုက်သည်။ ဒေါ်ကေသီ ဘယ်လိုမှ ငြင်း၍မရလောက်အောင် ကိုယ်မှာ ဆတ်ခနဲ ထောင်မတ်သွားပြီး ပါးစုပ်အဟောင်းသား ဖြစ်သွားသည်။

''ဒီပုံထဲက ကျွန်တော့်လက်ကိုဆွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံရှင်က အမေဆိုတာတော့ အမေ မငြင်းနိုင်တော့ဘူး မဟုတ်လား၊ ဒီဘက်ဘေးမှာ ရပ်နေတာက အဘိုးလေ၊ ခုတော့ အဘိုးဆုံးသွားပြီ အမေ၊ ဒါကလည်း အမေ့ကို ကျွန်တော် ပြောပြခဲ့ဖူးပါတယ်၊ ခုတော့ လောကကြီးထဲမှာ အမေရယ် ကျွန်တော်ရယ် အခြေအနေမတူတဲ့ နေရာတစ်ခုစီမှာ တကွဲတပြား ရှင်သန်နေကြရတယ်၊ ခုတော့ လောကကြီးက ကျွန်တော်နဲ့အမေ့ကို ပြန်ဆုံပေးလိုက်ပြီ အမေ''

လုံးဝ ငြင်းမရတော့သည်မို့ ဒေါ်ကေသီ မျက်နှာကို ခပ်တင်းတင်းထားကာ

''အေး ငါက မင်းအမေ ဖြစ်ခဲ့ပေမယ့် မင်းကိုငါ စွန့်ပစ်ခဲ့တာလေ၊ ငါက မင်းအတွက် မိခင်ကောင်းမှ မဟုတ်တော့တာ၊ ငါ ရန်ကုန်ကို စတက်လာကတည်းက ခါးသီးတဲ့ဒုက္ခတွေ တစ်ခုပြီးတစ်ခု ရင်ဆိုင်ခဲ့ရတယ်၊ ယုတ်ဆွအဆုံး ယောက်ျားတွေအများကြီးနဲ့ အခြေအနေအရ



www.burmeseclassic.com

www.burmeseclassic.com



ငါ ပတ်သက်ခဲ့ရတယ်၊ ငါ့ဘဝက လေချိုအမေနဲ့ လက်ထပ်ပြီးမှ တည်ငြိမ်မလိုလို ရှိလာတယ်။ ခု လေချိုအမေလည်း ဆုံးပြီဆိုတော့ အရင်ကတည်းက လှိုင်းထန်ခဲ့ဖူးတဲ့ ငါ့ဘဝက ပြန်ပြီးဂယက်ရိုက်ရပြန်ပြီ၊ ခု ငါ မပတ်သက်ချင်တော့တဲ့ ယောကျ်ားတွေနဲ့ ငါ ပြန်ပတ်သက်နေရတာကိုပဲ ကြည့်လေ"

"အဲဒါတွေ ကျွန်တော် စိတ်မဝင်စားဘူး အမေ၊ ကျွန်တော် စိတ်ဝင်စားတာ အမေနဲ့ကျွန်တော် အတူနေမယ်၊ ခုဆို လေချိုနဲ့ကျွန်တော်လည်း ချစ်သူတွေဖြစ်နေကြပြီ၊ ဒီတော့ အမေရယ် ကျွန်တော်ရယ်၊ လေချိုရယ် အတူတူနေကြမယ်"

"တော်စမ်း မဖြစ်နိုင်တာ မပြောနဲ့၊ မင်းအခြေအနေနဲ့ ငါတို့ရဲ့ စုတ်ချာတဲ့ဘဝထဲကို ပြန်ဆင်းခဲ့မယ်ဆိုတော့ မင်း ရူးများသွားပြီလား၊ ငါ့လိုအမည်းစက်တွေနဲ့ ပုတ်သိုးဆွေးမြေ့နေတဲ့ အမေမျိုးကို မင်းက အမေတော်ဖို့ လာလွှမ်းပြနေတယ် ဟုတ်လား ဟွန်း မင်းကိုယ်မင်း ရုပ်ရှင်ရိုက်နေတယ်များ ထင်နေလား၊ အဟင်း ဟင်း ဟင်း"

"အမေ ကျွန်တော့်ရဲ့မျှော်လင့်ချက်တွေကို အဲဒီလိုပုံစံမျိုးနဲ့ ရိုက်မချိုးလိုက်ပါနဲ့ အမေရယ်၊ အမေနဲ့တွေ့ရင် သားအမိနှစ်ယောက် အတူတူ နေကြမယ်ဆိုတဲ့စိတ်ကူးက ကျွန်တော့်ဘဝအတွက် အကြီးမားဆုံး မျှော်လင့်ချက်တွေပါ အမေရယ်၊ ကျွန်တော့်ကို မွေးခဲ့တဲ့အမေဟာ ဘာကြီးပဲဖြစ်နေဖြစ်နေ ကျွန်တော့်အမေဟာ အမေပါပဲ"

"ဒီမှာ လရောင် မင်းက ငါ့ကို ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် အမေ





ဟာ အမေပဲလို့ ကြွေးကြော်နေပေမယ့် ငါကတော့ မင်းလို လူတော်လူကောင်းလေးတစ်ယောက်ရဲ့အမေ ပြန်လုပ်ဖို့ ကိုယ့်လိပ်ပြာကိုယ် မလုံဘူး။ ဒါကြောင့် မင်း ငါ့ကို လာတွေ့တာ ဒီတစ်ခါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ နောက်တစ်ခါ မင်းမျက်နှာကို ငါ မမြင်ချင်ဘူး၊ သွား၊ ခုချက်ချင်း အိမ်ထဲက ထွက်သွား"

"ရက်စက်လိုက်တာ အမေရယ်"

ဒေါ်ကေသီ ရင်ထဲမှာ တိတ်တဆိတ် တမ်းတနေခဲ့ရသော သားကို ဥပေက္ခာပြုစကားတွေနဲ့ ရင့်သီးစွာ မပြောရက်ပေမယ့် သားဘဝ ရှေ့ရေးအတွက် ရင်နာနာနှင့်ပင် မိန်းမကြမ်းကြီး အမေဆိုးကြီးလုပ်နေမိသည်။ လောကမှာ သားသမီး မပူဇော်ထိုက်တဲ့ ဒေါ်ကေသီလိုအမေမျိုး လောက် ကံဆိုးတဲ့မိခင်မျိုး ရှိနိုင်ပါဦးမတဲ့လား။ မျက်နှာပေါ်သို့ ဟန်ဆောင်တင်းမာခြင်းတွေနှင့် မျက်နှာဖုံးတပ်ထားပေမယ့် ရင်ထဲမှာတော့ နှလုံးသည်းဆိုင်တွေကို အက်ဆစ်နှင့် အပက်ခံရသလို နာကျင်ခံခက်လိုက်တာမှ ပြောဖွယ်ရာမရှိ။

"ကျွန်တော့်ကို သားလို့ အသိအမှတ်မပြုမချင်း ဒီအိမ်ပေါ်က ခန ခြေတစ်လှမ်းမှ မရွှေ့ဘူး အမေ၊ ကျေးဇူးပြုပြီး အမေ့မေတ္တာကို အငမ်းမရ ငတ်မွတ်တောင့်တနေတဲ့ ကျွန်တော့်ကို အမေ့ရင်ရိပ်မှာ ခိုလှုံခွင့်ပေးလိုက်ပါ အမေရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

လရောင် ဒေါ်ကေသီရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး မျက်လုံးအိမ်မှ မျက်ရည်ဥတို့ ရစ်ဝဲလာသည်။ ဒေါ်ကေသီ ခံစားမှုတွေကို ကြိတ်မှိတ်



www.burmeseclassic.com

www.burmeseclassic.com



မျှီသိပ်သည့်အနေဖြင့် အံတစ်ချက်ကြိတ်လိုက်ပြီး လရောင်မမြင်အောင် မျက်ရည်တို့ကို ပုတ်ခတ်ဖယ်ရှားလိုက်သည်။

''သိပ်ပြီး ခေါင်းမမာချင်စမ်းပါနဲ့ လရောင်၊ တို့တတွေကိုယ့်ဘဝနဲ့ကိုယ် နေသားကျနေပြီပဲ၊ မင်း ငါ့ဆီပြန်လာရင် မင်းမှာ ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး ဘာပိုင်ဆိုင်မှုမှ ရှိမှာမဟုတ်တော့ဘူး၊ ငါ့လိုဂုဏ်သိက္ခာတွေ ချပြစရာမရှိတဲ့ အမေမှာလည်း ပိုင်ဆိုင်မှုဆိုလို့ ဆေးလိပ်ပြာခွက်ရယ်၊ ဖဲချပ်အဟောင်းတွေရယ်၊ ပတ်ဝန်းကျင်က မေးထိုးကဲ့ရဲ့ထားတဲ့ ညစ်ထေးတဲ့ ဂုဏ်ပုဒ်တွေရယ်ပဲရှိတယ်၊ မင်းရဲ့စိတ်ကူးနဲ့ တကယ်တမ်း မင်းရင်ဆိုင်ရမယ့်ဘဝက လက်တွေ့ဆန်ပြီး ကြမ်းတမ်းမှာ၊ ဒါကြောင့် ငါ့ဘဝထဲကိုဝင်ဖို့ မကြိုးစားပါနဲ့၊ ငါဟာ မင်းအတွက် မပူဇော်ထိုက်တဲ့ အမေတစ်ယောက်ပါ''

''ကျွန်တော် အမေ့မေတ္တာကလွဲပြီး ဘာပိုင်ဆိုင်မှုတွေကိုမှ မမက်မောပါဘူး အမေ၊ အမေ့မှာ ဘယ်လောက်ပဲ စုတ်ပြတ်သတ်နေတဲ့ ကဲ့ရဲ့ ရှုတ်ချမှုတွေ ရှိနေပါစေ၊ ကျွန်တော်တို့ မှုစရာမှမလိုတာ''

''တော် မင်း ဘာမှထပ်မပြောနဲ့တော့၊ သွား သွား ငါ့အိမ်ထဲက ခုထွက်သွား''

ဒေါ်ကေသီ အတင်းနှင်လွှတ်နေ၏၊ လရောင် မျက်ရည်တွေနှင့် ခေါင်းကို တွင်တွင်ခါယမ်းပြီး

''မသွားဘူး ကျွန်တော် မသွားဘူး အမေ''

''အေး ကောင်းပြီလေ၊ မင်းမသွားမှတော့ ငါကလည်း မင်းကို





သားပြန်မတော်ချင်တဲ့အတွက် ငါ့ကိုယ်ငါ အဆုံးစီရင်လိုက်တာပေါ့''

ဒေါ်ကေသီ ပြောပြောဆိုဆိုဖြင့် စားပွဲပေါ်တွင် တင်ထားသော ကပ်ကြေးကို လှမ်းယူလိုက်ပြီး သူ့ရင်ဝမှာ တေ့လိုက်သည်။ လရောင် တုန်လှုပ်ထိတ်လန့်သော မျက်နှာဖြင့်

''ဟင့်အင်း မလုပ်ပါနဲ့ မလုပ်ပါနဲ့ အမေ''

''အေး မင်း ငါ့အိမ်ထဲက ထွက်မသွားရင် ငါ ဒီအိမ်ကနေ အသေထွက်ထွက်ရလိမ့်မယ်၊ ငါ့ကို မလုပ်ရဲဘူးလို့ မထင်နဲ့၊ ငါက သေရမှာ မကြောက်ဘူး၊ လွတ်လပ်မှုတွေ ဆုံးရှုံးရမှာကိုပဲ ကြောက်တာ''

မိုက်ရူးရဲဆန်နေသော အမေ့ကိုကြည့်ပြီး လရောင် ထပ်ကြိုးစားကြည့်ဖို့ အင်အားမရှိတော့ဘဲ ဒူးထောက် ထိုင်နေရာမှ ခေါင်းငိုက်စိုက်ချကာ ခပ်ဖြည်းဖြည်း ထလိုက်သည်။

''ကောင်းပါပြီ အမေ၊ ကျွန်တော့်ကို အမေ မလိုလားရင် ကျွန်တော် ပြန်ပါ့မယ်၊ အမေ ကျွန်တော့်ကို လိုအပ်တဲ့အချိန်ကျရင်သာ ကျွန်တော့်ကို အမေ့ဘဝထဲ ပြန်ဝင်ခွင့်ပြုပေးဖို့ တောင်းဆိုပါတယ် အမေ''

''စကားမရှည်နဲ့ သွားတော့ သွား''

ဒေါ်ကေသီ အာခေါင်ခြစ်၍ လရောင်ကို နှင်ထုတ်နေ၏။ လရောင် အသက်မပါသော ခြေလှမ်းတို့ဖြင့် အိမ်ပေါ်မှဆင်းကာ ကားဆီသို့ လျှောက်သွားသည်။

အိမ်တံခါး ဝုန်းခနဲ ပိတ်သံကို လရောင်ကြားလိုက်ရသည်။

ဒေါ်ကေသီ တံခါးချပ်ကို မှီတိုင်ချလိုက်ပြီး နှင်နင့်သီးသီး



www.burmeseclassic.com

www.burmeseclassic.com



ငိုချလိုက်သည်။

"သားရယ် ဂုဏ်သိက္ခာမရှိတဲ့ အမေ့ဘဝထဲကို ဝင်ခွင့်မပြုချင်တာ မိခင်တစ်ယောက်ရဲ့မေတ္တာပါကွယ်၊ အမေ့ကို ခွင့်လွှတ်ပါ"

■ ■ ■



## အခန်း (၁၅)

ကျော်မင်းထင် ကားအက်ဆီးဒင့်ဖြစ်ပြီး သေပြီဆိုသည့် သတင်းကြားခါစက စိတ်မကောင်းဖြစ်မိသလို လောကကြီးမှာ ဒီလို အရုပ်ထုပ်တစ်ကောင် ရှိနေတာ မြေကြီးလေးတယ်။ သေရင်သေပါစေ ဆိုသော စိတ်က ရင်မှာ ခပ်တိတ်တိတ် ဖြစ်ပေါ်ခဲ့ဖူးသည်။

ခုတော့ ကျော်မင်းထင်၏အရုပ်ထုပ်သည် လရောင်ခေါင်းပေါ်ကို ကျလာလေပြီ။ ဒါကို လရောင် နည်းနည်းလေးမှ မရိပ်မိသေး။ အနာဂတ်က အသစ်ထပ်ရောက်လာသည့် ဒုက္ခအသစ်ကြီးက အတိတ်မှာ ကျန်ခဲ့သော ဒုက္ခအဟောင်းတွေကို မိတ်ဆွေဖွဲ့ဖို့ စောင့်နေကြကုန်ပြီ။

ဦးမင်းသစ် အိမ်ထဲဝင်လာသော လရောင်ကို သူ့လက်ထဲမှာ ကိုင်ထားသော တုတ်ကောက်ဖြင့် တအားလွှဲရိုက်ချလိုက်သည်။ လရောင်၏ ခေါင်းမှ သွေးများဖြာခနဲ ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်အားလန့်အားဖြင့် ခေါင်းမှနာကျင်မှုကို လက်ဖြင့် လှမ်းစမ်းလိုက်သောအခါ လရောင်၏လက်မှ သွေးများ မြင်မကောင်းအောင် နီရဲစိုရွှဲနေသည်။

ဦးဦး ခုချိန်ထိ ဘာကြောင့် လရောင်ကို ရိုက်သည်ဆိုတာကို တွေး၍မရသေး။

"မင်း ယုတ်မာလိုက်တာ လရောင်ရာ"

ဦးဦး ဘာကိုညွှန်းပြီး ပြောနေသလဲဆိုတာ လုံးဝ နားမလည်သောအကြည့်နှင့် မော့ကြည့်လိုက်သည်။

"ဦးဦး ကျွန်တော် ဘာအပြစ်လုပ်ဂိုလို့လဲ"

သွေးတွေက လရောင်မျက်နှာပေါ်မှာ မြင်မကောင်းအောင် စီးကျနေဆဲ။

"လူယုတ်မာ မင်းက ကိုယ့်အပြစ်ကိုကိုယ်မသိဟန်ဆောင်ပြီး ဖုံးကွယ်တယ်ပေ့ါ။ မင်း ဘယ်လောက်ဖုံးကွယ် ဖုံးကွယ် မင်းရဲ့ယုတ်မာပက်စက်မှုက အခု ဘူးပေါ်သလို ပေါ်လာပြီကွ"

ဦးမင်းသစ် ဒေါသကြောင့် အသံတွေတုန်ကာ ခန္ဓာကိုယ်တစ်ခုလုံး တုန်နေသည်။

"ငါဟာ တစ်ဘဝလုံး ငါ့ရဲ့မျိုးရိုးဂုဏ် ငါ့အဆင့်အတန်း ငါ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခဲ့တယ်၊ ခု တော့ မင်းလိုမျိုးမစစ်တဲ့ကလေးကို မွေးစားခဲ့မိလို့ ဒီနေ့လို အရှက်တရားမျိုးတွေနဲ့ ရင်ဆိုင်ရတာ"





ဦးမင်းသစ် ပြောနေတာတွေ လရောင် နားမလည်နိုင်။ ဘာကို ဦးတည်ပြောနေသည်ဆိုတာ အဖြေရှာမရသေး။ နဖူးပြင်မှ သွေးတို့ စီးကျနေဆဲ။

"ဦးဦး ကျွန်တော် ဘာလုပ်မိလို့လဲ၊ ကျွန်တော့်ကို ရှင်းအောင် ပြောပါ"

"မင်းလို ခွေးတိရစ္ဆာန်ကောင်က ကိုယ့်အမှားကိုယ် ဘယ်သိမလဲ၊ မင်းရဲ့ယုတ်မာရက်စက်မှုကြောင့် ငါ့သမီးမှာ ကိုယ်ဝန်ရှိနေပြီကွ၊ အဲ မင်း ဘာငြင်းဦးမလဲ"

လရောင် မျက်လုံးတွေ ပြာတက်သွားသည်။ တထိတ်ထိတ် ခုန်နေသော နှလုံးခုန်သံတွေက မိုးကြိုးသံတွေလို ဆူညံမြည်ဟီးသွားသည်။

"ခိုင်ဇော်.ခိုင်ဇော် လာဦး"

"ဟုတ်ကဲ့ လာပါပြီ အစ်ကိုကြီး"

အန်ကယ်ခိုင် အနားသို့ ချက်ချင်းရောက်လာသည်။ အန်ကယ်ခိုင်လည်း လရောင်အတွက် စိတ်မကောင်း ဖြစ်နေပုံရသည်။ မျက်နှာမကောင်း။

"ဒီကောင့်ကို စတိုခန်းထဲ ထည့်ပိတ်ထားလိုက်၊ ထမင်းမကျွေးနဲ့ ဒါ ငါ့အမိန့် ငါ့အမိန့်ကို မလိုက်နာတဲ့သူမှန်သမျှ ဒီအိမ်ပေါ်က ခေါင်းနဲ့ဆင်းရမယ်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်နိုင် လရောင်ကို တွဲထူလိုက်သည်။ လေချိုသွေ
အခန်းထဲသို့ ဝင်အလာနှင့်ဆုံသွားပြီး

"အို ကိုလရောင် ဒါ ဒါ ဘယ်လိုဖြစ်တာလဲ"

"ဒီမှာ နာ့စ် ကိုယ်နဲ့မဆိုင်တာကို ဝင်မပါပါနဲ့၊ မင်းအလုပ်
ငါ့ကျန်းမာရေးကို ဂရုစိုက်ပေးဖို့၊ ငါ့သမီးအပေါ် ယုတ်မာတဲ့ကောင်
ဂရုစိုက်ဖို့မဟုတ်ဘူး"

လေချိုသွေး ရှေ့ဆက် ဘာမှပြော၍မရအောင် ဦးမင်းသစ်
အမိန့်က ပြင်းထန်၏။ အန်ကယ်နိုင် သွေးစက်လက်ဖြစ်နေသော လရော
ကို စိတ်မကောင်းစွာဖြင့် စတိုခန်းထဲသို့ ဆွဲခေါ်သွား၏။ စတိုခန်းအဝတွ
ဘုံက အောင်နိုင်သူအပြုံးဖြင့် ရပ်စောင့်နေ၏။ သူ့မျက်နှာပေါ်တွ
လရောင်အပေါ် အပြစ်ပုံချလိုက်ရ၍ အားနာသောအရိပ် တစိုးတစိ
ရှိမနေ။ ကဲ ခုတော့ ဘာတတ်နိုင်သေးလဲဆိုသော ခက်ထေ့ထေ့ အမူအ
မျိုးနှင့်ဖြစ်သည်။

နင်ကိုယ်တိုင် တန်ဖိုးမထားခဲ့တဲ့ အရှက်တရားနဲ့ဂုဏ်သိက္ခာ
ကာကွယ်ပေးနိုင်တဲ့ လူဟာ လောကမှာ ငါတစ်ယောက်ထဲပဲ ရှိတယ်
တာ နင် သိသားပဲ ရွှေဘုံစံ။

■ ■ ■



## အခန်း (၃၆)

အလင်းမှိန်မှိန်တို့ဖြင့် ညို့ထိန်နေသော အခန်းကျဉ်းထဲမှာ
လရောင်သည် ဒုက္ခတွေကို ရေတွက်ရင်း အချိန်တို့ကို ကုန်ဆုံးစေခဲ့သည်၊
အာလောင်မှုတ်သိပ်မှုတွေက သူ့ရဲ့အင်အားတွေကို မှုမှုခြေကာ မလှုပ်
နိုင် မလှဲနိုင်အောင် အားပြတ်နေ၏။

"ကျွီ"

တံခါးချပ်ဖွင့်သံနှင့်အတူ အခန်းထဲကို ခပ်ဖွဖွနင်းလာသော
ခြေသံတစ်စုံ။

"ကို"

ခပ်တိုးတိုး ခေါ်သံကြောင့် လေချိုဆိုတာ လရောင် သိလိုက်
သည်။

"လေချို ဘာဖြစ်လို့ ဝင်လာတာလဲ၊ ဦးဦးသိရင် ပြဿနာ
တက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



''သိလည်း သိပါစေတော့ ကိုရယ်၊ ကိုယ့်ချစ်သူကို မတရား ဖွပ်စွဲပြီး အစာဖြတ် အခန်းပိတ်ထားတာကိုတော့ ကျွန်မ ကြည့်မနေနိုင် ဘူး၊ ကြာရင် ကို သေသွားလိမ့်မယ်''

''ကိုယ်က ဒီအိမ်အတွက်ဆိုရင် ဘဝတစ်ခုလုံးကိုပါ စတေး ထားပြီးသားပဲ လေချိုရယ်၊ သူတို့ရဲ့ သံသယတွေ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ အပြစ်နာခံရမှာက ကိုယ့်တာဝန်ပဲ''

ကျေးဇူးတရားသိတတ်လွန်းသော ချစ်သူကို လေချို အတိုက် အခံ မပြောလို။

''ကဲပါ ကိုရယ် ခုချိန်မှာ ဒါတွေပြောမနေပါနဲ့တော့၊ ကျွန်မထ ကိုစားဖို့ ခေါက်ဆွဲဘူးနဲ့ မုန့်ခြောက်တွေ ယူလာတယ်''

''ဟင့်အင်း ကိုယ် မစားချင်ဘူး၊ ဦးဦး ပေးတဲ့အပြစ်ကို တစ်ချေ မတိမ်း နာခံတတ်တဲ့ အကျင့်က ကိုယ့်အဝမှာ အကျင့်လိုဖြစ်နေပြီ ဒါကြောင့်မို့ပါ''

လေချိုသွေး သက်မမောကို ဟင်းခနဲ ချလိုက်သည်။ ခေါင်းမာ လွန်းသော ချစ်သူကို ဘယ်လိုဖျောင်းဖျနစ်သိမ့်ရမလဲ။

''ကိုရယ် ဘုံ့ကိုယ်ဝန်ဟာ ကိုနဲ့ရတဲ့ကိုယ်ဝန် မဟုတ်ဘူးလို့ ဘာကြောင့် မငြင်းလိုက်ရတာလဲ၊ သူတို့ပေးသမျှအပြစ်ကို ငြိမ်ခံနေတာ ဟာ ဝန်ခံရာရောက်မသွားဘူးလား''

''အမှန်တရားဆိုတာ တစ်ချိန်မှာပေါ်လာမှာပါ လေချိုကရော ဘုံ့ကိုယ်ဝန်ဟာ ကိုယ်နဲ့မဟုတ်ဘူးဆိုတာ ယုံတယ်မဟုတ်လား''





''ယုံတာပေါ့ ကို၊ ကျွန်မချစ်သူဟာ ဒီလို ယုတ်မာပက်စက်တဲ့ ယောက်ျားတစ်ယောက် မဟုတ်ဘူးဆိုတာကို ကျွန်မ အပြည့်အဝ ယုံ တယ်၊ ရိုးသားတဲ့သူတွေကို အမှန်တရားက ကြည့်မနေပါဘူး ကိုရယ်''

လေချို အင်အားချိနဲ့နေသော လရောင်ကို ညင်သာစွာ ဖက် တွယ်လိုက်သည်။ တစ်ယောက်ကိုတစ်ယောက် အားပေးနှစ်သိမ့်ရင်း သအင်တော့ ကြည်နူးချမ်းမြေ့ရ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ဒါက ဘာလဲ လေချိုသွေး"

တရိုတသေ ကမ်းပေးလာသော အယ်လ်ဘမ်တစ်ခုကိုကြည့်ပြီး မေးလာသော ဦးမင်းသစ်၏အမေးကြောင့် လေချိုဘက်က အဖြစ်မှန်ကို ဖော်ထုတ်ဖို့ အသင့်အနေအထားဖြင့် ခပ်ဖျော့ဖျော့ ပြုံးလိုက်သည်။ လရောင်အတွက် အမှန်တရားတစ်ခုကို လေချိုသွေး ကိုယ်တိုင် ဘုံ့အခန်းထဲဝင်ကာ တိတ်တဆိတ် ရှာလာခဲ့ခြင်းပင်။

"ဒါက ရွှေဘုံစံနဲ့လရောင်ရဲ့ အမှန်တရားတစ်ခုပါ"

ဦးမင်းသစ် အယ်လ်ဘမ်ကို လှမ်းယူလိုက်ပြီး ပထမဦးဆုံး အချပ်ကို လှန်ကြည့်လိုက်သည်။ ဘုံနှင့်ကျော်မင်းထင် ရေကူးကန်ထဲမှာ မလုံ့တလုံ ရေကူးဝတ်စုံတွေနှင့် လွတ်လွတ်ကင်းကင်း ဖက်ပြီး ရိုက်ထားကြသောပုံတွေ။





"ဒါ ဘယ်ကကောင်လဲ"

ဦးမင်းသစ် မျက်နှာမှာ ရုက်စိတ်တွေနှင့် ဒေါသဇွတ်ရောနှော၍ ညိုမှောင်သွားသည်။

"အဲဒါ ဘုံနဲ့သူ့ချစ်သူလေ"

"ငါ့သမီးမှာ ချစ်သူရှိနေတာ ငါလည်း မသိရပါလား"

"အန်ကယ်ကသာ မသိတာပါ၊ ကျော်မင်းထင်က ဒီအိမ်မှာ ကြာမကြာ လာအိပ်နေကြလေ"

"ဘာပြောတယ်"

"အပြောရိုင်းသွားရင် ခွင့်လွှတ်ပါ အန်ကယ်၊ ဒီကိစ္စဟာ ကျွန်မ တော့ မဆိုင်ပါဘူး၊ ဘုံ သူ့အခန်းထဲ သူ့ချစ်သူကို ခေါ်ခေါ်အိပ်နေတာ ကို ကျွန်မကလွဲပြီး ဘယ်သူမှမသိပါဘူး၊ အန်ကယ့်ကို မပြောဖြစ်တာ လည်း သူများမိသားစုအရေးထဲ ဝင်မစွက်ဖက်ချင်တဲ့စိတ်ကြောင့်ပါ၊ အခုတော့ ကိုလရောင်က ဘုမသိဘမသိ အပြစ်ပေးခံနေရလို့ မတတ်နိုင်တဲ့ အဆုံး ဖွင့်ပြောပြရတာပါ"

ဦးမင်းသစ် ပါးကြောတွေ တဆတ်ဆတ် တုန်လာသည်အထိ ဒေါသက အထွတ်အထိပ်ကို ရောက်နေ၏။ မျက်လုံးတွေ မီးဝင်းဝင်း တောက်နေသည်။ မွေးလာကတည်းက အလိုလိုက် အချစ်ပိုခဲ့သော သမီးက ကိုယ့်မျိုးရိုးဂုဏ်သိက္ခာ၏နောက်ကျောကို ဓားနှင့်ထိုးလိုက်သလို ပင်။

"တောက် သမီးမိုက်၊ ဒါနဲ့များ အပြစ်မရှိတဲ့သူကို လွှဲချရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့''

ဦးမင်းသစ် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ မျက်နှာမှာ ယူကျုံးမရသော အရှက်တရားတွေကြောင့် တွန့်ခေါက်ကြေမွနေ၏။

■ ■ ■



## အခန်း (၃၈)

''ဖြန်း ဖြန်း ဖြန်း''

''အား ဒယ် ဒယ်ဒီ ဘုံ့ကို ဘာဖြစ်လို့ရိုက်တာလဲ''

''ဒီအချိန်မှာ နင် ငါ့ကို ဒီလိုမေးခွန်းမျိုး မေးရဲသေးလား ရွှေဘုံ''

ဘုံ နာကျင်သွားသော ပါးပြင်ကို ပွတ်သပ်လိုက်ပြီး ဖခင်ဖြစ်သူကို စိုးရွံ့ထိတ်လန့်စွာ ကြည့်လိုက်သည်။

''ငါကတော့ သမီးလေးက အမိမဲ့ရှာပါတယ်လေဆိုတဲ့ ကရုဏာစိတ်တွေနဲ့အလိုလိုက်လိုက်ရတာ၊ ခုတော့ ဒင်းက ဘိုးဘွားမိဘတွေရဲ့ မျိုးရိုးဂုဏ်ကိုမှမထောက် မိန်းကလေးပီပီသသမနေဘဲ ယောကျ်ား တစ်ယောက်ကို အိပ်ခန်းထဲခေါ်ပြီး အပျော်ကြူးရတယ်လို့၊ တကယ်တမ်း ယုတ်မာတာက လရောင်မှမဟုတ်တဲ့၊ နင်ကသာ အရှက်တရားကင်းအောင် နေတဲ့ မိန်းမယုတ်ပဲ၊ နင့်ကိုမွေးမိတဲ့ငါဟာ ဟောဒီလောကကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမဖော်ဝံ့လောက်အောင်ကို သိက္ခာမဲ့ခဲ့ရပြီ''

''ဟင့်အင်း ဒယ်ဒီရယ် ဘုံ ရှင်းပြပါရစေ''

''နင် ငါ့ကို ရှင်းပြမနေနဲ့၊ ဟောဒီမှာ သက်သေ''

ဦးမင်းသစ် ဘုံ့ရှေ့သို့ အယ်လ်ဘမ်ကို ပစ်ချပေးလိုက်သည်။ ဘုံ တုန်လှုပ်သွားသည်။ သွေးပျက်စွာဖြင့် ကြမ်းပြင်ပေါ်မှ အယ်လ်ဘမ်ကို လှမ်းယူလိုက်သည်။ ဒီအယ်လ်ဘမ်က ဒယ်ဒီ့ဆီ ဘယ်လိုရောက်သွားရတာလဲ။ ဘုံ အလိမ်ပေါ်သွားသဖြင့် အယ်လ်ဘမ်ကို ကိုင်ထားသောလက်အစုံ တဆတ်ဆတ် တုန်ယင်နေသည်။ ဘယ်လိုမှ ငြင်းဆန်စွာမရ။

''အဲဒီအကောင့်ကို ညည်းက အခန်းထဲခေါ်ပြီး ကိုယ့်ဘဝတစ်ခုလုံး ပုံပေးမှတော့ ညည်းဗိုက်ထဲက ကိုယ်ဝန်က လရောင်ကိုယ်ဝန်ဆိုတာ ဘယ်လိုဖြစ်နိုင်တော့မှာလဲ၊ တကယ်တမ်း လရောင်က ညည်းကို မော်တောင်ကြည့်ရဲတာ မဟုတ်ဘူး၊ ဒါကို ငါက မစဉ်းစားမဆင်ခြင်ဘဲ လရောင်ကို အပြစ်ဖို့မိတယ်၊ ငါ မှားတာ၊ လရောင်အပေါ် ဒီကလေးအပေါ် ငါ အရမ်းမှားသွားတယ်၊ အဲဒါ ညည်းကြောင့်''

ဘုံ့ထံမှ ရှိုက်သံကလွဲပြီး ဘာဖြေရှင်းချက် ဆင်ခြေမှ ထွက်မလာတော့။

■ ■ ■



## အခန်း (၃၉)

ဒီနေ့နှင့်ဆိုလျှင် သုံးရက်ပြည့်သောနေ့ဖြစ်သည်။

ပြင်ပအလင်းရောင်ပင် သဲကွဲစွာ မမြင်ရသော ထိုအခန်းကျဉ်းလေးထဲမှာ နေ့လားညလားဆိုတာတောင် ခွဲခြားမသိနိုင်ခဲ့။

အလင်းရိုရိုနှင့် လာလုလာဆဲ စောင့်မျှော်နေမိသော ခြေသံတွေကိုသာ မျှော်လင့်ချက်အပြည့်ဖြင့် နားစွင့်နေမိ၏။

ခြေသံ တရှပ်ရှပ်က ကြမ်းပြင်နှင့်ကပ်နေသော နားစည်ထဲသို့ တဖြည်းဖြည်း တိုးဝင်လာသည်။ ခြေသံသဲ့သဲ့ ကြားနေရပြီ။ အခန်းတံခါးချပ် ခပ်ဟဟ ပွင့်လာသည်။ အမှောင်ထဲမှာ တိုးဝင်လာသူက ဘယ်သူဆိုတာ သိပ်မသဲကွဲ။

''လရောင် မင်းလည်း တော်တော် စိတ်ပျက်လောက်ရောပေါ့။ ခုကစပြီး အခန်းအပြင်ကို ထွက်လို့ရပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဦးဦးထံမှ ကရုဏာပါသော ပျော့ပျောင်းသော လေယူလေသိမ်း အသုံးအနှုန်းကြောင့် ဦးဦး အဖြစ်မှန်ကို သိသွားပြီဟု လရောင် ယူဆလိုက်သည်။

ဦးမင်းသစ် အခန်းထဲမှ ပြန်ထွက်သွားသည်။ လရောင်ကို အန်ကယ်ခိုင်နှင့်လေချို လာခေါ်ကြသည်။

လရောင်အမြင်တွေ မှုန်ဝါး၍နေသည်။

■ ■ ■

"မင်းမှာ အပြစ်မရှိဘူးဆိုတာ ငါသိပြီ လရောင်၊ ဒါတွေအားလုံးက ငါ့သမီး မိုက်မဲလို့ ဖြစ်ရတာ"

"ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ မြင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦးဦး"

ဦးမင်းသစ်၏နောင်တတွေသည် လရောင်၏ကိုယ်ကျင့်တရားတွေကို ပြန်လည် အဖတ်ဆည်ပေးနေခြင်း ဖြစ်သည်။ ဒီတစ်ခါတော့ အမှန်တရားတစ်ခုဟာ သူ့ဘက်ကနေ ကရုဏာသက်စွာ ရပ်တည်ပေးလာ၏။

"ဒါပေမဲ့ မင်းကိုငါ အကူအညီတစ်ခု တောင်းချင်တယ်"

"အကူအညီလို့ မပြောပါနဲ့ ဦးဦးရယ်၊ ကျွန်တော် ဒီလိုလူတစ်လုံးသူတစ်လုံးနဲ့ ဘဝမှာရပ်တည်နိုင်တာ ဦးဦးကျေးဇူးကြောင့်ပါ၊ ကျွန်တော့်အသက်ကိုတောင် စတေးဖို့ ဝန်မလေးပါဘူး"

ဦးမင်းသစ် ကျေးဇူးတရားသိတတ်သော လရောင်ကို ကြည့်ပြီး





ကျေနပ်စွာ ပြုံးလိုက်သည်။

"အေးလေ မင်းဟာ ကျေးဇူးတရားသိတဲ့ လူငယ်လေးတစ်ယောက် ဖြစ်လိမ့်မယ်လို့ အရင်ကတည်းက ကြိုမြင်ပြီးသားပါ၊ ခုလိုခင်းဆီမှာ မဖြစ်မနေ တောင်းရတဲ့ အကူအညီကြောင့်လည်း ကိုယ့်လိပ်ပြာကိုယ်မလုံသလို ဖြစ်မိပါတယ်ကွာ"

"ပြောပါ ဦးဦး၊ ကျွန်တော် ဘယ်လိုပဲ ပေးဆပ်ရ ပေးဆပ်ရ အဆင်သင့်ပါပဲ"

ဦးမင်းသစ်နှင့်လရောင် စကားပြောနေစဉ် လေချိုသွေး ဆေးတိုက်ချိန်ဖြစ်၍ အခန်းထဲ ဝင်လာသည်။

"မင်း ဘုံကို လက်ထပ်ရမယ် လရောင်"

"ဗျာ"

လရောင်၏ ဗျာဟူသော အာမေဍိတ်သံနှင့်အတူ လေချိုသွေးသံမှ ဆေးဘူးပါ တစ်ပြိုင်နက်တည်း ပြုတ်ကျသွားသည်။ လရောင် အံ့ဩလွန်း၍ ဦးမင်းသစ်ကို ဘာပြန်ပြောရမှန်းပင် မသိတော့၊ လေချိုကို အားကယ်ရာမဲ့သူလို လှမ်းကြည့်လိုက်သည်။

ချစ်သူနှစ်ဦး၏ ခံစားမှုတို့သည် တစ်ပြိုင်နက်တည်းဆိုသလို ခန္ဓာကိုယ်ထဲမှာရှိတဲ့ အကြောတွေ အားလုံး ထုံးသွားသလို ခံစားလိုက်ရသည်။

နှလုံးသည်းစိုင်တွေ အစိမ်းလိုက် ဖွဲ့ခြွေခြင်း ခံလိုက်ရသလို ရင်ထဲမှာ သောကလှိုင်းတွေ ဘောင်ဘင်ရိုက်ခတ်သွားကြသည်။ ချစ်သူ

www.burmeseclassic.com



နှစ်ဦးကြားထဲသို့ အင်မတန်နက်သော ချောက်ကြီးတစ်ခု ခြားသွားသလို ခံစားချက်တွေ အဆုံးမဲ့ခြင်းဆီသို့ ပြိုင်တူ ဦးတည်သွားကြသည်။

"ဟို ဖြစ် ဖြစ်မယ် မထင်ပါဘူး ဦးဦးရယ်၊ ဘိုက ကျွန် ကျွန်တော့်ကို မုန်းနေတာဆိုတော့ သူ့ရဲ့အိမ်ထောင်ဖက်ဟာ ကျွန်တော် ဖြစ်နေမယ်ဆိုရင် သူ လုံးဝလက်ခံမှာမဟုတ်ပါဘူး။ သူ သူနဲ့အဆင့်တူ ဂုဏ်ရည်တူတဲ့သူနဲ့ပဲ သင့်တော်မှာပါ"

ဒါဟာ လရောင်၏ အကောင်းဆုံး လျှောက်လွဲချက်။ ဦးမင်းသစ် ထိုင်ရာမှ ထသည်။ ပြီးနောက် လရောင်၏အကြောင်းပြချက်ကို သိမ် သဘောကျပုံမပေါ်။

"အဆင့်အတန်းဆိုတာ ငွေကနေ အခြေခံလာတာပါကွာ၊ ငွေ မရှိလို့ မင်းကိုယ်မင်း အဆင့်အတန်းမရှိဘူးလို့ ထင်နေတာပါ၊ မင်းမှာ ငွေသာရှိခဲ့ရင် မင်းလည်း အလိုလို အဆင့်အတန်း ရှိသွားမှာပါ၊ အဲဒီလိုပဲ တန်ဖိုးဆိုတာလည်း စကားလုံးမှာမရှိဘူး၊ လူမှာပဲရှိတာပါ၊ မင်းဟာ တန်ဖိုးရှိတဲ့လူငယ်လေးတစ်ယောက် ဖြစ်နေတဲ့အတွက် တန်ဖိုး လုံးဝ မရှိတော့တဲ့ ငါ့သမီးကို မင်းလက်ထဲ အပ်ရတာပါ၊ အားတော့နာပေမယ့် လောကမှာ စိတ်အချရဆုံးက မင်းပဲဖြစ်နေလို့ပါ လရောင်"

"ဒါ ဒါပေမဲ့ ကျွန်တော့်မှာ"

လရောင် စကားမဆုံးလိုက်ခင်မှာပင်

"ကိုလရောင်ရယ် အနက်ကယ်စီစဉ်တာ သဘာဝကျပါတယ်၊ ဘုံကို ကိုလရောင် လက်ထပ်မှ ဘုံ့အတွက် နောင်ရေးစိတ်အေးရမှာပေါ့





လောကကြီးမှာ ရွှေဘုံစံကို အနှံ့တာခံနိုင်တာ ကိုလရောင် တစ်ယောက် ထဲရှိတာလေ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဖို့ စီစဉ်တဲ့ အနက်ကယ့် အစီအစဉ်ကို လေချို ထောက်ခံတယ်၊ ကိုလရောင်လည်း လက်ခံလိုက်ပါ"

လရောင် ခေါင်းကို တွင်တွင်ခါသည်။ လေချို့ကို နားလည်ရ ခက်သော အကြည့်တွေဖြင့် အလန့်တကြား ကြည့်လိုက်သည်။

"လေချိုသွေးတောင် လက်ခံသင့်တယ်လို့ ယူဆမှတော့ မင်းရဲ့ သိမ်ငယ်နေတဲ့စိတ်ကို ဖျောက်ပစ်လိုက်ပါ၊ ဘုံရဲ့ရာသက်ပန် လက်တွဲဖော် ဟာ မင်းပဲဖြစ်သင့်လို့ စီစဉ်လိုက်တာကို မင်းမငြင်းပါနဲ့တော့"

ဦးမင်းသစ်၏အကွက်ကျကျ စီမံမှုကို လရောင် ထပ်ပြီး စောဒက မတက်ရဲတော့။ ရင်ထဲမှာတော့ မုန်တိုင်းတစ်ခုလိုထန်ပြီး ခြောင်းကို ဆန်နေသည်။

"မင်းကို ငါ့သမီး ဘုံ လက်ခံခံ မခံခံ ဒီကိစ္စကို ငါစီစဉ်တာ၊ ဒါကို ဒင်းတာ လက်မခံရင် ဒီအိမ်က နှင်ချလိုက်ရုံပဲ၊ ငါ့ရဲ့တစ်ချက်လွှတ် အမိန့်ကို ဘယ်သူမှ ငြင်းဆန်ခွင့်မပေးနိုင်ဘူး"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"လေချိုရယ် ကိုယ် မင်းကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး၊ ဦးဦးကို ကိုယ့်မှာချစ်သူရှိကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြဖို့လေ၊ ခုတော့ လေချိုကြောင့် ကိုယ့်စိတ်တွေ အကျဉ်းချခံလိုက်ရပြီ၊ ဘုံကို ကိုယ် ဘယ်လိုမှ လက်မထပ်နိုင်ဘူး၊ သူ့ကိုလက်ထပ်မယ့်အတူတူ ကိုယ့်အသက်ကို အသေခံလိုက်တာကမှ ကောင်းဦးမယ်"

"ကိုပဲ ပြောခဲ့တာလေ၊ အန်ကယ်တို့အတွက်ဆိုရင် အသက်တောင် စတေးရဲပါတယ်လို့ ဖွင့်ဟထားပြီးမှ ဒီလောက်ကလေး ပေးဆပ်ရတာ ဘာများနစ်နာသွားမှာလဲ ကိုရယ်၊ လေချို့ကို တစ်မျိုးမထင်ပါနဲ့၊ ခုလို ဝင်ပြီး ဖွက်ဖက်လိုက်လို့ လေချို့အတွက် ဘယ်လောက် နာကျင်ရသလဲဆိုတာ လေချိုကလွဲပြီး ဘယ်သူကများ ပိုသိနိုင်မှာလဲ၊ ဒါပေမဲ့ လေချို့ချစ်သူဟာ ကျေးဇူးတရားကို အသက်ထက် တန်ဖိုးထားပြီး ဘုရားလိုကိုးကွယ်တဲ့သူတစ်ယောက်ပဲ၊ ဒီလို လူစားမျိုးအတွက် ဆင်းရဲခြင်းဆို





တာ မရှိပါဘူး"

ကျေးဇူးတရားတွေ ဖြစ်နိုင်ခြေရှိတာတွေ ဖြစ်သင့်တာတွေဖြင့် ဆောင်ခတ်ပြီး တစ်ဖက်သတ်အနစ်နာခံနေသော လေချိုကို လရောင် ဘယ်လို အဆုံးရှုံးခံနိုင်ပါ့မလဲ။

"လေချို့ကို လက်ထပ်ရင် ကိုရော ကို့အမေရော ကောင်းသော ဆုံးစည်းခြင်းနဲ့ ဆုံစည်းရမှာ မဟုတ်ဘူး"

"ဘယ်လို လေချို ပြောနေတာတွေကို ကိုယ် နားမလည်ဘူး၊ အဓိပ္ပါယ်လည်း မရှိဘူးလို့ ကိုယ်တော့ထင်တယ်"

"ကို့အတွက် အဓိပ္ပါယ် ဘာလို့မရှိရမှာလဲ ကိုရယ်၊ ဘုံလို ညီးစိမ်ဥစ္စာတွေနဲ့ ပြည့်စုံနေတဲ့ သူဌေးသမီးကို လက်ထပ်ခွင့်ရတာဟာ ဘယ်လောက်ကံကောင်းလိုက်သလဲ၊ ကို ချမ်းသာမှ ကို့အမေကိုလည်း ချမ်းချမ်းသာသာ ထားနိုင်မှာလေ၊ အမေ့ကို ကို့သားအဖြစ် လက်မခံတာ ဆင်းရဲတဲ့သူ ဘဝထဲကို ဝင်လာမှာစိုးလို့ပဲ၊ ကိုသာ ဘုံ့ကိုလက်ထပ်လိုက် ရင် ဘုံ ပိုင်ဆိုင်သမျှတွေအကုန် ပိုင်ဆိုင်ရမှာ၊ အဲဒီအခါကျရင် အမေ့ကိုလည်း ကို့ဆီမှာ ခေါ်ထားလို့ရပြီ၊ ကျွန်မသိနေတယ် ကို အမေ ကို့ဆီမှာ လာနေလိမ့်မယ်၊ အဲဒါဆို ကို့ဆန္ဒ ပြည့်ပြီပေါ့"

လေချို ရင်အကွဲခံပြီး လရောင် ဘုံ့ကို လက်ထပ်ဖို့ နားချ သိမ်းသွင်းရသည်။ ကိုယ့်ချစ်သူကို အဆုံးရှုံးမခံနိုင်ပေမယ့် ငြင်းဆန်ရ ခက်အောင် ထွက်ပေါက်ပိတ်နေသော ချစ်သူ၏အခြေအနေကို လေချို သိနေမှတော့ ကိုယ့်ဘက်ပါအောင် အတင်းအကျပ် မဆွဲဆောင်ရှင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တိတ်တိတ်ကလေး ချစ်နေရလည်း ကျေနပ်နိုင်သည်ပဲလေ။

"ဒါပေမဲ့ ကိုယ် လေချို့ကိုချစ်တယ်၊ အဆုံးရှုံးမခံနိုင်ဘူးကွာ"

"ဘဝပေးအခြေအနေအရ ချစ်ဦးသူနဲ့ ကွဲရတဲ့ ကံကြမ္မာပါလာတယ်လို့ပဲ စိတ်မှာမှတ်လိုက်ပြီး ဘဲ့ကို လက်ခံလိုက်ပါ ကိုရယ်၊ လေချို့ရောကိုရော တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြဖို့ပဲ လိုတာမဟုတ်လား၊ အချစ်စစ် အချစ်မှန်ဆိုတာ နှစ်ဦးပေါင်းစည်းမှ အချစ်စစ်လို့ မမည်ပါဘူး ကိုရယ်၊ လေချို့ရင်ထဲမှာ ကို့ အမြဲရှိနေဖို့နဲ့ ကို့ရင်ထဲမှာ လေချို့ အမြဲရှိနေရုံနဲ့ ကျေနပ်နှစ်သိမ့်နိုင်ရမှာပေါ့"

"လေချို့ရယ် ကိုယ် ကိုယ် ရှုံးတော့မယ်ကွာ"

ရင်ထဲမှာ ဆောက်တည်ရာမဲ့လွန်းစွာဖြင့် လေချို့ကို ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းကျပ်စွာ ဖက်တွယ်ထားလိုက်သည်။ လေချို့ကလည်း ပြန်၍ ဖက်တွယ်လိုက်သည်။ ချစ်သူ့ရင်ခွင်မှာ နောက်ဆုံး

■ ■ ■



အခန်း (၄၁)

"ဦးဦးကို ကျွန်တော် တစ်ခုတောင်းဆိုပါရစေ"

လရောင် ဦးမင်းသစ် ရှေ့မှာ မတ့်မရဲ ရပ်လိုက်ပြီး တိုးသက်သောအသံဖြင့် ရင်ထဲက ဆန္ဒတစ်ခုကို ဖော်ထုတ်ဖို့ ကြိုးစားလိုက်သည်။

"ဘာကို တောင်းဆိုချင်တာလဲ လရောင်၊ ဒီအချိန်မှာ ငါ့သမီးကို လက်ထပ်ဖို့ ငြင်းဆန်တဲ့တောင်းဆိုမှုကလွဲရင် ကျန်တာအားလုံး ပေးနိုင်တယ်"

ဦးမင်းသစ် လရောင်ကို သမက်အဖြစ်တော်ဖို့ အခွင့်အရေးကို ဘယ်လိုနည်းနှင့်မှ လက်လွှတ်အဆုံးရှုံးမခံနိုင်။

"ကျွန်တော် ဦးဦးရဲ့ဆန္ဒကို မလွန်ဆန်ဝံ့ပါဘူး၊ ခုဟာက ကျွန်တော့်အနှစ်နှစ်အလလက မျှော်လင့်လာတဲ့ အိပ်မက်တစ်ခုကို ဦးဦးရဲ့ ကူညီမှုချက်နဲ့ အကောင်အထည် ဖော်ချင်လို့ပါ"

ဦးမင်းသစ် လရောင်ကို ထူးဆန်းစွာ ကြည့်သည်။



www.burmeseclassic.com

"မင်းစကားက အဆန်းပဲ လရောင်၊ ဘာအိပ်မက်လဲ ပြောစမ်း ပါဦး"

"ကျွန်တော် ငယ်ငယ်ကတည်းက ရှာဖွေလာတဲ့ အမေ့ကို အခု ပြန်တွေ့ရပြီ ဘဘကြီး"

လရောင်စကားကြောင့် ဦးမင်းသစ် စိတ်အေးသွားပုံဖြင့် ပြုံး လိုက်သည်။ ပြီးမှ သဘောတူလိုက်လျောမည့်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ

"အင်းလေ မင်းအစား ဦးဦး ဝမ်းသာတယ်ကွာ၊ ဒါနဲ့ မင်း အမေကို ဘယ်မှာတွေ့ခဲ့တာလဲ၊ ဘာကြောင့် ငါ့ကို ခုမှဖွင့်ပြောရတာလဲ"

"ကျွန်တော့်အမေဆိုတာ ခုမှပိုပြီး ကျိန်းသေသွားလို့ပါ ဦးဦး ဘယ်မှာစတွေ့ခဲ့တာလဲဆိုတော့ လေချို့ကို သွားကြိုတဲ့နေ့မှာ လေချို့ အမေအဖြစ်နဲ့ တွေ့ခဲ့ရတာပါ"

"အင်း အံ့ဩစရာကောင်းပေမယ့် ကံကြမ္မာက မင်းတို့သားအမိ ရဲ့ တွေ့ဆုံမှုကို ရုပ်ရှင်ပြကွက်ဆန်ဆန် ဖန်တီးပေးခဲ့တာပဲ၊ ဒါဆို လေချို နဲ့မင်းနဲ့က မောင်နှမတွေပေါ့"

ဦးမင်းသစ်အမေးကို အလိုက်သင့်ပင် ခေါင်းညိတ်လိုက်သည် အခုမှတော့ လေချိုနှင့်လင်ပါသမီးနဲ့မိထွေးပါလို့လည်း ဦးမင်းသစ်ရှေ့မှာ ကိုယ့်အမေအထုပ် ကိုယ်ဖြည်ချပြီး ရှင်းပြမနေချင်တော့။ ချစ်သူနဲ့ဆော စည်းနိုင်မှတော့ မောင်နှမလို့ပြောလိုက်တာဟာ လေချို့ကို အနား ခေါ်ထားခွင့်ရှိမည် မဟုတ်လား"





"ဒီတော့ မင်းအမေကိုရော မင်းညီမကိုပါ ဒီအိမ်မှာ ခေါ်ထား ချင်တယ်ဆိုတဲ့ သဘောလား"

လရောင်ခေါင်းညိတ်ပြလိုက်သည်။ တစ်ဘဝစာ အနစ်နာခံဖို့ ညှိရွယ်ပြီးမှတော့ ဒီတစ်ခုလေးကိုတော့ ပိုင်ဆိုင်ခွင့်ရချင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဘယ်လို လရောင်က ငါ့ကို သူတို့အိမ်ကြီးမှာနေဖို့ လာခေါ် မယ် ဟုတ်လား လေချို"

ဒေါ်ကေသီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟုတ်တယ် အမေ၊ အမေ့သား လရောင်က အခုဆို ရွှေ နဲ့လက်ထပ်တော့မှာ၊ အဲဒါကြောင့် အန်ကယ်ကလည်း အမေ့ကို သူ အတူခေါ်ထားဖို့ ခွင့်ပြုလိုက်ပြီ"

"ဘာတွေလဲအေ၊ လရောင် ပြောတော့ ညည်းနဲ့သူနဲ့ ချစ်သူ တွေ ဖြစ်နေကြပြီဆို၊ ခုတော့ ဘယ့်နှယ်ကြောင့် ရွှေဘုံစံနဲ့ဖြစ်သွားရတာ လဲ"

ဒေါ်ကေသီ နားပင်မလည်နိုင်တော့။ သို့သော် ယခုလက်ရှိအခြေ အနေကို သဘောတော့ကျနေမိသည်။ လေချိုနဲ့ လက်ထပ်တာထက် စာရင် ရွှေဘုံစံလို သူဌေးသမီးနဲ့ လက်ထပ်တာကမှ ကိုယ့်သားဘ





သူ့လုံးလှုပ်မည်။

"နောက်တော့ အမေ တဖြည်းဖြည်း သိလာမှာပေါ့ အမေရယ်"

ဒေါ်ကေသီ စီးကရက်ကို ဆေးလိပ်ပြာခွက်ထဲ ခြွေထည့်ရင်း သူ့ဘဝကို နောက်ထပ် ပုံစံအသစ်နဲ့ စတင်ရတော့မှာပါလားဟု အတွေး ရောက်သွားသည်။

"အမေ ပြင်စရာရှိတာတွေ ပြင်ဆင်ထားတော့လေ၊ အမေ့သား လာခေါ်လိမ့်မယ်၊ ဒီတစ်ခါတော့ သူ့ဆန္ဒကို လိုက်လျောပေးလိုက်ပါ အမေရယ်၊ အမေ့မေတ္တာငတ်နေတဲ့ လရောင်ကို ဒီတစ်ခါတော့ သူ့ဆန္ဒ ကို ဖြည့်ဆည်းပေးလိုက်ပါ၊ သူကသိပ်ပြီး သနားစရာကောင်းတဲ့ ရိုးသား တဲ့သူတစ်ယောက်ပါ"

"ငါ့သား ရိုးတာ ငါ ဂုဏ်ယူပါတယ်အေ၊ ဂုဏ်မယူနိုင်တာက ဒို့ရဲ့အရှုပ်ထုပ်တွေကိုပဲ၊ ငါ ပေးစရာရှိတဲ့ ကြွေးရှင်တွေက အဲဒီအိမ်ကြီး အထိ လိုက်တောင်းရင် ဘယ့်နှယ်လုပ်မလဲ၊ ငါ့မှာ အကြွေးတွေ ရှိနေတာ ညည်းလည်း အသိ၊ ဟိုကသူဌေးကြီးနဲ့ ငါနဲ့က ခမည်းခမက်တော်ရမှာ၊ ငါ့ကြောင့် ငါ့သားလေး ယောက္ခမ အငြိုအငြင်ခံနေရပါမယ်အေ"

ဒေါ်ကေသီ သားနှင့်အတူနေချင်ပေမယ့် ရှေ့နောက်မလွတ် သည့် အကြွေးပြဿနာအဖုံဖုံက ရှိသေးသည်။

"အဲဒီအတွက် အမေ့သား အားလုံးရှင်းထုတ်ပေးလိမ့်မယ်၊ အမေလုပ်ရမှာက အမေ့လူတွေကို အဆက်ဖြတ်၊ ဖဲဝိုင်းသွားတဲ့အလေ့ကို အပြီးတိုင်စွန့်လွှတ်၊ ဒါဆို အားလုံး ပြေလည်သွားလိမ့်မယ်၊ အမေ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကပြန်စကြည့်လိုက်ပါ အမေရယ်''

''အေးပါအေ သူဌေးမလေးရဲ့ယောက္ခမဖြစ်ရတော့မယ့် အခွင့်အရေးကို ငါကလည်း ဘယ်လက်လွှတ်ခံပါ့မလဲ အဟင်း ဟင်း''

ဒေါ်ကေသီ ပီတိတွေနှင့် ရယ်သွမ်းသွေးနေသလောက် လေး ရင်ထဲမှာတော့ . . .။

■ ■ ■



## အခန်း (၄၃)

ဒေါ်ကေသီ အိမ်ကြီး၏ခမ်းနားပုံကိုကြည့်ပြီး သားအတွက် ပီတိတွေဝေနေမိသည်။ ကိုယ့်အတွက်လည်း အကျေနပ်ကြီး ကျေနပ်နေမိသည်။ သူ့ဘဝကို ဒီလိုအိမ်ကြီးမျိုးမှာ အခန့်သား တက်နေရလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့။

''အမေ ဒီအိမ်ကြီးက အမေနေရမယ့် အိမ်ကြီး''

ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာနေသော အမေ့ကို ကြည့်ပြီး လရောင် ခပ်တိုးတိုး ပြောလိုက်သည်။

''သားရယ် အမေလေ ကိုယ့်ကိုယ်ကို အိပ်မက်များ မက်နေမလားလို့တောင် ထင်နေမိတယ်ကွယ်''

''ဒါ အိပ်မက်မဟုတ်ပါဘူး အမေ တကယ်ပါ''

သားအမိနှစ်ယောက် ပျော်ရွှင်နေကြတာကို ကြည့်ပြီး အန်ကယ်နိုင်နှင့် ဒေါ်ကြိုင်ပါ ရော၍ ပီတိဖြစ် ပျော်ရွှင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီး အိပ်မက် ဟုတ်မဟုတ် သိရအောင် ဟောဒီ ကျွန်တော့်ရဲ့ပါးကို အစ်မကြီး လာပြီး ဆိတ်ဆွဲကြည့်ပါလား"

အန်ကယ်နိုင် ဝင်နောက်နေသေးသည်။

"အို ဘာလို့ ဆိတ်ကြည့်ရမှာလဲရှင် အဟင်း ကျွန်မကလေ ဒါသာ အိပ်မက်ဆိုရင် အဲဒီ အိပ်မက်ကမနိုးဘဲ ထာဝရသာ အိပ်လိုက်ချင်ပါရဲ့"

"ဒါဆိုလည်း အိပ်လိုက်ပေါ့ဗျာ၊ အိပ်ရာကနိုးမှ ဒါဟာ အိပ်မက် မဟုတ်ဘူးဆိုတာ အစ်မကြီး သေသေချာချာ ဝေခွဲလို့ရသွားမှာပေါ့။ ဟုတ်ဘူးလား ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ အမျှော်လင့်ဆုံး အရာကို ပိုင်ဆိုင်လိုက်ရတဲ့အတွက် ဝမ်းသာတယ်ဗျာ"

ဦးမင်းသစ်နှင့်ဘုံ အပေါ်ထပ်လှေကားမှ ဆင်းလာကြသည်။ ဦးမင်းသစ် ဒေါ်ကေသီကို နွေးထွေးစွာ ကြိုဆိုသည့်အနေနှင့် ပြုံးရွှင်ကြည်သာနေသလောက် ဘုံ့မျက်နှာမှာ ဒေါ်ကေသီကို နှိမ့်ချသောအကြည့်ဖြင့် အထင်သေးစွာကြည့်ပြီး မသိမသာ မဲ့သွားသည်။

ဒေါ်ကေသီ ဦးမင်းသစ်နှင့်ဘုံကိုတွေ့တော့ ပျော်ရွှင်နေသော ကိုယ့်အမူအရာကို ပြန်၍ ကျနေ့ဆည်လိုက်သည်။ ကိုယ့်ပုံစံက ရမ္မက်သိပ်ထနေမှန်း ခမည်းခမက် သိသွား၍မဖြစ်။

"လရောင်အမေ ရောက်လာပြီကိုး"

"ဟုတ်ကဲ့ပါရှင်"

"အင်းလေ ခင်ဗျားတို့ သားအမိ ကံမကုန်လို့ ပြန်ဆုံတွေ့ရတာ





ဝမ်းသာစရာပေါ့ဗျာ"

ဦးမင်းသစ် ဆိုဖာပေါ် ခပ်မိန့်မိန့် ဝင်ထိုင်ပြီး နွေးထွေးပျူငှာသော စကားဖြင့် မိတ်ဖွဲ့လိုက်သည်။ ဒေါ်ကေသီ နည်းနည်းတော့ အားတက်သွားသည်။

"ဟုတ်ကဲ့ပါရှင် အကြောင်းကြောင်းကြောင့် ခွဲခဲ့ရတဲ့ ကျွန်မတို့ သားလေးကို ဒီက ဦးမင်းသစ်က ကျွေးမွေးစောင့်ရှောက်ပေးထားတဲ့ အတွက် ကျွန်မ ကျေးဇူးအထူးတင်ပါတယ်ရှင်၊ ဒီကျေးဇူးကို ကျွန်မတို့ တစ်သက် ဘယ်လိုမှ ဆပ်လို့ကုန်မယ် မထင်တော့ပါဘူး"

"အဲဒီလောက်လည်း ကျေးဇူးတင်ဖို့ မလိုပါဘူး ဒေါ်နုနုရီရယ်၊ ကျွန်တော်တို့က လရောင်ကို ကျွေးမွေးစောင့်ရှောက်သလို လရောင်က လည်း ကျွန်တော်တို့မိသားစုရဲ့ အရှက်နဲ့သိက္ခာကို ကာကွယ်ပေးနေပြီပဲ၊ ကျွန်တော်တို့ကတောင် ပြန်ပြီး ကျေးဇူးတင်ရမှာပါဗျာ"

ဦးမင်းသစ်ကလည်း ပေါ်တင်ပင် ဘုံ၏အမှန်တရားကို ဖွင့်ထုတ်၏။ ဘုံ မျက်နှာပျက်သွားကာ

"ဒယ်ဒီရယ် ဘာမဟုတ်တဲ့ကိစ္စလေးကို လူပုံအလယ်မှာ ချပြပြောဆိုနေစရာမလိုပါဘူး၊ ဟွန်း ဘုံတို့သာ ငယ်ငယ်ကတည်းက သူ့ကို မကယ်တင်ခဲ့ရင် သူဟာခုဆို သူခိုးတစ်ယောက်ဘဝနဲ့ ထောင်ထဲကကို ထွက်ရမှာမဟုတ်ဘူး၊ အဲဒီအခါကျရင် သူ့အမေနဲ့ရော ပြန်တွေ့နိုင်ပါ့မလား"

"တိတ်စမ်း သမီး၊ ဘာပဲဖြစ်ဖြစ် တို့တွေ သွေးသားမတော်စပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နှစ်တော်တော်ကြာ တစ်အိမ်ထဲ အတူနေခဲ့တာဟာ အတိတ်က မကုန်ဆုံးခဲ့တဲ့ ရေစက်ကြောင့်ပဲ၊ အဲဒီလို ရေစက်ကြောင့် လရောင် ဒီအိမ်ကို ရောက်လာတာကိုပဲ ညည်းဘဝရဲ့ ကယ်တင်ရှင်လို့ မှတ်ပါ"

မာနတွေ ခေါင်းခိုက်နေသော ဘွဲ့ကို ဒေါ်ကေသီ မနှစ်မြို့သော အကြည့်ဖြင့် မသိမသာ ကြည့်လိုက်သည်။ ရွှေဘုံစံ လရောင်ကို နွံ့ရှာ စက်ဆုပ်သောအကြည့်ဖြင့် အပြုံးတကြီး ကြည့်ကာနေရာမှ ခပ်ဆောင့်ဆောင့်လေး ထသည်။

ဦးမင်းသစ် ကလေးဆန်လွန်းသော သမီးကိုကြည့်ပြီး စိတ်လေးစွာဖြင့် ပင့်သက်ရှိုက်လိုက်သည်။

■ ■ ■



## အခန်း (၄၄)

"လေချို"

ညအါအလင်းရောင် ဖျော့ဖျော့အောက်တွင် ခပ်ငွေးငွေး ထိုင်နေသော လေချို့နားသို့ လရောင် ရောက်လာသည်။

"ဟင် ကို"

"ကိုယ့်ရဲ့ ပျော့ညံ့မှုကြောင့် လေချို အရမ်းခံစားနေရပြီ၊ ကိုယ် မကြည့်ရက်ဘူးကွာ"

လရောင် စကားကြောင့် ဝေ့ဝဲစွာ ကျဆင်းနေသော မျက်ရည်တို့ကို လေချို ကပျာကယာ သုတ်လိုက်သည်။ ပြီးနောက် ဟန်ဆောင်သော အပြုံးဖန့်ဖန့်ဖြင့် ရွှန်းစားစွာ မော့ကြည့်လိုက်သည်။

"ရင်ထဲမှာ ခံစားနေရပေမယ့် ကိုယ့်ရင်ထဲက အိပ်မက်တွေကို အကောင်အထည် ပိုင်းဖော်ပေးခွင့်ရတဲ့အတွက် ပီတိတော့ ဖြစ်မိတယ်



www.burmeseclassic.com

www.burmeseclassic.com



ကို၊ အခုဆို ကိုရယ် အမေရယ် အတူတူပြန်နေကြရပြီ ဒီအတွက် ကိုနဲ့ လေချိုတို့ နှလုံးသားတွေကို စတေးရတာ တန်ပါတယ် ကိုရယ်''

''ဒါပေမဲ့ ကိုယ်ပျော်နေတယ်လို့ လေချို ထင်သလား။ ကျေးဇူးတရားတွေကြောင့်သာ ကိုယ့်ဘဝကို ခေါင်းငုံ့ ခံးကိုင်းပြီး သူတို့ စေလိုရာစေ ဘဝနဲ့ စတေးခံနေရတာ ကိုယ့်အတွက်တော့ ငရဲခန်းထဲဝင်နေရသလို ပူလောင်လွန်းတယ်၊ လေချို့အပေါ်မှာ တစ်ကိုယ်ကောင်း ဆန်မိပြီလားဆိုပြီး လိပ်ပြာမသန့်လည်း ဖြစ်မိတယ်''

''ကို တစ်ကိုယ်ကောင်း မဆန်ပါဘူး။ အနှစ်နှစ်အလလ ကွဲကွာခဲ့ရတဲ့ အမေ့အတွက် ဒီလောက်တော့ ပေးဆပ်သင့်တာပေါ့၊ ကိုနဲ့ ကို့အမေ ပြန်ဆုံခွင့်ရတဲ့ မြင်ကွင်းက ချစ်သူကို ဆုံးရှုံးလိုက်ရကျိုးနပ်အောင် တန်ပါတယ်''

''လေချိုရယ် ကိုယ် ကိုယ်လေ မချစ်ဘဲနဲ့ မနေနိုင်ဘူး၊ ကိုယ့်ရင်ထဲမှာ လေချိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး။ မေ့လို့လည်းရမှာမဟုတ်ဘူး သွားပါပြီ၊ ကိုယ့်ဘဝကြီးက လေချိုနဲ့လွဲရမှတော့ ဘယ်မှာလာပြီး အဓိပ္ပါယ်ရှိတော့မှာလဲ''

လရောင် လေချိုကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။

''ကျွန်မကို ဖြည်းဖြည်းချင်း မေ့ပေးပါတော့ ကိုရယ်''

''ဟင့်အင်း ကိုယ် ဘဝကို တဖြည်းဖြည်း မုန်းသွားလို့သာ





ရမယ်၊ လေချိုကိုတော့ ဘယ်လိုမှ မုန်းလို့ရမှာ မဟုတ်တော့ပါဘူး၊ ကိုယ် ဘဝကို အရမ်းမုန်းတယ်၊ အဲဒီအမုန်းတွေဟာ ကမ္ဘာ့ည်းအကွာရာဆောင် တင်ထိုက်သွားလိမ့်မယ်၊ သူဟာ ကိုယ့်ရဲ့မသိစိတ်ထဲမှာ သိပ်ကိုကြောက်စရာကောင်းတဲ့ နတ်ဆိုးမတစ်ယောက်ပဲ''

မျက်ရည်တို့သည် ချစ်သူနှစ်ဦး၏ ပါးပေါ်မှာ တလိမ့်လိမ့် ကျဆင်းနေကြသည်။ ထိုတဒင်္ဂသည် တစ်ဦးရင်ခွင်ကို တစ်ဦး ခိုလှုံခွင့်ရသည့် နောက်ဆုံး အခွင့်အရေးလေးမို့ ကြေကွဲစရာကောင်းသည့် ရင်ခုန်သံတွေက ကမ္ဘာပျက်မတတ်ပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းသစ်၏ အလျင်စလို စီစဉ်ပေးမှုကြောင့် ဘုံနှင့် တရားရုံးမှာပင် အကျဉ်းချုပ် လက်မှတ်ထိုးလိုက်ကြပြီး ညဘက်တွင် ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်း အချို့ကိုဖိတ်ပြီး ပါတီပွဲလေး လုပ်လိုက်ကြသည်။

ဦးမင်းသစ်နှင့် ဒေါ်ကေသီက ကျေနပ်ပီတိတွေနှင့် အပြုံးတွေဝေနေသလောက် လရောင်နှင့် လေချို့ရင်ထဲမှာတော့ ကမ္ဘာခြားသွားသူနှစ်ယောက်လို လှိုင်းထန်နေကြသည်။ ဖလေချို ဘယ်လောက်တောင် ငိုကြွေးနေလိမ့်မလဲ။ ချစ်သူတစ်ယောက်ကို ဆုံးရှုံးလိုက်ရသော ဆုံးရှုံးမှုသည် ဘဝမှာ ဘာနှင့်မှယှဉ်၍မရအောင် ပြင်းထန်လွန်းသည်။

ဆန္ဒမပါသော မင်္ဂလာပွဲမှာ ခံစားချက်တို့ ဗလာနတ္ထိ။ အများတကာက လုပ်လိုက်တာဟယ်ဟု ချီးကျူးထောပနာပြုနေသော ဘုံအလှကို စေ့စေ့ပင် မကြည့်မိ။





''ဘုံ နင့်သတို့သားက ခုလိုပြင်လိုက် ဆင်လိုက်တော့လည်း ချောင်းသားလေး ကျနေတာပဲဟယ် အဟင်း နင့်အဖေက နင့်အတွက် ရွေးစားခဲ့တယ်ဆိုတာ ခုမှပဲ သဘောပေါက်တော့တယ်''

သူငယ်ချင်းတွေ၏ စကားကြောင့် ဘုံအနာပေါ် တုတ်ကျသလို ဆတ်ဆတ်ခါအောင် နာသွားကာ

''သွားစမ်းပါဟာ ဘာရွေးစားသားလဲ တောရွာဇနပုဒ်ကနေ ဒီတို့ရဲ့ ကျေးကျွန်လုပ်ဖို့အတွက် ဒယ်ဒီက သူ့ကို သူခိုးဘဝကနေ ကယ်ဆုတ်ခဲ့တာ''

''ဟယ် ဒါနဲ့များ နင်ကဒီလို သူချိုးမျိုးကိုယူတယ်၊ အံ့ပါရဲ့ ဘုံရယ် တမလွန်က ကျော်မင်းထင်သာမြင်ရင် နင့်အဖြစ်ဆိုးကြောင့် နှစ်ခါပြန်တောင် ထပ်သေသွားမလားပဲ''

သူငယ်ချင်းတွေ၏ ခပ်တိုးတိုး လှောင်ရယ်သံကြောင့် ဘုံ ဒေါသတွေသည် လရောင်ဆီသို့ အချိန်အခါမဟုတ် မြားဦးလှည့်သွားသည်။ ထို့ကြောင့် စားပွဲပေါ်မှ ဒံပေါက်တွေ ထည့်ထားသော ပန်းကန်ကို မတော်တဆ တိုက်မိဟန်ဖြင့် ဟန်ဆောင်တိုက်ချလိုက်သည်။

''ခလွမ်း''

''ဟယ်တော် မှောက်ကျကုန်ပြီ''

''ဟင် နင့်လုံချည်ပေါ်မှာ ဆီတွေပေကုန်ပြီ''

ဘုံ တိုက်ချလိုက်သဖြင့် ဘုံချိတ်ထဘီပေါ်မှာ ဒံပေါက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားတုံး ပြုတ်ကျ၍ ပေကျံနေသဖြင့် ဘုံ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ ပြီးနောက် တစ်ဖက်ဝိုင်းတွင် ဒယ်ဒီနှင့်အတူ ညှော်ခံနေသော လရောင်ကို လှည့်၍

"လရောင်"

မာထန်သော အသံနှင့်လရောင်ကို လှမ်းပြီး အော်ခေါ်လိုက်သည်။

လရောင် ဘုံတို့ဝိုင်းဆီသို့ လျှောက်လာလိုက်သည်။ သူ့ကိုယ်ရှ သတ္တိသားဆိုတာ မေ့သွားပုံရသည်။

"ဘာခိုင်းမလို့လဲ ဘုံ"

"ကွဲသွားတဲ့ပန်းကန်တွေနဲ့ ပေကျံနေတဲ့ဟင်းတွေ သိမ်းလိုက်"

ဘုံ၏ လူပုံအလယ်မှာ အရှက်ခွဲလိုက်သော စကားကြောင့် လရောင် ဝေ့ခနဲ မျက်ရည်ဖြာသွားသည်။

"ဒေါ်ကြိုင့်ကို သိမ်းခိုင်းလိုက်မယ် ဘုံ၊ ဟိုဘက်ဝိုင်းမှာ ဦးဦး ညှော်သည်တွေနဲ့ ငါ့ကို မိတ်ဆက်ပေးနေတာ"

ဦးမင်းသစ်နှင့် ဒေါ်ကေသီ အနားသို့ရောက်လာကြသည် အခြေအနေကို ဝင်ထိန်းရန် ဖြစ်သည်။ မြတ်ကိုနှင့် သန့်ဇော်အနားကို ရောက်လာကြပြီး

"နေ နေ လရောင် ငါတို့သိမ်းလိုက်မယ်"

"မလိုဘူး မြတ်ကို၊ နင်တို့သိမ်းပေးစရာ မလိုဘူး၊ ငါခိုင်းတာ





ဒီရဲ့ကျွန်ကိုခိုင်းတာ၊ သူပဲလုပ်ရမယ်၊ နင်ပဲသိမ်း လရောင်၊ နင့်အဆင့်အတန်းက ဒီလိုပဲလုပ်ရမှာလေ ငါနဲ့လက်ထပ်ပြီးလည်း ဒီလိုအလုပ်တွေပဲ လုပ်နေရဦးမှာ နင်က ငါ့ယောက်ျားဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

"ဘုံ နင် ဘယ်လိုပြောလိုက်တာလဲ"

မြတ်ကိုနှင့်သန့်ဇော် ဘယ်လိုမှ သည်းမခံနိုင်တော့၍ ပြောဖို့ ဟန်ပြင်သည်။ လရောင် သူငယ်ချင်းနှစ်ဦးကို ဝင်မပြောရန် လက်ကာ လိုက်ပြီး

"နေပါစေ မြတ်ကို ငါပဲ သိမ်းလိုက်ပါ့မယ်"

လရောင် ပြုတ်ကျနေသော ကြက်ပေါင်ကို လှမ်းယူလိုက်သည်။

"အဲဒီ ကြက်ပေါင်ကို အမှိုက်ပုံးထဲ မထည့်နဲ့ နင်ပဲစားလိုက် လရောင်၊ ဒီကြက်သားတုံးတန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ နင်သိတယ် နော်"

လရောင် ဘုံ့ကို စေ့စေ့ကြည့်လိုက်သည်။ သူငယ်ချင်းအပေါင်း အသင်းတွေရှေ့မှာ အရှက်ခွဲနေမှန်း သိပေမယ့်လည်း သည်းခံကာ သူ့ အကြိုက်လိုက်ခဲ့သည်။ ခုဟာက မြက်ခင်းပေါ်ကျသွားသော ကြက်သား တုံးကို လရောင်စားရမည်ဆိုသော ဘုံ့စကားက နည်းနည်းတော့ များ သွားပြီ။

"နင် လွှင့်လာပြီ ဒီကြက်သားတုံးကို ငါမပြောနဲ့ လမ်းဘေးက သူတောင်းစားတောင် စားမှာမဟုတ်ဘူး။ ငါက နင့်ယောက်ျားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဖြန်း"

ဘုံ ဒေါသဖြင့် လရောင်ပါးကို ဖြန်းခနဲ ချလိုက်သည်။ အဝေး
ဒေါသတွေကို မြိုသိပ်ပြီး စောင့်ကြည့်နေသော ဒေါ်ကေသီမှာ သားအရှက်
ခွဲခံလိုက်ရမှုကြောင့် ဒေါသတွေ ဆွေ့ဆွေ့ခုန်သွားသည်။

ဧည့်သည်တွေအားလုံး၏ အကြည့်တွေက လရောင်ဆီသို့ ရောက်ရှိလာကြသည်။ ဒေါ်ကေသီ ပွဲကြမ်းမည်ဟူသော အစီအစဉ်ပြင်း
လှမ်းလာသည်။ ခြေလှမ်းတွေ လရောင်နား မရောက်ခင်မှာပင် ဦးမင်းသစ်
လရောင်တို့ စားပွဲနားသို့ အရင်ဆုံးရောက်ရှိသွားသည်။

"ဘုံ နင် ဘယ်လိုလုပ်လိုက်တာလဲ"

ဦးမင်းသစ်၏ မျက်နှာမှာ ဒေါသတွေကြောင့် တဆတ်ဆတ်
တုန်နေသည်။

"ဒယ်ဒီ မြင်တဲ့အတိုင်းပဲလေ၊ ဒီလို ကျွတ်စုတ်ကို ဒီလို ဆုံး
ထားမှ တော်ကာကျမှာ၊ သူကများ ဘုံ့ကို ပြန်ပြောပြရတယ်လို့၊ ဘုံ
ယောကျ်ားဖြစ်တော့မယ်ဆိုပြီး လူပုံအလယ်မှာ မတ္တာပ်တိုင်လာတက်
ရဲတယ်"

ဒေါ်ကေသီနားသို့ လေချို ရောက်နေပြီး ဒေါ်ကေသီ ၏ဒေါသ
တွေ ဒီထက်အုံကြွမလာအောင် အတင်းဖျောင်းဖျထားရသည်။ ဒေါ်
ကေသီ ရင်ထဲက ဒေါသတရားတွေကို မနည်းကို မျိုချနေရသည်။





"ညည်း တော်တော် ဆိုးသွမ်းနေပါလား၊ ညည်းကိုငါ့သမီး
ပါလို့ ပြောရမှာတောင် ရှက်တယ်၊ ညည်း ငါ့ကို အရှက်ခွဲတယ်"

ဦးမင်းသစ် ဘုံ့ကို တော်တော်လေး ရွတ်ချလိုက်သည်။

"ဘုံ မမှားဘူး ဒယ်ဒီ၊ ဒီကောင်က အကြံသမား၊ သူ့ခိုး၊ ဘုံ့
ကို ချစ်လို့လက်ခံခဲ့တာ မဟုတ်ဘူး။ စည်းစိမ်တွေမက်လို့ လက်ခံခဲ့
တာ"

"ဘာပြောတယ် မိဘုံ၊ ညည်း သမီးမိုက် ကျေးဇူးရှင်ကို ကျေး
ဇူးစွပ်တယ်"

ဦးမင်းသစ် ဒေါသတွေ အထွတ်အထိပ် ရောက်ပြီး မြက်ခင်း
ပြင်ပေါ်သို့ ဝုန်းခနဲ ပြိုကျသွားသည်။

"ဦးဦး"

"ဒယ်ဒီ"

"ဟာ လဲကျသွားပြီ လုပ်ကြပါဦး"

လရောင် စိုးရိမ်တကြီးဖြင့် ဦးမင်းသစ်ကို ပြေးပွေ့လိုက်သည်။
ဧည့်ခံပွဲသည် တခဏချင်းမှာပင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဧည့်
သည်တွေ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေ ဆူညံပွက်လောရိုက်
သွားသည်။

"အန်ကယ်ခိုင် ဆေးရုံကားခေါ်ပါ"

လုံးဝ သတိပြန်မလည်လာသော ဦးမင်းရာဇာကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီပါ ဒေါသတွေ ဘယ်သို့လွင့်ကုန်ပြီမသိ။

''လုပ်ကြပါဦး သား လရောင်၊ စကားမေးမရတော့ဘူး''

''ဦးမင်းသစ်ရဲ့ သမီးက ရှိုင်းလိုက်တာဟယ်''

''ရုပ်ကလေးနဲ့မလိုက်အောင် ခက်ထန်တယ်နော်''

ဝေဖန်သံပေါင်းစုံတို့က ဘုံနားထဲသို့ စုပြုံတိုးသိပ်၍နေသည်။

''ဒယ်ဒီ သတိထားပါဦး ဒယ်ဒီ''

ဘုံ နောင်တစေတွသည် နောက်ကျသွားပြီ၊ သိပ်မကြာခင်မှာပင် ဆေးရုံကားရောက်လာပြီး ဦးမင်းရာဇကို ဆေးရုံကားပေါ်သို့ မွေ့တင်လိုက်ကြသည်။

ထိုညသည် လရောင်အတွက်တော့ အ,မင်္ဂလာညပါပဲ။

ဦးမင်းသစ်သည် ဆေးရုံကား မရောက်ခင်လေးတင်မှာပင် လူ့လောကထဲမှ ဒေါသနှင့်အရှက်တရားတွေကို ထုပ်ပိုးပြီး ဝရုန်းသုန်းကားဆန်စွာ ထွက်ခွာသွားခဲ့လေသည်။

■ ■ ■



## အခန်း (၄၅)

ဦးမင်းသစ် လူ့လောကကြီးထဲက ထွက်သွားသည့်နောက်ပိုင်း လရောင် ထိုအိမ်ကြီးထဲမှ အပြီးထွက်သွားဖို့ ဆုံးဖြတ်လိုက်ပါသည်။

သို့သော် ကံကြမ္မာက ခွင့်မပြု။

''မောင်လရောင် မင်း ဦးဦးရဲ့သေတမ်းစာထဲမှာ ဒီအိမ်ကြီးကို ဆိုင်းနာမည်နဲ့ လွှဲခဲ့ပါတယ်၊ ဘဏ်မှာရှိတဲ့ငွေသားနဲ့ အတွင်းပစ္စည်းအားလုံးကို ရွှေဘုံစံကို လွှဲအပ်ခဲ့ပြီး လုပ်ငန်းတွေအားလုံးကိုတော့ လရောင်နဲ့ ရွှေဘုံစံတို့ ဖနီးမောင်နှံ နှစ်ယောက်အတူတကွ ပူးပေါင်းပြီး ဆက်လက်ဖြိုးပွားအောင် လုပ်ရမယ်လို့ ဦးမင်းသစ်ရဲ့သေတမ်းစာမှာ ရေးထားခဲ့ပါတယ်''

ရှေ့နေကြီး ဦးသက်တင်၏ စကားအဆုံးမှာ ရွှေဘုံစံ ဝုန်းခနဲ ဒေါသမနပ် ထရပ်လိုက်ပြီး

''ဘုံ လုံးဝ သဘောမတူနိုင်ပါဘူး ဦးသက်တင်၊ သူ့လို သွေး



www.burmeseclassic.com

www.burmeseclassic.com



သားမတော်စပ်တဲ့လူမျိုးကို ဒယ်ဒီက ဘာအမွေမှ ခွဲပေးခဲ့စရာအကြောင်း မရှိဘူး၊ ဒီကိစ္စကို ဘုံ ကန့်ကွက်တယ်''

လရောင်ကတော့ မထင်မှတ်စွာဖြင့် ဝင်ရောက်လာသော ဘုံ၏ လအော အခွင့်အရေးတွေကြောင့် ကိုယ့်နားပင်ကိုယ် မယုံဖြစ်နေကာ ဘုံ ပေါက်ကွဲစွာပြောနေသော စကားတွေပင် နားထဲသိပ်မဝင်ချင်။

ဦးသက်တင် မျက်မှန်ကိုပင့်တင်ပြီး ရွှေဘုံစံ၏လောဘဒေါသ တွေနှင့် ခက်ထန်နေသော မျက်နှာကို ကြည့်ကာ ပြုံးလိုက်သည်။

''သေတမ်းစာဆိုတာ သေဆုံးသူ ကွယ်လွန်ပြီးနောက် ဘယ်သူ့ အကြောင်းပြချက်နဲ့ မည်သူတစ်ဦးတစ်ယောက်မှ ပြောင်းလဲပြင်ဆင်ခွင့် မရှိပါဘူး၊ ဒါဟာ သေတမ်းစာရဲ့နည်းဥပဒေပဲ၊ ဦးမင်းသစ်ရဲ့ဆုံးဖြတ်ချက် ဟာလည်း မမှားနိုင်ပါဘူး၊ အန်ကယ့်အနေနဲ့ သမီးကို မှာချင်တာက သွားလေသူ ဖခင်ကြီးကို ကျေးဇူးဆပ်ချင်ရင် ကိုယ့်ဘဝကို စနစ်တကျ တည်ဆောက်နိုင်အောင် ကြိုးစားပါ၊ ကဲ အန်ကယ့်ကို ပြန်ခွင့်ပြုဦး အန်ကယ် ရုံးချုပ်ကို ပြန်သွားရဦးမှာမို့လို့''

ဦးသက်တင်၏ဆုံးမစကားကို ရွှေဘုံစံ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ ခပ်တွေတွေလုပ်ကာ ငြိမ်ပြီးကျန်ခဲ့၏။

လရောင် ဘုံ့ကို ဥပေက္ခာပြုထားခဲ့ပြီး ဧည့်ခန်းထဲမှ ထွက်လာ လိုက်သည်။ ဒီအချိန်မှာ ဘုံနှင့် ဘယ်လိုအကြောင်းအရာမျိုးကိုမှ အတိုက် အခံမပြောချင်။ အခန်းဆီသို့ လျှောက်လာသော လရောင်၏ခြေလှမ်းတွေ လေချိုနှင့်အမေ့ကိုတွေ့တော့ ရပ်တန့်သွားသည်။





''ဒါက ဘယ်ကိုသွားမလို့လဲ လေချို''

လေချို့လက်ထဲမှာ ကိုင်ထားသော အဝတ်အစားအိတ်ကြောင့် လရောင် ပို၍စိတ်ရှုပ်ထွေးသွားသည်။

''ဒါက ဘယ်ကိုသွားမလို့လဲ လေချို''

''အိမ်ကို ပြန်တော့မယ်လေ၊ အန်ကယ့်ရှာပနကိစ္စလည်း ပြီး ပြီဆိုတော့ ကျွန်မ တာဝန်မှ မရှိတော့တာ''

လေချို ပြန်မည်ဆို၍ လရောင်ရင်ထဲ ဘောင်ဘင်ခတ်သွား သည်။ ဒီဘဝမှာ မဆုံဆည်းရလျှင်တောင်မှ မျက်နှာလေး မြင်ခွင့်ရရုံ နှင့် ကျေနပ်နိုင်ပါသည်။

''မသွားပါနဲ့ လေချို၊ အမေ လေချို့ကို မသွားခိုင်းပါနဲ့''

''အမေလည်း တားပါတယ် သားရယ်၊ လေချိုကလေ လုံးဝ တားမရဘူးကွယ်''

''လေချို မသွားပါနဲ့''

''ကျွန်မကို မတားပါနဲ့ ကိုလရောင်ရယ်''

''မတားလို့ရမလား လေချိုက ကိုယ့်ရဲ့ညီမလေးပဲ၊ လေချို့ကို စောင့်ရှောက်ရမယ့် ဝတ္တရား ကိုယ့်မှာရှိတယ်လေ''

အန်ကယ်နိုင် အနားသို့ ရောက်လာသည်။

''ဟုတ်ပါတယ် လေချိုရယ်၊ ဒီမှာပဲ ဆက်နေပါတော့၊ အန်ကယ် နိုင် တောင်းဆိုပါတယ်၊ ခုဆို လေချို့အတွက် တာဝန်တစ်ခု ထပ်ရှိလာ ပြန်ပြီလေ''



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်နိုင် ဘာကိုရည်ရွယ်ပြောနေမှန်း ဝေ့ချီရော လရောင်ရော မစဉ်းစားမိ။

"ဘာတာဝန်လဲ အန်ကယ်နိုင်"

"ဘုံ့ရဲ့ကိုယ်ဝန်ကို စောင့်ရှောက်ဖို့လေ"

"ဟုတ်ပါတယ် သမီးရယ်၊ အမေလည်း သမီးကို ဒီမှာပဲ နေစေချင်တယ်၊ အိမ်မှာတစ်ယောက်ထဲ ပြန်နေတော့ အမေ ဘယ်လို စိတ်ချမလဲ"

အားလုံးက ဝိုင်းတားနေသဖြင့် ဝေ့ချီ ဒီအိမ်ကြီးက ထွက်သွားဖို့ အစီအစဉ်ကို ဖျက်လိုက်ပြန်သည်။

"အင်းလေ ဒါဆိုလည်း ဘုံ့ကိုယ်ဝန်ကို စောင့်ရှောက်ဖို့အတွက် ဝေ့ချီ နေပေးပါ့မယ်"

နောက်ဆုံးတော့ ဝေ့ချီ ခေါင်းညိတ်သဘောတူလိုက်ရပြန်၏။

မသင့်တော်ပေမယ့်လည်း ရင်ထဲက စစ်မှန်တဲ့ချစ်ခြင်းတရားကို လွယ်လွယ်နဲ့ထုတ်ဖို့ဆိုတာ အချိန်အတော်ကြာ ကြိုးစားရဦးမည်လေ။

■ ■ ■



## အခန်း (၄၆)

လရောင် အခန်းထဲဝင်လိုက်သည်နှင့် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ လူတစ်ယောက်စာလောက်ရှိသော Dummy အရုပ်မတစ်ရုပ်က ဆန့်ဆန့်ကြီး။

ရုတ်တရက်ဆိုတော့ လရောင် အံ့ဩသွားသည်။ လရောင်နောက်မှာ ဘုံ ရောက်နေသည်။

"ဟင်"

"သိပ်မအံ့ဩပါနဲ့ လရောင်၊ နင်က ငါဆိုတဲ့ ရွှေဘုံစံကို လက်ထပ်တာ သိုက်တူးချင်ရုံသက်သက်ပဲ မဟုတ်လား။ ငါ့ကို လက်ထပ်လိုက်လို့ အမွေတွေ တစ်ဝက်ရသွားပေမယ့် ငါ့ကိုတော့ နင် ဘယ်တော့မှ မရဘူး လရောင်"

မထိမဲ့မြင် အမူအရာနှင့် ခပ်ထေ့ထေ့ ပြောနေသော ဘုံ့ကို



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတွေအပြည့်ပါသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"ဒီအရုပ်ကြီးကို ငါက ဘာလုပ်ရမှာလဲ၊ ဘာကြောင့် ငါ့အခန်းထဲကို လာထည့်ရတာလဲ"

လရောင်၏ အနည်းငယ် မာထန်သွားသော အမေးကြောင့် ရွှေဘုံစံ ခပ်လျောင်လျောင် ရယ်လိုက်ပြီး လရောင်အနားသို့ တဖြည်းဖြည်း လျှောက်လာသည်။

Dummy ရုပ်ကြီးကို ကောက်ယူကာ လရောင်၏ရင်ဘတ်ဆီသို့ တွန်းပေးလိုက်ပြီး

"ရော့ အဲဒါ ငါ့ကိုယ်စားပဲ၊ အဲဒီအရုပ်ကို ရွှေဘုံစံလို့ သဘောထားပြီး နင့်မိန်းမအဖြစ်နဲ့ အတူအိပ်လိုက်ပေါ့"

ရွှေဘုံစံ ခပ်မဲ့မဲ့ ရယ်ပြီး ရယ်သံနှောသော အသံဖြင့်ပင်

"ငါကတော့လေ နင့်ကို ရှုံလွှန်းလို့ ကျွန်စော်နံလို့ ငါ့ယောကျ်ားအဖြစ် ဘယ်တော့မှ သတ်မှတ်မှာမဟုတ်ဘူး။ ငါ့ဗိုက်ထဲက ကလေးအတွက်လည်း ဖအေအမည်မခံခိုင်းနိုင်ဘူး။ ဒီတော့ နင်နဲ့တန်တာ ဒီအရုပ်ပဲ ရှိတော့တာပေါ့၊ ဒီနေ့ကစပြီး နင်နဲ့ငါနဲ့ ဘာမှမပတ်သက်ဘူး။ လူသိရှင်ကြားလည်း မင်္ဂလာမဆောင်ခဲ့ဘူးလို့ နင့်စိတ်ထဲမှာ ဆွဲနေအောင် မှတ်ထားလိုက် လရောင်"

အနိုင်ပိုင်းပြောဆိုပြီး ထွက်သွားသော ဘုံ့ကို နာကြည်းစွာ ကြည့်လိုက်ပြီး တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။





ဦးဦး သူ့ကြောင့်ဆုံးပြီးကတည်းက ဘုံ့အပေါ် လိုအပ်တာထက်ပိုပြီး နာကျင်နေမိသည်။

ထို့နောက် တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၇)

"သမီး ဘုံရေ ထမင်းစားကြရအောင်ကွယ်"

ကိုယ့်သားကို နှိမ့်ချစွာ အနိုင်ယူဆက်ဆံနေသော ချွေးမကို မနှစ်မြို့ပေမယ့် ဒီအိမ်ကြီးနှင့် စည်းစိမ်တစ်ဝက်ကို ပိုင်ဆိုင်ထားရသည့် အခွင့်အရေးကြောင့် ဘုံ့ကို အလိုက်အထိုက် ဆက်ဆံရန် တူးခါးနေအောင်မုန်းသည့် အမုန်းတွေကို ရင်ထဲမှာ မျိုမျိုချနေရ၏။ ထို့ကြောင့်လည်း အချိုမြိန်ဆုံး အပြုံးကိုပြုံးကာ ချွေးမကို ထမင်းစား လာခေါ်ခြင်း ဖြစ်သည်။

"ဒီမှာ အန်တီ ဘုံ့အခန်းထဲကို ခွတ်ဝင်မလာပါနဲ့၊ ဘုံ မကြိုက်ဘူး၊ ကိစ္စရှိရင် အခန်းအပြင်ကနေ ရပ်ပြီးပြောပါ"

အားမနာတမ်း ပြောလိုက်သော ဘုံ၏ရင့်သီးသောစကားကြောင့် ဒေါ်ကေသီ မျက်နှာမပျက်ယွင်းအောင်ထိန်းရင်း အချိုသာဆုံး ပြုံးလိုက်





သည်။

"သမီးကို ထမင်းစားရအောင် လာခေါ်တာပါကွယ်၊ ကိုယ်ဝန်ဆောင်ဆိုတာ ထမင်းစားချိန်မှန်ရတယ်လေ၊ ဒါကြောင့် အမေက ဂရုစိုက်ပြီး လာခေါ်တာပါကွယ်"

"မလိုပါဘူး၊ အိုဗာတွေ လာမလုပ်ပါနဲ့"

ဒေါ်ကေသီ ရင်ထဲမှာတော့ ဘုံ့ကို အတော်လေးကို အမုန်းကြိတ်ပစ်ချင်နေ၏။ သားက အတန်တန်မှာထားလို့သာ အောင့်အီးမျိုသိပ်နေရခြင်း ဖြစ်သည်။ အရပ်ထဲကလို စိတ်မျိုးနှင့်သာဆို ရေနွေးဖျောပြီး အရေခွံဆုတ်ပြီးလောက်ပြီ။

"အေးပါကွယ် ဒါဆိုရင် အမေ သမီးစားဖို့ ထမင်းပွဲပြင်ပြီး လေချို့ကို လာပို့ခိုင်းလိုက်မယ်နော်"

"မစားဘူး ဘုံ့အခန်းထဲကို တစ်ယောက်မှ ဝင်မလာကြနဲ့၊ ဘယ်သူ့မျက်နှာကိုမှ မကြည့်ချင်ဘူး၊ သူများအိမ်ပေါ် အခန့်သားတက်နေပြီး အိမ်ကြီးကို အပိုင်စီးချင်နေတဲ့ ရှင်တို့မျက်နှာတွေကို လုံးဝ မမြင်ချင်ဘူး"

ဒေါ်ကေသီ ဘာမှထပ်ပြောမနေတော့ဘဲ ဘုံ့အခန်းထဲမှ ပြန်ထွက်လာလိုက်ပြီး အခန်းအပြင်ရောက်မှ အံတကြိတ်ကြိတ်ဖြစ်ကြိတ်မနိုင် ခဲမရ ဖြစ်၍နေသည်။

ဦးမင်းသစ် မရှိတော့၍ ဘုံ့အပေါ် ယောက္ခမတော်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်မျိုးထက် အမေတစ်ယောက်လိုစိတ်မျိုးနှင့် ဂရုစိုက်မှုတွေ ပေးမည်ဟု စိတ်ကောင်း ကြံ့မွေးပြီးကာမှ စော်ကားရက်လေခြင်း ရွှေဘုံစံရယ်။

■ ■ ■



## အခန်း (၄၈)

လရောင် ဗီရိုထဲမှ ထွက်ကျလာသော ဒိုင်ယာရီစာအုပ်ကို ဘုံ ကောက်ယူဖွင့်ကြည့်လိုက်သည်။ ပထမဆုံး စာမျက်နှာမှာ ရေးထားသည့် စာပိုဒ်ကြောင့် မကြည်လင်နေသောစိတ်အစဥ်သည် ပုံးတစ်လုံးလို ပေါက်ကွဲရန် တာဆူနေချေပြီ။

ရီဝေလွဲဖြာနေတဲ့ လေချို့မျက်ဝန်းတစ်စုံသာ ငါ့ရင်ထဲက နှလုံးသားကို အငိုက်မိအောင် ပြုစားသွားကြသည်။ မင်းဟာ ငါ့အတွက်တော့ မှော်ဝင်သစ်သီးလေးတစ်လုံးလို ဘဝကို ချိုမြိန်မှုတွေ ပေးစွမ်းနေတယ် လေချို။ ငါ မင်းကို သိပ်ချစ်တယ်။

လရောင်

ထိုစာပိုဒ်ကို ဘုံ ဘယ်နှကြိမ်မြောက် ဖတ်မိမှန်းပင် မသိတော့။ ရင်ထဲက ခံပြင်းဒေါသတွေနှင့် မနာလိုမှုတွေကြောင့် အောက်နှုတ်ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ထွက်လုမတတ် ဖိကိုက်ထားလိုက်သည်။

ရင်ထဲမှာ ဟာဆင်းသွားသလို ခံရခက်သည့် ဝေဒနာကို ဘုံ ဘယ်လိုအမည်ဖော်ရမလဲ။ ငယ်ငယ်ကလေးကတည်းက ထားရာနေ စေရာသွားဘဝနှင့် လက်ပွန်းတနီး နေလာသော လရောင်အပေါ် မှန် သည်ဟု ပုံသေတွက်ထားပြီးကာမှ ဘာကြောင့် ခုလို ခံစားမှုကြီးက ဆိုင်းဘုံမဆင့် ဝင်လာရသလဲဆိုတာ ဘုံ အဖြေရှာ၍မရ။

ကိုယ်တစ်သက်လုံး ပိုင်ဆိုင်လာသည့် အရုပ်တစ်ရုပ်ကို ရုတ် တရက် ဆုံးရှုံးလိုက်ရပြီဆိုသော ခံစားမှုတွေက စိတ်တွေကို သွေးရူးသွေး တန်း ဂနာမငြိမ် ဖြစ်သွားစေသည်။

ရင်တွေ တလှပ်လှပ်တုန်ယင်လာကာ မတ်မတ်ပင် မရပ်နိုင် တော့။ လေချိုနှင့်လရောင်ကို မောင်နှမတွေဟု ထင်ခဲ့ကာ ခုတော့ ဒါ ဟာ မှားယွင်းတဲ့ ထင်ကြေးတွေဖြစ်နေသည်။

ဒင်းတို့က ဘုံ့ကို အရူးလုပ်ပြီး အမှန်တရားကို ဖုံးကွယ်ထားကြ တာပေါ့။ ဒါဆို သူတို့ ဘုံ့ကွယ်ရာမှာ တိတ်တိတ်လေး ပေါင်းသင်းနေကြ တယ်ဆိုတာ သေချာသွားပြီပဲ။ ယုတ်မာလိုက်တာ။ ရိုင်းစိုင်းပက်စက်လိုက် ကြတာ။

ရင်ထဲမှာ တနုံ့နုံ့ တွေးရင်း အသားတွေ တဆတ်ဆတ် တုန် လာသည်။

လရောင်အပေါ် နွဲ့ဆိုးဆိုး အနိုင်ယူဗိုလ်ကျရင်းနှင့် ဘဝင်





စိတ်တိုင်းကျ တည်ဆောက်သွားတော့မည်ဟူသော ဘုံ၏အနာဂတ်သည် သူတို့အားလုံး၏ ယုတ်မာရက်စက်မှုအောက်မှာ စိစိညက်ညက် ကြေရပြီ ပေါ့။

"လရောင်"

ဘုံ့အသံသည် သွေးပျက်ခြင်းတွေနှင့် ရူးရူး ဟိန်းဟောက်၍ နေသည်။ မှန်တိုင်းတစ်ခုကို ခေါ်သွင်းလာသည့် ငှက်ဆိုးတစ်ကောင်လို အတိတ်နိမိတ်တွေ မကောင်း။ ဘုရားပန်းလဲနေသော ဒေါ်ကြိုင်ပင် ဘုံ့ အသံကြောင့် ပြဿနာ တစ်ခုခု တတ်တော့မည်ဟု အတတ် တွေးလိုက်၏။

လရောင်သည် ကုမ္ပဏီမှာ မပြီးပြတ်သေးသည့် အလုပ်တွေကို အိမ်သယ်လာပြီး အန်ကယ်နိုင်နှင့်အတူ လုပ်နေတုန်း ကျယ်လောင်သော ဘုံ့ခေါ်သံကြောင့် Laptop ခလုပ်ကို ပိတ်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

အန်ကယ်နိုင် လရောင်ကို စိတ်ပူစွာ မော့ကြည့်လိုက်ပြီး

"လရောင် အန်ကယ်နိုင် သွားရမလား"

"နေပါစေ အန်ကယ်နိုင် ကျွန်တော်ပဲ သွားလိုက်ပါ့မယ်"

ဒေါ်ကေသီ သားနှင့်အန်ကယ်နိုင် သောက်ရန် ကော်ဖီဗန်းသယ် လာပြီး ဧည့်ခန်းထဲဝင်လာသည်။ ထထွက်သွားသော လရောင်ကို မြင် တော့

"သား ဘယ်သွားမလို့လဲ၊ ဒီမှာ ကော်ဖီပူပူလေး သောက် သွားဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးမှ သောက်တော့မယ် အမေ၊ ဘုံ ခေါ်နေလို့ သွားလိုက်ဦးမယ်"

ဒေါ်ကေသီ မျက်နှာပျက်သွားသည်။ ဖုံးသားကိုခေါ်ပြီး ဘာတွေ အနိုင်ကျင့်ခိုင်းစေဦးမလဲဟု စိတ်ပူသွားမိသည်။

လရောင် အပေါ်ထပ်လှေကားပေါ်သို့ ခပ်သွက်သွက် တက်သွားသည်။ လှေကားထိပ်မှ အပေါ်သို့ လှမ်းအတက် ပါကေးကြမ်းပြင်တွင် ရေတွေစိုရွှဲနေသဖြင့် ချော်မလဲအောင် သတိထားထိန်းလျှောက်ရင်း

"ဒေါ်ကြိုင် ဒေါ်ကြိုင်"

"လာပြီ လရောင်"

ဒေါ်ကြိုင် ဘုရားပန်းအိုးကိုင်ကာ ဘုရားခန်းထဲမှ ကပျာကယာ ထွက်လာသည်။

"ဒီမှာ ရေတွေရွှဲနေလို့ သုတ်ထားလိုက်ဦးနော်၊ ချော်လဲကျန်မှာစိုးလို့"

"ဟုတ်တယ် လရောင်၊ ဘုရားပန်းထွက်လဲရင်း ရေဖိတ်သွားလို့ပါ ပြီးရင် ဒေါ်ကြိုင် သုတ်လိုက်မယ်"

ဒေါ်ကြိုင့်ကိုမှာပြီး လရောင် ဘုံ့အခန်းရှိရာသို့ ဝင်လာလိုက်သည်။ အခန်းထဲဝင်ဝင်ချင်း ဘုံ့ထံမှ မီးတောက်မတတ် ရူးရဲနေသော အကြည့်စူးစူးကြောင့် ဘုံ ပြဿနာတစ်ခုနှင့် ဆီးကြိုလိုက်ပြီဆိုတာ လရောင် လုံးဝသိလိုက်သည်။





"ငါ ဘာလုပ်ပေးရမလဲ ဘုံ"

"ရော့ ဒါ နင့်ဒိုင်ယာရီစာအုပ်၊ ဟွန့် နင်တို့က ငါ့အိမ်ပေါ် တက်ပြီး ငါ့ကို အရူးလုပ်နေကြတာပဲ၊ ငါ့စည်းစိမ်တွေကို လက်ဝါးကြီး အုပ်ရုံတင်မဟုတ်ဘူး ငါ့ကွယ်ရာမှာတောင် ဖောက်ပြန်ရေး အချစ်ဇာတ်လမ်းတွေ ခင်းနေလိုက်ကြတာ ရွံဖို့တောင်ကောင်းတယ်၊ နင်တို့ ပြောတော့ လေချိုနဲ့နင်က မောင်နှမတွေဆို"

ကြမ်းခင်းပေါ် ပစ်ချပေးလိုက်သော အညိုရောင်မှတ်တမ်းစာအုပ်ကို လရောင်ကောက်ယူပြီး ဖြေရှင်းရခက်မည့် ထိုပြဿနာအတွက် ရင်ထဲမှာ လေးလံသွားမိသည်။

သူ့ကိုရော ဦးဦးကိုရော ညာခဲ့ပေမယ့် ဘုံနှင့်လက်ထပ်ပြီး ဘတည်းက လရောင်နှင့် လေချို မောင်နှမတွေလို ရိုးသားခဲ့ကြတာပဲ။

"ဘုံ နင်ထင်တာတွေ စွတ်မပြောပါနဲ့ ငါရှင်းပြမယ်"

"ဘာ ငါက ထင်တာ ဟုတ်လား၊ ဒီစာအုပ်ထဲမှာ ရေးထားတာတွေကို ငါကိုယ်တိုင် ဖတ်ပြီးနေမှတော့ ငါက ထင်တာကို စွတ်ပြောနေရဦးမှာလား လူယုတ်မာတွေရဲ့"

"ငါတို့ မဟုတ်မာဘူးဘုံ၊ ငါမယုတ်မာသလို လေချိုလည်း မယုတ်မာဘူး၊ ငါတို့ နင်ကွယ်ရာမှာ မရိုးသားတာ ဘာမှ မလုပ်ခဲ့ကြဘူး"

"ဘယ်လို ငါတို့ဟုတ်လား ဝန်ခံလိုက်ပြီပေါ့၊ နင်တို့ အရှက်



www.burmeseclassic.com

www.burmeseclassic.com



မရှိကြဘူးလား၊ လေချိုဆိုတဲ့ မိန်းမကလည်း အရိုးအရင်းလေး ကိုက်ရ မနည်းဘူးဆိုတဲ့ မျှော်လင့်ချက်နဲ့ ငါ့အိမ်ပေါ်ကို အရှက်မရှိ တက်နေရဲသေးတယ်''

လေချို့ကို ရင့်သီးစွာ ပြောဆိုနေသော ဘုံ၏ တစ်ဖက်သတ်ဆန်သော စကားတွေကိုတော့ လရောင် ခေါင်းငုံ့မခံနိုင်။

ဘုံ မျက်နှာပေါ်မှာ လရောင်နှင့် လေချို၏ ရိုးရှင်းသော သစ္စာတရားတွေ၊ ဂုဏ်သိက္ခာတွေကို တစ်စစီ ချိုးဖွဲ့တော့မည့် အရိပ်အယောင်တွေက ထန်တော့မည့် မုန်တိုင်းထစ်ခုလို။

''နှင် သူများကို ပုတ်ခတ်ပြီး မပြောပါနဲ့ဘုံ တကယ်ဆို နှင်သူ့ကိုကျေးဇူးတင်သင့်တာ၊ သူ့ဒီမှာ ဆက်ပြီးနေနေရတာ နှင့်ကိုယ်ဝန်ကို စောင့်ရှောက်ဖို့ လေချိုက နှင်ထင်သလို မိန်းမစားမျိုးထဲက မဟုတ်ဘူး ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့ မိန်းမကောင်းတစ်ယောက်၊ သူ့ကြောင့် နှင့်အရှက်ကို ကာကွယ်ဖို့ ငါ့ရင်ထဲကမပါဘဲ နှင့်ကို ခေါင်းညိတ် လက်ခံခဲ့ရတာ''

မထူးတော့ပြီမို့ ပြောသင့်ပြောထိုက်တာတွေကို ဘုံသိအောင် ပြောလိုက်ခြင်း ဖြစ်သည်။

''ဘာပြောတယ် နှင် နှင်ငါ့ကို စော်ကားဦး''

''ဖြန်း ဖြန်း''

ပြင်းထန်သော ဘုံရိုက်ချက်ကြောင့် လရောင်ပါးနှစ်ဖက် ပူဆင်း





သွားေ၏။

''နှင် သိပ်တရားလွန်နေပြီ ဘုံ၊ နှင်က အသိဉာဏ်မရှိတဲ့ မိန်းမတစ်ယောက်ပဲ၊ နှင့်ကြောင့် ဦးဦး လူ့လောကထဲက ထွက်သွားရှုံ အားမရတဲ့အပြင် နှင့်ကို စောင့်ရှောက်ပေးနေတဲ့ ငါတို့ကိုပါ နှင့်အနားက ထွက်သွားအောင် လုပ်နေတာပဲ''

လရောင်စကားက ရပြီးသား ဒဏ်ရာပေါ်ကို အက်ဆစ်နှင့် ပက်လောင်းခံရသလို ထွန့်ထွန့်လူး နာကျင်ရကာ ဘုံ မျက်ရည်တွေပါ ထွက်လာကာ

''ဟုတ်တယ် နှင်တို့ထွက်သွားကြ၊ နှင်တို့အားလုံး ငါ့အိမ်မှာ အချောင်နေနေကြတာ၊ နည်းနည်းမှ ကျက်သရေမရှိတဲ့ နှင့် အမေနဲ့ နှင့်ဟာမကို ခေါ်ပြီးဆင်းသွားကြ''

ဘုံ့ ပါးပြင်ပေါ်သို့ မျက်ရည်တွေ အလိပ်လိုက်ကျလာကာ ဆောက်တည်ရာမဲ့စွာ အော်ဟစ်ပြီး အခန်းထဲမှ ပစ္စည်းအားလုံးကို နင်းဒိုင်းကြဲ ပေါက်ခွဲပစ်နေသည်။

မှန်တင်ခုံပေါ်မှာ ရေမွှေးပုလင်းတွေ လိုးရှင်းပုလင်းတွေ မှန်သမျှ ချောင်ထဲသို့ ဒေါသတကြီး ပစ်ပေါက်နေ၏။

''ခွပ်''

''အား''

လရောင်နဖူးမှာ ရေမွှေးပုလင်းနှင့်ထိကာ ခွပ်ခနဲကွဲသွားကာ

www.burmeseclassic.com



နဖူးမှသွေးတွေ ထွက်လာ၏။ လရောင် ထိုနာကျင်မှုတွေကို မမှုတော့နေရာမှာတင် ကျောက်ရုပ်တစ်ရုပ်လို တွေတွေကြီး ရပ်နေ၏။ ထိုနှက်ချက်တွေ ပြင်းထန်လွန်းတော့ စိတ်နှင့်လူနှင့်ပင် မကပ်တော့တာလည်း ဖြစ်နိုင်သည်။

ထိုအချိန်တွင် အန်ကယ်ခိုင်နှင့်အတူ ဒေါ်ကေသီနှင့်လေချို အခန်းဝသို့ ရောက်လာသည်။ လရောင်နဖူးမှ သွေးများစီးကျနေတာကို မြင်တော့ အားလုံး ထိတ်လန့်သွားကြသည်။

"အမလေး သား သားလေး သွေးတွေနဲ့ ဘာဖြစ်တာလဲ"

ဒေါ်ကေသီ လရောင်နား ခွေ့ခနဲ ရောက်လာပြီး ပျာပျာ သလဲမေး သည်။ တစ်ပြိုင်နက်ထဲမှာပင် ဘုံ့ကို မီးပွင့်မတတ်သော အကြည့်တွေ ဖြင့်ကြည့်ကာ သည်းခံထားသမျှတွေ ဗုံးတစ်လုံးလို ဝုန်းခနဲ ပေါက်ကွဲ လွန်းစင်ကာ

"ညည်း ငါ့သားကို ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်ပြန် ပြီလား ရွှေဘုံစံ"

"ဟုတ်တယ် ဖောက်ပြန်တဲ့ ယောကျ်ားတစ်ယောက်ကို ဒီလောက်လေး အပြစ်ဒဏ်ပေးတာ နည်းတောင်နည်းနေသေးတယ်"

"ဘာ ငါ့သားက ဖောက်ပြန်တယ် ဟုတ်လား"

ဒေါ်ကေသီရော လေချိုပါ ဘုံ့စွပ်စွဲချက်တွေကို နားမလည်နိုင် အောင် ဖြစ်မိသည်။





"နေပါဦး ငါ့သားက ညည်းဘေးမှာ ကျွန်တစ်ယောက်လို လိုအပ်ချက်မရှိ ခစားနေတာတောင် ညည်းက ဒီလိုစွပ်စွဲသေးလား"

"ဟုတ်တယ် စွပ်စွဲတယ်၊ ရှင့်သားနဲ့ လေချိုနဲ့ ဘုံ့ကွယ်ရာမှာ တိတ်တိတ်လေး ဖောက်ပြန်နေကြတာကို ရှင်မသိချင်ဟန်ဆောင်နေသ လား"

"ရှင်"

"ဘာ"

မြားဦးက လေချို့ဘက် လှည့်လာပြီမို့ ဘုံ ယုံအောင်အမှန် တရားကို ဘယ်လိုထုတ်ပြ ပြောဆိုရမှန်းပင် မသိတော့။

"မဟုတ်ဘူး အထင်မလွဲပါနဲ့ ဘုံရယ်"

"အထင်လွဲစရာ မလိုအောင် နင်တို့ရင်ထဲက ခံစားချက်တွေကို ဟောဒီက ငါ့မျက်စိနဲ့ မြင်လိုက်ရပြီပဲ၊ တကယ်တော့ နင်က ကြာကူလီ မပဲ"

"ဘုံ မင်း မင်း"

"ဖြန်း"

လရောင် ထိုထက်ပို၍ သည်းခံနိုင်စွမ်းမရှိတော့၊ အနစ်နာ ခံခဲ့ရသော လေချို့ကို စော်ကားနေသော ထိုးနှက်ချက်တွေကြောင့် လရောင်၏ လက်တစ်ဖက်က ဘုံ့ပါးပေါ်သို့ အရှိန်ဖြင့် ရောက်သွားသည်။

လရောင်ထံမှ ထင်မှတ်မထားသော တုံ့ပြန်မှုကြောင့် ဘုံ

www.burmeseclassic.com

www.burmeseclassic.com



ပိုး၍ နာကျင်ခံခက် ဖြစ်၍သွားသည်။ ထို့ကြောင့် ဘုံ့လက်တွေက လေချိုပါးပေါ်သို့

"ဖြန်း"

"ဟင် ဘုံ နင် တရားလွန်နေပြီ လေချိုနဲ့ ဘာဆိုင်လဲ"

ဒေါ်ကေသီ ဒေါ်သတွေ အထွပ်အထိပ်ရောက်ကာ ဘုံ့ပါးပေါ်သို့ အရှိန်ဖြင့် ရိုက်ချလိုက်ပြန်သည်။ တဒင်္ဂအတွင်းမှာ ပါးရိုက်ပွဲလေး တစ်ခု ဖြစ်သွားသည်။

နာကျင်သွားသော ပါးကိုပွတ်ရင်း ဘုံ မျက်ရည်စံထိုးသည်။

"လရောင် နင် နင်တို့ငါ့ကို ဝိုင်းပြီး နှိပ်စက်ကြတယ်၊ အဟင့် ဟင့် ဒယ်ဒီ ဒယ်ဒီရေ ဘုံ့အဖြစ်ကို လာကြည့်ပါဦး ဒယ်ဒီရယ်"

ဘုံငိုကာ ဖခင်ကို တိုင်တည်နေ၍ လရောင်ဒေါ်သတွေကို ပြန်လည် ချွေးသိပ်ကာ ဘုံ့နားသို့ လျှောက်လာခဲ့၏။

"ဘုံ ငါတောင်းပန်ပါတယ်ဟာ အဲဒီလိုဖြစ်သွားဖို့ ငါတကယ် မရည်ရွယ်ပါဘူး"

"ဟင့်အင်း နင်တို့ငါ့အနား တစ်ယောက်မှ မလာကြနဲ့ နင်တို့နဲ့ ဝေးရာကို ငါထွက်သွားတော့မယ်၊ လရောင် ငါ ငါမရှိရင် နင်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် ဖောက်ပြန်လို့ ရပြီပေါ့"

ဘုံ အခန်းထဲမှ ဆောက်တည်ရာမရ ပြေးထွက်သွားလေသည်။ ဘုံ့ ခြေလှမ်းတွေ လှေကားထိပ်နား ရောက်ခါနီးမှာပင် လရောင်စိတ်ထဲ





ထင့်ခနဲ ဖြစ်သွားသည်။

"ဘုံ အဲဒီမှာ ရေတွေနဲ့ ချော်လဲမယ် သတိထား"

လှေကားထိပ်နားတွင် ရှိနေသော ရေတွေကို ဘုံ မမြင်ဘဲ နင်းမိလျှင် ချော်လဲသွားနိုင်သည်။

သတိပေးစကား မဆုံးလိုက်ခင်မှာပင် ဘုံ့ခြေလှမ်းတွေ ကြမ်းခင်းပေါ်မှ ရေတွေကြောင့် ချော်ထွက်သွားကာ ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ကျသွားလေသည်။

"အား"

"ဒုန်း ဒုန်း"

"ဘုံ"

"အမလေး လုပ်ကြပါဦး လှေကားပေါ်က ပြုတ်ကျပြီ"

လျှပ်တစ်ပြက်အတွင်းမှာ အခြေအနေတွေက မြန်ဆန်လွန်းစွာဖြင့် ပြောင်းလဲသွားသည်။ အားလုံးပင် မင်တက်အံ့ဩပြီး လှေကားထိပ်သို့ ဝရုန်းသုန်းကား ပြေးထွက်လာခဲ့ကြသည်။

လှေကားအောက်တွင် ဘုံတစ်ယောက် မှောက်မှောက်သား ရှိတော့၏။ လှေကားခြေရင်းတွင် ရှိနေသော ပန်းအိုးနှင့်ခေါင်းကို တိုက်မိကာ သွေးတွေက မြင်မကောင်းအောင်ပင် အိုင်ထွန်း၍နေသည်။

လရောင် ရင်ထဲမှာ ဘုံ့ကိုမြင်လိုက်ရသော သွေးသံရဲရဲ မြင်ကွင်းကြောင့် ဆို့တက်သွားသည်။ ထို့ကြောင့် လှေကားအောက်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



လေးထစ်ကျော် ခုန်ဆင်းပြီး ဘုံ့ကို ပြေးပွေ့လိုက်သည်။

ဘုံ သွေးအိုင်ထဲမှ မျက်ခွံတွေ ခပ်ဖြည်းဖြည်း ပွင့်လာသည်။ နှုတ်ခမ်းသားတို့ တဆတ်ဆတ် တုန်လာသည်။

"ဘုံ သတိထားပါဦးဟာ နင် နင်မသေရဘူး ငါတို့နင့်ကို ဆေးရုံကို ပို့မယ်"

လရောင် မျက်ရည်တွေဖြင့် ငိုသံနှောကာ ဘုံ့ကို အားပေးစကား ပြော၏။ ဘုံ နာကျင်စက်ဆုတ်သော အပြုံးကို သွေးတွေ လူးနေသော နှုတ်ခမ်းဖြင့် မဲ့ခနဲ ပြုံးလိုက်သည်။

"ငါမရှိတော့ရင် နင်တို့နှစ်ယောက်ရဲ့ဇာတ်လမ်း ပြန်ဆက်လို့ ရနေမှတော့ ငါ့ကိုဘာကြောင့် မသေခိုင်းတော့မှာလဲ"

"မဟုတ်ဘူး မဟုတ်ဘူးဘုံ နင်အထင်လွဲနေတာ ငါနဲ့လေချို မောင်နှမအရင်း မဟုတ်ခဲ့ကြတာမှန်သလို အရင်က ချစ်သူတွေဖြစ်ခဲ့ ကြတာကိုလည်း ဝန်ခံပါတယ်၊ ဒါပေမဲ့ အဲဒါတွေက နင်နဲ့လက်ထပ်တဲ့ နေ့ကစပြီး တစ်ခန်းရပ်ခဲ့ပါတယ်ဟာ၊ ငါပြောတာကိုယုံပါ ငါ့လေ ဖို့ အသက်နဲ့ ကျိန်တွယ်ပြီး ပြောရဲပါတယ်"

"ဟုတ်ပါတယ် ဘုံ ကျွန်မနဲ့လရောင် တကယ်ပဲ ရိုးသားခဲ့ကြ တာပါ"

"ခုမှ ငါယုံနေတော့လည်း ဘာထူးတော့မှာလဲ အဲဒီ ရိုးသားမှု တွေ ငါ့အတွက် အသုံးမဝင်တော့ဘူး"





တိုးဖျော့သော ဘုံ့အသံကို လရောင်ရော လေချိုရော မနည်း နားထောင်နေရ၏။

"ငါတို့ ဆေးရုံသွားကြမယ်နော်၊ နင်ဘာမှ မဖြစ်စေရဘူး"

ဘုံ ခပ်ဖြည်းဖြည်း ခေါင်းခါသည်။

"ဘုံ သမီး သတိထားပါ သမီးရယ်၊ အန်ကယ်နိုင်တို့ သမီးကို ဆေးရုံကိုပို့ဖို့ ဆေးရုံကား ခေါ်ထားပါတယ်"

အန်ကယ်နိုင် မျက်ရည်တွေ တွင်တွင်ကျနေသည်၊ ဘုံ့အဖြစ်က မြင်ရက်စရာမရှိ။

"ဟင့်အင်း ဆေးရုံမသွားတော့ဘူး ဒယ် ဒယ်ဒီနောက်လိုက် သွားတော့မယ် ဒယ်ဒီ စောင့်နေပြီ"

"ဘုံ ငါတို့ကို သံသယတွေနဲ့ အနိုင်ပိုင်းပြီး ထားမသွားပါနဲ့ ဘုံရာ စိတ်ကို တင်းထားပါနော်"

လရောင် အားပေးစကားကို ဘုံ ခပ်ဖြည်းဖြည်း ခေါင်းခါသည်။

"ငါ့ရဲ့သက်တမ်းက ဒီနေ့ နောက်ဆုံးပဲဖြစ်လိမ့်မယ်၊ ငါ ငါလေ နင့်ကို ဟိုးငယ်ငယ်ကတည်းက အမြဲတမ်း အနိုင်ယူခဲ့တယ်၊ နင့်ကို နိုင်နေရရင် ငါကျေနပ်ရတယ်၊ ငါ့နားမှာ နင်ရှိရင် ဒေါသထွက်သလိုလို နဲ့ ငါပျော်မိတယ်"

"သိတယ် ငါသိနေပါတယ် ဘုံ ဒါကြောင့်လည်း နင့်ကိုငါ အမြဲတမ်း အလျှော့ပေးခဲ့တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အပေါ် အေးတိအေးစက် ဆက်ဆံခဲ့တဲ့ နင့်ကို ငါ အရမ်းမုန်းခဲ့တယ်၊ အဲလို မုန်းခဲ့သလို ငါ့ရဲ့ ဟိုးရင်ဘတ် အနက်ရှိုင်းဆုံးနေရာမှာ နင့်ကို ချစ်မိတယ်လို့ ယူဆလို့ရတဲ့ ခံစားမှုတစ်ခုကို ဖွက်ထားခဲ့မိတယ်၊ အဲဒါ ငါပဲသိတယ်၊ အ အခုတော့ အဲဒီခံစားမှုတွေကို နင့်ကို ပြန်ပေးခဲ့ချင်တယ်၊ အဲ အဲဒါ အချစ်ဖြစ်ချင် ဖြစ်နေလိမ့်မယ်၊ ငါ ပုံမဖော်တတ်တဲ့ နှောင်ကြိုးတစ်ခု ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဘာပဲဖြစ်နေဖြစ်နေ အဲဒီစိတ်ကြီးကို ငါ ငါ သံသရာထိ သယ်မသွားချင်တော့ဘူး"

တိုးရှသော အသံတို့သည် တဖြည်းဖြည်း အသံလှိုင်းငယ်လေးတစ်အစုဖြစ်သာ တိုးဝင်ပျောက်ကွယ်သွားပြီး ဘုံ မျက်ဝန်းတို့သည် ခပ်ဖြည်းဖြည်း ပိတ်၍သွားလေသည်။

BURMESE CLASSIC

"ဘုံ ဘုံ"

ငယ်စဉ်ကတည်းက အတူနေလာသော သံယောဇဉ်သည် လရောင်ရင်ထဲမှာ ခိုင်မာစွာ အမြစ်တွယ်လျက် ရှိနေမှတော့ ရင်ထဲက တဒင်္ဂ မုန်းနေခဲ့သော အမုန်းတွေသည်လည်း ဘယ်မှာလာခိုင်ခန့်တော့မှာလဲ။ ထို့အတူ ကြေကွဲလောင်မြိုက်ခြင်းတွေလဲ ဘယ်တော့မှ ဆုံးနိုင်တော့မည်မဟုတ်။

"ဘုံ နင်ပြောတော့ ငါ့ကို တစ်သက်လုံး အနိုင်ယူနေမှာဆိုနင် မသေပါနဲ့ဦး ဘုံရာ၊ နင့်ရဲ့ အနိုင်လိုသမျှတွေ ဟန်ဆောင် အမုန်းတွေအောက်မှာ ငါနေသားကျနေပြီးသားပါ၊ ငါနင့်ကို မမုန်းပါဘူး နင့်ကို





ငါ မမုန်းတော့ပါဘူး ဘုံရယ်"

လရောင် အသက်ပျောက်နေသော ဘုံ့ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲအပ်ကာ ယူကျုံးမရ ငိုကြွေးမိသည်။

ဘေးမှာရှိနေသော အန်ကယ်ခိုင် ဒေါ်ကေသီနှင့် လေချိုပါ ဘာဝရ ထွက်ခွာသွားသော ဘုံ့အတွက် စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပင်ဖြစ်၏။ လေချို အသက်မဲ့ကာ အေးစက်နေသော ဘုံ့လက်ကို ဆုပ်ကိုင်လိုက်ပြီး

"ဘုံရယ် ရှင်က လရောင်ရဲ့ အချစ်တစ်ခုတည်းကိုပဲ မရခဲ့တာပါ။ လရောင်နဲ့ ပတ်သက်လာရင် သူ့တစ်ဘဝလုံးတာဝ်မဟုတ်ဘူး လရောင်ရဲ့ ဝင်သက်ထွက်သက်တိုင်းကိုပါ ရှင် ပိုင်ဆိုင်ခဲ့ရတဲ့ သူပါ"

"ဘုံ နင့်ရဲ့ သံသယတွေနဲ့ ငါ့ကို တစ်ဘဝလုံး အကျဉ်းချသွားတာလားဟာ ငါ ငါလေ နင့်ရဲ့ နောက်ဆုံးထွက်သက်အထိ နင့်အပေါ်မှာ တာဝန်ကျေကျေ ရှိုးသားခဲ့ပါတယ်ဟာ"

"စိတ်ကို ဖြေလိုက်ပါတော့ ကို သူ့ရင်ထဲမှာ ကို့ကိုချစ်တဲ့ စိတ်ကလေးတစ်ခု ခပ်တိတ်တိတ် ခိုဝင်နေတာကို သူကိုယ်တိုင် ဝန်ခံခဲ့မှတော့ သူနဲ့ကို့ကြားမှာ သံသယဆိုတာတွေလည်း မရှိလောက်တော့ပါဘူး သူ့မာနကြောင့် သူ့အချစ်တွေပြန်ပြီး အဆိပ်သင့်ခဲ့ရပေမယ့် သူ့ရင်ထဲက ကိုဟာ ဘယ်တော့မှ မဆိတ်သုဉ်းနိုင်တဲ့ လတစ်စင်းဖြစ်ခဲ့မှာပါ"

လေချို့ ချွေးသိပ်မှုတွေသည် လရောင်၏ ဝမ်းနည်းခြင်းတွေကို



www.burmeseclassic.com

ပို၍ ဝမ်းနည်းစေ၏။

"သူ့အတွက် ဒီတစ်ကြိမ်လေးတော့ ငိုခွင့်ပြုပါ လေချိုရယ်"

လရောင်၏ မျက်ရည်စက်တို့သည် ဘုံ့ပါးပြင်ပေါ်မှ စိုစွတ်နွေးထွေးဆဲ ရှိနေသေးသည့် မျက်ရည်တို့နှင့် ရောထွေးကုန်ကျလေသည်။

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး

ဖျူးတာဓပ